# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ စနေနေ့ (21-11-2015) (၈၃၉၁)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်မည်

ကွာလာလမ်ပူ နိုဝင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် မလေးရှားနိုင်ငံသို့ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် မလေးရှားနိုင်ငံသို့ ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြစဉ်။ (မြန်/ဆက်)

## လာမည့်နှစ်မှစ၍ မြန်မာနိုင်ငံ၌ နစ်ဆန်းကားများ မလေးရှားအခြေစိုက်ကုမ္ပဏီက ဖြန့်ဖြူးရောင်းချမည်

မြန်မာနိုင်ငံ၌ နစ်ဆန်းမော်တော်ကားများ သီးသန့်ဖြန့်ဖြူးရောင်းချခွင့်အား မလေးရှားနိုင်ငံအခြေစိုက် Tan Chong Motor Holdings Bhd (TCM) ကုမ္ပဏီသို့ ပေးအပ်လိုက်ကြောင်း The Star Online ဝက်ဘ်ဆိုဒ်တွင် ရေးသားထားသည်။

မြန်မာနိုင်ငံတွင် နစ်ဆန်းမော်တော်ကားများရောင်းချပြီး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် Nissan Motor Co.,Ltd. က Tan Chong Motor (Myanmar) Co.,Ltd. သို့ သီးသန့်အခွင့်အရေးပေးအပ်လိုက်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်များတွင် နစ်ဆန်းကားများရောင်းချရန် အရောင်းကိုယ်စားလှယ်များ ခန့်အပ်ခွင့်နှင့် ရောင်းချပြီးကားများအား ဝန်ဆောင်မှု ဆောင်ရွက်ပေးရန်တို့ပါဝင်သည်။ မြန်မာနိုင်ငံရှိ နစ်ဆန်းကားအရောင်းကိုယ်စားလှယ်များ ခန့်အပ်မှုသက်တမ်းမှာ ငါးနှစ်ကာလ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

သုတ

ထုတ်ပြန်ရန်ကျန်ရှိသော ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၈




**ကြေးမုံစာတည်းရှုထောင့် ၂၁-၁၁-၂၀၁၅၊ စနေနေ့**

# မဖြစ်မနေပြောင်းလဲသင့်

မြန်မာနိုင်ငံတွင် ကွန်ပျူတာစနစ်စတင်ကျင့်သုံးခဲ့သည်မှာ ဆယ်စုနှစ်နှစ်ခုကျော်ပြီဖြစ်သည်။ အိုင်စီတီနည်းပညာကျင့်သုံးခဲ့သည်မှာလည်း ဆယ်စုနှစ်တစ်ခုကျော်ပြီဖြစ်သည်။ ထိုကဲ့သို့ ကျော်လွှားခဲ့ပြီဖြစ်သော်လည်း ကွန်ပျူတာအများသုံးစနစ်ကို တက်လှမ်းနိုင်ခြင်းမရှိသေးချေ။ အပြောင်းအလဲတစ်ခုကို မဖြစ်မနေပြောင်းလဲ ဆောင်ရွက်ခဲ့ခြင်းမရှိသောကြောင့် ကောင်းမွန်သောအနာဂတ်သစ်တစ်ခုကို မရောက်ရှိနိုင်ခြင်းဖြစ်သည်။

ပြောင်းလဲတိုးတက်ခြင်းအတွက် အဟန့်အတားတစ်ခုမှာ လက်ရှိအနေအထားတစ်ခုတွင်သာ ကျေနပ်နေခြင်းဖြစ်သည်။ မည်သည့်နယ်ပယ်တွင်မဆို အပြောင်းအလဲတစ်ခုကို ကျော်ဖြတ်ရာ၌ အခက်အခဲများစွာရှိတတ်သည်။ ထိုအခက်အခဲကို ကျော်ဖြတ်လိုခြင်းမရှိဘဲ နေမြဲအတိုင်းသာနေလိုသဖြင့် အောင်မြင်မှုနှင့်အလှမ်းဝေးနေရခြင်းဖြစ်သည်။

တိုးတက်သောနိုင်ငံများတွင် အိုင်စီတီနည်းပညာဖွံ့ဖြိုးပြီး ယင်းကိုအခြေပြု၍ နယ်ပယ်အားလုံးတွင် ထိရောက်တွင်ကျယ်စွာ အလျင်အမြန်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အိုင်စီတီနည်းပညာအောက်တွင် စနစ်တစ်မျိုးတည်းသာရှိသည်။ စနစ်တစ်မျိုးတည်းအောက်တွင် အားလုံးပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

ယခုလက်ရှိကာလအထိ ကွန်ပျူတာကို ကိုင်တွယ်အသုံးပြုကြရာတွင် Win စနစ်ကိုသာ အသုံးပြုကြသည်။ မိုဘိုင်းအသုံးပြုကြရာတွင် Zawgyi စနစ်ကို အသုံးပြုကြသည်။ ယင်းစနစ်နှစ်မျိုးသည် လက်ရှိကာလအထိ အဆင်ပြေချောမွေ့နေသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်ခံအသုံးပြုနေကြသည်ကို တွေ့ရသည်။ မည်သူမျှ ပြောင်းလဲလိုခြင်းမရှိကြောင်းသိရသည်။

အဆိုပါ Win စနစ်၊ Zawgyi စနစ်ဆိုသည်မှာ မြန်မာနိုင်ငံမှ ကွန်ပျူတာပညာရှင်အချို့က မြန်မာနိုင်ငံသားများ အလွယ်တကူအသုံးပြုနိုင်ရန် တီထွင်ဖန်တီးခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာအသုံးပြုသူများ ထိုစနစ်ဖြင့် အသားကျသွားသောအခါ နောက်ထပ်စနစ်တစ်ခုကို ပြောင်းလဲအသုံးပြုလိုခြင်းမရှိချေ။ အဆင်ပြေသည့် စနစ်ဟောင်းတွင်သာ ကျေနပ်ခဲ့ကြသည်။ အမှန်မှာ ထိုစနစ်များမှာ နိုင်ငံတကာသုံးစနစ်မဟုတ်ချေ။

ဆယ်စုနှစ်တစ်ခုမတိုင်ခင်က နိုင်ငံတကာသုံး ယူနီကုတ်စနစ်ကို ပြောင်းလဲအသုံးပြုနိုင်အောင် အစိုးရက ဦးဆောင်ခဲ့သည်။ ဝန်ကြီးဌာနအများစုတွင်သာ ထိုစနစ်ကိုအသုံးပြုခဲ့ကြပြီး ကျန်နယ်ပယ်အားလုံးတွင်မူ စနစ်ဟောင်းအတိုင်းသာ အသုံးပြုနေဆဲဖြစ်သည်။ လက်ငင်းကာလအတွင်း အသုံးပြုရန်မတွင်ကျယ်သဖြင့် တွင်ကျယ်နေဆဲ လက်ရှိစနစ်ကို မစွန့်လွှတ်ကြခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာသုံး၊ အများသုံးယူနီကုတ်စနစ်ကို မဖြစ်မနေပြောင်းလဲအသုံးပြုကြရန် လိုအပ်ပေသည်။ ယူနီကုတ်စနစ်ကို အစိုးရဌာနများသာမက မြန်မာတစ်နိုင်ငံလုံးရှိ နယ်ပယ်အသီးသီးတွင်ပါ လက်ခံအသုံးပြုလာအောင် စိတ်ရှည်ရှည်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယူနီကုတ်စနစ်ပြောင်းလဲရေးကို နိုင်ငံတော်က ဦးစီးဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ လက်တွေ့တွင် နိုင်ငံတော်က ဆောင်ရွက်ပေးနေသော်လည်း မပြောင်းလဲခြင်းကို အဖြေရှာကြရမည်ဖြစ်သည်။

အပြောင်းအလဲဆိုသည်မှာ အခိုက်အတန့်အားဖြင့် အခက်အခဲရှိနိုင်သော်လည်း အချိန်အတိုင်းအတာတစ်ခုအရောက်တွင် အဆင်ပြေချောမွေ့သွားနိုင်ပေသည်။ ထိုအခိုက်အတန့်ကို ကျော်လွှားနိုင်ရန်မှာ စိတ်ရှည်သည်းခံဆောင်ရွက်ကြရမည်။ ယူနီကုတ်ကိုအခြေခံသည့် သတင်းအချက်အလက်နည်းပညာ အခြေခံကောင်းများရှိထားခြင်းသည် မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည်ကို နားလည်သိရှိထားပြီး မဖြစ်မနေဆောင်ရွက်သွားလျှင် မျှော်မှန်းချက်သို့ရောက်ရှိနိုင်သည်။

ပြည်တွင်းစံနှုန်းများနှင့် ကျေနပ်မနေသင့်ဘဲ နိုင်ငံတကာစံနှုန်းများသို့ ဝင်ရောက်လိုလျှင် မြန်မာယူနီကုတ်စနစ်သို့ ပြောင်းလဲကြရမည်ဖြစ်သည်။ နှစ်ကာလကြာမြင့်အောင် စွဲမြဲလာခဲ့သောစနစ်တစ်ခုကို ပြောင်းလဲရန်မှာ မလွယ်ကူသော်လည်း မဖြစ်မနေပြောင်းလဲခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော အနာဂတ်ကို ဝိုင်းဝန်းတည်ဆောက်ဖန်တီးနိုင်ကြစေရန် တိုက်တွန်းအပ်ပါသည်။ ။

## တိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ကမ်းရိုးတန်းသွားသင်္ဘောများ၏ လိုအပ်သော ပစ္စည်းကိရိယာများပြည့်ဆည်းပြသ



**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကမ်းရိုးတန်းသွားသင်္ဘောများ၏ သဘောသဘာဝနှင့် ကမ်းရိုးတန်းသွားသင်္ဘောသားများ၏ သွားလာလှုပ်ရှား ဆောင်ရွက်နေမှုများကို ပြည်သူများလေ့လာနိုင်ရေး ကမ်းရိုးတန်းသွားသင်္ဘောများ၏ လိုအပ်သော ပစ္စည်းကိရိယာများကို ဖြည့်ဆည်းသွားရန်လိုအပ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နိုဝင်ဘာ ၁၈ ရက်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ လာရောက်စဉ် မှာကြားခဲ့သည်။

ထို့အပြင် သင်္ဘောဘေးပတ်လည် ရေနေဇရိယာများအတွင်း၌လည်း အလှမွေးငါးမျိုးစုံ စိုက်ထည့်မွေးမြူခြင်းဖြင့် မြစ်ပြင်ရှုခင်း သဘာဝအလှတရားများအတိုင်း ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ကမ်းရိုးတန်းသွား သင်္ဘောပေါ်ရှိ သင်္ဘောကုန်းပတ်၊ ကုန်တင်ကုန်ချခန်း၊ အင်ဂျင်ခန်း၊ စလင်းခန်း၊ နားနေခန်းနှင့် အိပ်ခန်းများကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းရန်၊ ပြည်သူများ လွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရန်၊ ကျောင်းသားလူငယ်များ ဗဟုသုတရှာမှီးနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တိုင်းရင်းသားဝန်ထမ်းများအနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး လာရောက်ကြည့်ရှုလေ့လာသူ မိဘပြည်သူများအား မိမိတို့၏ ရိုးရာအသုံးအဆောင်၊ အဝတ်အစား၊ အစားအစာများနှင့် မိမိတို့၏ နေထိုင်မှုပုံစံများကို ထဲထဲဝင်ဝင် သိမြင်နိုင်စေရန် ရှင်းလင်းပြသရန် လိုအပ်ပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ယခုလိုပြသရသည့်အတွက်လည်း ဂုဏ်ယူနေကြရမည်ဖြစ်သည်။ **(ကြေးမုံ)**




## ကျိုက်ထို၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

**ကျိုက်ထို နိုဝင်ဘာ ၂၀**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၁၅) ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စာကြည့်တိုက်ပြုစုပျိုးထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို လည်းကောင်း၊ ဘီးလင်းမြို့နယ် ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက စာပေပစ္စည်းထိန်းသိမ်းခြင်းနှင့် မျိုးတူစုခွဲခြားခြင်းကို လည်းကောင်း၊ ကျိုက်ထိုမြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က စာအုပ်စုဆောင်းခြင်း၊ တိုက်ပိုင်စာရင်းရေးသွင်းခြင်း၊ ငှားရမ်းခြင်းတို့ကို သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသားသင်တန်းသူများက မြို့နယ်ရုံးစာကြည့်တိုက်တွင် လက်တွေ့စာရင်းသွင်းဆောင်ရွက်ခဲ့ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်(ရွှေဈေး) - ၇၅၂၇၀၀ - ၇၅၃၇၀၀၊ မန္တလေး(ရွှေဈေး) ၇၅၂၀၀၀ - ၇၅၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၇၀/၇၈၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၇၀/၆၈၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၉၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၈၉. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၃. ၂၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၆. ၂၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၀. ၈၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၆၂၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၅၅. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၁. ၈၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၃၂. ၈၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၆. ၈၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ပျံကျဈေးသည်နှင့် အနေ့းယာဉ်လုပ်သားများအား ချေးငွေပေးအပ်

**ပေါက် နိုဝင်ဘာ ၂၀**

ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစီမံချက်အရ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ပျံကျဈေးသည်များနှင့် အနေ့းယာဉ်မောင်းလုပ်သားများအတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ဈေးသည် ၁၁၀ အတွက် စုစုပေါင်း ငွေကျပ် ၆၆ သိန်း ထုတ်ချေးခြင်းကို ယမန်နေ့ ညနေ ၃ နာရီက ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ထိုသို့ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသည့်အတွက် ပျံကျဈေးသည်များနှင့် အနေ့းယာဉ်မောင်း လုပ်သားများအနေဖြင့် အရင်းအနှီးတစ်ရပ်အဖြစ်ရရှိပြီး မိမိတို့လုပ်ငန်းများကို ပိုမိုဆောင်ရွက်လာနိုင်ကာ မိသားစုဝင်ငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အကြီးအကဲများ၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သော ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းတွင် များစွာ အထောက်အကူဖြစ်စေကြောင်း တွေ့ရသည်။

ယခု ပျံကျဈေးသည်များနှင့် အနေ့းယာဉ်မောင်း လုပ်သားများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တစ်နှစ်အတွင်း အပြေအကျေဆပ်ခြင်းဖြင့် နှစ်စဉ်သက်တမ်းတိုး ထုတ်ချေးပေးခဲ့ရာ ယခုစတုတ္ထအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)** ❑



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**☆ နိုင်ငံတော်သမ္မတမှ**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးရဲထွဋ်၊ ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများလိုက်ပါလာသော လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ရောက်ရှိရာ မလေးရှားနိုင်ငံ အမျိုးသမီး၊ မိသားစုရေးရာနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး YB Dato Sri Rohani Binti Abdul Karim နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Istana ဟိုတယ်သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# ပူးပေါင်းဆောင်ရွက်မှုထက် ပေါင်းစည်းမှုကိုအလေးပေးသည့် အာဆီယံအဖြစ် ပေါ်ထွန်းလာတော့မည်

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အာဆီယံကို ပူးပေါင်းဆောင်ရွက်မှုထက် ပေါင်းစည်းမှုကိုပိုပြီးအလေးထားဖော်ဆောင်သွားမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းအား ဆက်သွယ်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**ဦးအောင်လင်း**
**အမြဲတမ်းအတွင်းဝန်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

အာဆီယံ ထိပ်သီးအစည်းအဝေးကတော့ နိုဝင်ဘာ ၂၁ နဲ့ ၂၂ ရက်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဒီထိပ်သီးအစည်းအဝေးဟာ အင်မတန်ကို အရေးကြီးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီနှစ်ကုန်မှာ အာဆီယံကို နိုင်ငံတကာကနေပြီးတော့ အာဆီယံအသိုက်အဝန်းကြီးဆိုပြီး ဖြစ်ပေါ်လာမှာကို မြင်တွေ့နိုင်မယ့်အတွက် ဖြစ်ပါတယ်။

မနှစ်တုန်းက ကျွန်တော်တို့နိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူနေတဲ့ ကာလအတွင်း နေပြည်တော်ကြေညာချက်ကို ကြေညာပြီး အာဆီယံအသိုက်အဝန်းကြီး ပေါ်ပေါက်လာတဲ့အခါကျရင် ဘာတွေလုပ်မယ်ဆိုတာနဲ့ နောက်ပိုင်းမှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းကြီးအတွက်ကို အရေးကြီးတဲ့ အခြေခံအချက်အလက်ကို ရေးဆွဲပေးတဲ့ Centeral element လို့ခေါ်တဲ့ အာဆီယံရဲ့ အနာဂတ်ကိုဖော်ဆောင်မယ့် အခြေခံအချက်အလက်တွေကို ကျွန်တော်တို့အနေနဲ့ နေပြည်တော်ကြေညာချက်ကနေ ကြေညာခဲ့ပါတယ်။

အဲဒီကြေညာချက်ကို အခြေခံပြီး ဒီနှစ်ထဲမှာ အစည်းအဝေးများစွာ ကျင်းပပြီးတော့ ရတဲ့အချက်အလက်တွေကနေ အာဆီယံအသိုက်အဝန်းကြီးကို ထူထောင်မယ်၊ အာဆီယံအသိုက်အဝန်းထူထောင်ပြီးကာလမှာ ဘာတွေဆက်လုပ်မယ်ဆိုတဲ့ လမ်းပြမြေပုံကြီးကိုလည်း ဒီနှစ် အာဆီယံထိပ်သီးအစည်းအဝေးမှာ ကြေညာ



**ဦးအောင်လင်း။**

သွားဖို့ ရှိပါတယ်။ အရေးကြီးတဲ့ ကွန်ဗင်းရှင်း သဘောတူညီချက် လက်မှတ်ထိုးဖို့လည်း ရှိပါတယ်။ အဲဒါကတော့ လူကုန်ကူးမှုတားဆီးရေးနဲ့ပတ်သက်တဲ့ အာဆီယံကွန်ဗင်းရှင်းဖြစ်ပါတယ်။ အာဆီယံခေါင်းဆောင်ကနေပြီးတော့ အရေးတယူ ဆောင်ရွက်ရမယ့် အချက်အလက်တွေကို ဖော်ပြထားတဲ့ ကွန်ဗင်းရှင်းတစ်ခုကို အာဆီယံ ခေါင်းဆောင်တွေက လက်မှတ်ထိုးကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အာဆီယံအသိုက်အဝန်းကြီး ပေါ်ပေါက်လာတဲ့အခါ မြန်မာနိုင်ငံဟာ ကျန်တဲ့နိုင်ငံတွေနည်းတူ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

ဒါပေမယ့် ပေါ်ပေါက်လာမယ့် အာဆီယံဟာဆိုရင် အစိုးရအဖွဲ့အစည်းတွေနဲ့ပဲ ဆက်သွယ်နေတဲ့ အဖွဲ့အစည်းတစ်ခု မဟုတ်တော့ဘဲ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ပြည်သူအချင်းချင်းကနေပြီးတော့ ဆက်သွယ်မယ့် အဖွဲ့အစည်းဖြစ်လာမယ့် အာဆီယံဖြစ်လာမှာပါ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က စပြီးတော့ ပေါ်ပေါက်လာမယ့် အာဆီယံဟာဆိုရင် ပူးပေါင်းဆောင်ရွက်မှုထက် ပေါင်းစည်းမှုကို ပိုပြီးတော့အလေးထားဆောင်ရွက်မယ့် အာဆီယံအနေနဲ့ နိုင်ငံတကာကနေ သိလာမှာဖြစ်ပါမယ်။ **သတင်းအဖွဲ့၊ ဓာတ်ပုံ-ဇာနည်**

# ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးဆိုင်ရာဆုပေးပွဲအခမ်းအနားနှင့် ညစာစားပွဲကျင်းပ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၀**

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးဆိုင်ရာဆုပေးပွဲအခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Shangri-La ဟိုတယ်၌ ကျင်းပရာ အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ASEAN Business Advisory Council 2015 ဥက္ကဋ္ဌ ဖြစ်သူ Tan Sir Dato Dr. Mohd Munir Abdul Majid က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးရဲထွဋ်တို့က ASEAN Business Awards 2015 ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ASEAN Business Advisory Council 2015 ဥက္ကဋ္ဌက တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း** ASEAN Business Awards 2015 **ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(ဓာတ်ပုံ ပြန်/ဆက်)

**၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးဆိုင်ရာဆုရရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(ဓာတ်ပုံ-ပြန်/ဆက်)




**✳ ရွှေ့ဖုံးမှ**

ဖြစ်ပြီး သက်တမ်းကုန်ပါက သက်တမ်းတိုးဖွယ်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နစ်ဆန်းကားများဖြန့်ဖြူးမှုကို လာမည့်နှစ်လယ်၌စတင်ရန် မျှော်မှန်းထားကြောင်း မလေးရှားနိုင်ငံ၌ နစ်ဆန်းခရီးသည်တင်ကားနှင့် စီးပွားရေးလုပ်ငန်းသုံး အပေါ့စားကားများ သီးသန့်ဖြန့်ဖြူးခွင့်ရထားသည့် TCM ကုမ္ပဏီက ဆိုသည်။

မြန်မာနိုင်ငံတွင် နစ်ဆန်းကားများဖြန့်ဖြူးမှုကို ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့၌ TCM အုပ်စု၏ နီဆန်းကားများ ဖြန့်ဖြူးမှုဆောင်ရွက်ချက်များမှ စုပေါင်းညှိနှိုင်းဆောင်ရွက်မှုများအပေါ် အခြေတည်လုပ်ဆောင်မည်ဟုသိရသည်။ ပဲခူးတိုင်းဒေသကြီးတွင် ဧက ၅၀ ရှိ မော်တော်ကား တပ်ဆင်ရေးစက်ရုံတစ်ရုံ တည်ဆောက်မည့်အစီအစဉ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် TCM ကုမ္ပဏီက ကြေညာခဲ့သည်။ ကနဦးထုတ်လုပ်မှုစွမ်းရည် တစ်နှစ်လျှင် ကားစီးရေ ၉၁၀၀ ထိ ထုတ်လုပ်နိုင်ရန် အစီအစဉ်ရေးဆွဲထားသည့် ယင်းစက်ရုံတည်ဆောက်မှုကို တစ်နှစ်အတွင်း စတင်ရန်နှင့် ၂၀၁၆ ခုနှစ် မတိုင်မီပြီးစီးရန် စီစဉ်ခဲ့သည်။ စက်ရုံနှင့် အရောင်းပြခန်း တည်ဆောက်မှုအပါအဝင် ကနဦးပထမသုံးနှစ်အတွက် TCM အုပ်စု၏ စုစုပေါင်းမတည်ရင်းနှီးငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ရှိမည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

**(The Star Online)**

# သူလျှိုလုပ်သည်ဟု သံသယရှိသည့် နိုင်ငံခြားသားအား တရုတ်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးထား

**ရှန်ဟိုင်း နိုဝင်ဘာ ၂၀**

တရုတ်နှင့် မြောက်ကိုရီးယားနယ်စပ်အနီး၌ သူလျှိုလုပ်သည်ဟု သံသယရှိသည့် နိုင်ငံခြားသားတစ်ဦးအား တရုတ်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း၊ ၎င်းဝတ်ဆင်ထားသည့် အတွင်းခံအဝတ်အစားအောက်တွင် လက်ဖြင့်ရေးဆွဲထားသည့် နယ်စပ်တစ်လျှောက်ရှိ စစ်ဘက်စခန်းများတည်နေရာပြ မြေပုံကိုတွေ့ရှိပြီးနောက် ဖမ်းဆီးခြင်းဖြစ်ကြောင်း တရုတ်စစ်ဘက်က ထုတ်ဝေသည့် သတင်းစာ၌ နိုဝင်ဘာ ၁၉ ရက်က ဖော်ပြသည်။

သူလျှိုအဖြစ် သံသယမကင်းသူအား အောက်တိုဘာလကုန်ပိုင်းတွင် ကျီလင်းပြည်နယ်၌ လယ်သမားတစ်ဦး၏ သတင်းပေးမှုအရ ဖမ်းဆီးမိခြင်းဖြစ်ကြောင်း၊ ၎င်းထံတွင် အင်အားကောင်းသော မှန်ပြောင်းတစ်လက်နှင့် စစ်ဘက်ဆိုင်ရာ အသုံးအဆောင်များအား ရိုက်ကူးထားသည့် ဓာတ်ပုံများပါရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ဖမ်းဆီးရမိသည့်သူမှာ မည်သည့်နိုင်ငံသားဖြစ်ကြောင်း ဖော်ပြခြင်းမရှိပေ။

ယခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း၌ ဂျပန်လူမျိုးအချို့အား သူလျှိုလုပ်မှုဖြင့် ဖမ်းဆီးခဲ့ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ပေကျင်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။ ဖမ်းဆီးခံရသူများအနေဖြင့် မည်သည့်ပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် မသိရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

သူလျှိုလုပ်ခြင်းနှင့် ထောက်လှမ်းရေး သတင်းအချက်အလက် ရယူစုဆောင်းခြင်း လှုပ်ရှားလုပ်ဆောင်ခြင်းများသည် မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ အနှံ့အပြားတွင် ဖြစ်ပွားလာခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**



# မာလီနိုင်ငံမြို့တော် ဘမ်မာကိုရှိ ဇိမ်ခံဟိုတယ်တစ်ခုကို အကြမ်းဖက်သမားများ ဝင်ရောက်စီးနင်း

**ဘမ်မာကို နိုဝင်ဘာ ၂၀**

မာလီနိုင်ငံမြို့တော် ဘမ်မာကိုရှိ 'ရက်ဒစ်ဆန်'ဟိုတယ်ကို အစ္စလာမ္မစ်အကြမ်းဖက်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး လူ ၁၇၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့ကြောင်း သတင်းများအရ သိရသည်။

စီးနင်းတိုက်ခိုက်မှုတွင် အနည်းဆုံး ဓားစာခံသုံးဦးသေဆုံးခဲ့ကြောင်း မာလီပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။ နံနက် ၇ နာရီဝန်းကျင်တွင် အကြမ်းဖက်သမား ၁၀ ဦးခန့်က ဟိုတယ်အဆောက်အအုံထဲသို့ သေနတ်များ အဆက်မပြတ်ပစ်ခတ်ကာ ဝင်ရောက်စီးနင်းခဲ့သဖြင့် ဟိုတယ်လုံခြုံရေးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဟိုတယ်လုံခြုံရေးအကြီးအကဲကဆိုသည်။

လုံခြုံရေးအရာရှိများက အကြမ်းဖက်သမားများစီးနင်းထားသော ဟိုတယ်အတွင်းသို့ ဓားစာခံများကို ကယ်တင်ခဲ့ရာ ဓားစာခံ ၈၀ နီးပါး ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

'ရက်ဒစ်ဆန်' ဟိုတယ်သည် အစိုးရဝန်ကြီးဌာနရုံးများနှင့် သံတမန်ရုံးများအနီးတွင် တည်ရှိသည်။ ယခုဟိုတယ်စီးနင်းမှုကို မည်သည့်အကြမ်းဖက်အဖွဲ့အစည်းက ကျူးလွန်ခဲ့သည်ကိုမူ မသိရသေးပေ။

ဟိုတယ်အတွင်း အကြမ်းဖက်သမားများဖမ်းဆီးခဲ့သော ဓားစာခံများတွင် ပြင်သစ်နှင့် တရုတ်နိုင်ငံသားများအပါအဝင် တူရကီလေကြောင်းလိုင်းမှ ဝန်ထမ်းခြောက်ဦးတို့ပါဝင်ခဲ့ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် အစ္စလာမ္မစ်အကြမ်းဖက်သမားများက အယ်လ်ခိုင်ဒါအဖွဲ့၏ အကူအညီဖြင့် မာလီနိုင်ငံမြောက်ပိုင်းသို့ အများဆုံးဝင်ရောက်ခဲ့သည်။ ပြင်သစ်ဦးဆောင်သည့်တပ်ဖွဲ့က ၎င်းတို့အား နိုင်ငံအတွင်းမှ ပြန်လည်တိုက်ထုတ်နိုင်ခဲ့သော်လည်း မြို့တော်ဘမ်မာကိုတွင် မကြာခဏ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်လျက်ရှိသည်။

**ရိုက်တာ။**

# တရုတ်-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုခင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်

**ပေကျင်း နိုဝင်ဘာ ၂၀**


တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် နယ်စပ်ဖြတ်ကျော် မှုခင်းများနှင့် အကြမ်းဖက်မှုများကို တိုက်ဖျက်ရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ရန်လိုအပ်ကြောင်း တရုတ်အဆင့်မြင့်အရာရှိ မီကျင်းရှောင်က ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အကြီးအကဲ မီကျင်းရှောင်က အိန္ဒိယပြည်ထဲရေးဝန်ကြီး ရာဂျ်နတ်ချ် ဆင်းဂ်နှင့် နိုဝင်ဘာ ၂၀ ရက်က ပေကျင်းတွင်တွေ့ဆုံစဉ် အထက်ပါသဘောထားမှတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရန်နှင့် ခရီးသွားများ၏ နယ်စပ်ဝင်/ထွက်ခွင့်များကို လွယ်ကူချောမောစေရန် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သင့်ကြောင်း မီကျင်းရှောင်က ပြောကြားခဲ့သည်။

အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် ဆန္ဒရှိကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီး ရာဂျ်နတ်ချ် ဆင်းဂ်က ဆိုသည်။

**ဆင်ဟွာ။**





# ဆီးရီးယားဒုက္ခသည်များအား လက်ခံရေးအစီအစဉ် ဆိုင်းငံ့ထားရန် အမေရိကန် အောက်လွှတ်တော်ဆုံးဖြတ်

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

လာမည့်နှစ်တွင် ဆီးရီးယားဒုက္ခသည် ၁၀၀၀၀ အထိ လက်ခံမည့် သမ္မတ ဘာရက်အိုဘားမား၏ အစီအစဉ်ကို ဆိုင်းငံ့ထားရန် ဖော်ပြသည့် ဥပဒေမူကြမ်းတစ်ရပ်ကို အမေရိကန် အောက်လွှတ်တော်က နိုဝင်ဘာ ၁၉ ရက်တွင် အတည်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ နိုဝင်ဘာ ၁၃ ရက်က အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် အဆိုပါ ဥပဒေမူကြမ်းကို ရီပတ်ဘလီကန် အမတ်များက အပူတပြင်း ရေးဆွဲခဲ့ခြင်းဖြစ်သည်။ သမ္မတ အိုဘားမားသည် ယင်းဥပဒေကို ဗီတိုအာဏာဖြင့် ပယ်ချမည်ဟု ခြိမ်းခြောက်ခဲ့သည့်ကြားမှ ထောက်ခံမဲ အပြတ်အသတ်ဖြင့် အောက်လွှတ်တော်တွင် အတည်ပြုနိုင်ခဲ့သည်။

ဆီးရီးယားဒုက္ခသည်များကို လက်ခံရေးတွင် ၎င်းတို့တစ်ဦးချင်းအနေဖြင့် အမေရိကန်ပြည်ထောင်စုအား လုံခြုံရေးအရ ဘေးအန္တရာယ်မပြုနိုင်ဟူသော အချက်နှင့်ပတ်သက်၍ ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)ညွှန်ကြားရေးမှူး၊ အမျိုးသားထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးနှင့် အမိမြေလုံခြုံရေးဝန်ကြီးတို့၏ ထောက်ခံအတည်ပြုချက်ရယူရန် အဆိုပါ ဥပဒေကြမ်းတွင် ဖော်ပြထားသည်။

ဥပဒေကြမ်းကို အောက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၂၈၉ မဲ၊ ကန့်ကွက်မဲ ၁၃၇ မဲ ရရှိသည်။

သမ္မတအိုဘားမား၏ မဟာမိတ် ဒီမိုကရက် အမတ် ၁၈၈ ဦးအနက် ၄၇ ဦးက အိမ်ဖြူတော်၏ အလိုဆန္ဒကို ဖီလာပြုကာ ဥပဒေကြမ်းကို ထောက်ခံခဲ့ကြသည်။

**ရိုက်တာ။**

# အာဆီယံနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးများကာလ မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူ၌ လုံခြုံရေးတင်းကျပ်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၀**

မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူ၌ ကျင်းပမည့် ထိပ်သီးအစည်းအဝေးများအတွက် အထူးလုံခြုံရေးစီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် အရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲများ တက်ရောက်ရန် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ခေါင်းဆောင်များ ကွာလာလမ်ပူမြို့သို့ ဆိုက်ရောက်လာကြပြီဖြစ်ရာ လုံခြုံရေးကို အထူးတင်းကျပ်ထားကြောင်း မလေးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ အစ္စလာမ္မစ် စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များ မလေးရှားနိုင်ငံ၌ ယခုရက်သတ္တပတ်ကုန်တွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ရောက်ရှိနေကြစဉ် လုံခြုံရေးဆိုင်ရာ အထူးစီမံချက်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း မလေးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

ထိပ်သီးဆွေးနွေးပွဲများ လုံခြုံရေးအတွက် ကြည်းတပ်တပ်ဖွဲ့ဝင် ၄၅၀၀ ခန့်ကို ဖြန့်ကြက်ထားပြီး ရဲတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာက ကွာလာလမ်ပူ မြို့လယ်ဒေသနှင့် အနီးတစ်ဝိုက်ဒေသများ၌ လုံခြုံရေး စောင့်ကြပ်မှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**



# မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် စံနမူနာယူဖွယ်ပြောင်းလဲမှုများကို ယခုတတိယကော်မတီတွင် မှန်မှန်ကန်ကန် ထင်ဟပ်ဖော်ပြသင့်

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၁၈ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသည့် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီအစည်းအဝေးတွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးခေါင်းစဉ်အောက်၌ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

သံအမတ်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံသည် သီးခြားရွေးထုတ်မှုမရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် နိုင်ငံရေးသွတ်သွင်းမှုကင်းခြင်း စသည့်အခြေခံမူများကို ဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံချင်းစီအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများကို ဆန့်ကျင်ကြောင်း၊ Universal Periodic Review (UPR) သည် နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေများကို တစ်ပြေးညီဆွေးနွေးသည့် အားထားဖွယ်အကောင်းဆုံး ယန္တရားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဂျီနီဗာမြို့တွင် ပြုလုပ်ခဲ့သည့် Universal Periodic Review (UPR) ပြန်လည်သုံးသပ်မှု ဒုတိယအကျော့တွင် တက်ကြွစွာပါဝင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများကို တစ်သမတ်တည်း ဆန့်ကျင်ကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သည့်မူနှင့်အညီ အထူးအစီရင်ခံစာတင်သွင်းသူအဆက်ဆက်နှင့် အတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုတို့၏ လုပ်ငန်းတာဝန်များ ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စေ့စပ်ညှိနှိုင်းသည့် စိတ်ဓာတ်အခြေခံဖြင့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို မဲခွဲရန်တောင်းဆိုခြင်းမှ ရှောင်ရှားခဲ့ကြောင်း။

မြန်မာနိုင်ငံအစိုးရက ကတိပြုထားသည့်အတိုင်း နိုဝင်ဘာ ၈ ရက်တွင် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပခဲ့ခြင်းသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသော ရှေ့ဆက်သည့် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ကြောင်း၊ သမိုင်းဝင်ရွေးကောက်ပွဲတွင် အဓိက နိုင်ငံရေးပါတီအားလုံး ယှဉ်ပြိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ လေ့လာသူများစွာ လေ့လာစောင့်ကြည့်ခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သော လေးနှစ်ကျော်မှ စတင်ခဲ့သည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၏ ရလဒ်ဖြစ်ကြောင်း။

အဆိုပါမူကြမ်းတွင် အပြုသဘောဆောင်သော တိုးတက်မှုအချို့ကို ကြိုဆိုဖော်ပြထားသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ကြိုးပမ်းမှုများနှင့် ထင်ရှားသောရလဒ်များကို လုံလောက်စွာ ဖော်ပြထားခြင်းမရှိကြောင်း။

ယင်းမူကြမ်းပါ အချက်အလက်အချို့ကို သဘောမတူကြောင်း၊ ဥပမာအားဖြင့် OP 3 တွင် မဲပေးခွင့်ရုပ်သိမ်းခြင်းနှင့် ကိုယ်စားလှယ်လောင်း အရည်အချင်းမပြည့်မီခြင်း၊ လူမျိုးရေးနှင့် ဘာသာရေးအခြေခံဖြင့် ဆောင်ရွက်သည်ဟု မှားယွင်းစွာဖော်ပြထားကြောင်း၊ ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ မိဘနှစ်ပါးစလုံး နိုင်ငံသားဖြစ်ရမည်ဟူသည့် သတ်မှတ်စံနှုန်းမပြည့်မီ၍သာ ဖြစ်ကြောင်း၊ အခြားနိုင်ငံများကဲ့သို့ပင် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်နှင့် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံနိုင်ခွင့်တို့သည် နိုင်ငံသားများကိုသာ အပ်နှင်းထားသည့်အခွင့်အရေးဖြစ်ကြောင်း။

OP 4 တွင် ပါရှိသည့် အချက်အလက်များသည် မြန်မာနိုင်ငံက ဆောင်ရွက်ပြီးသည့်ကိစ္စများဖြစ်ကြောင်း၊ ချောမွေ့ငြိမ်းချမ်းစွာ အစိုးရသစ် ကူးပြောင်းရေးအတွက် စေ့စပ်ညှိနှိုင်းရန် အားလုံးက သဘောတူပြီးဖြစ်ကြောင်း၊ OP 4 နှင့် OP 6 တို့သည် လူ့အခွင့်အရေး လုပ်ပိုင်ခွင့်တာဝန်ထက် ကျော်လွန်ပြီး နိုင်ငံတစ်နိုင်ငံအား မည်သို့သော နိုင်ငံရေးစနစ်ထားရှိရမည်ကို ညွှန်ကြားမှုပြုလုပ်ထားကြောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် သမိုင်းကြောင်း၊ အစဉ်အလာ၊ တန်ဖိုးထားချက်များ၊ လက်တွေ့အခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့်အညီ ကိုယ်ပိုင်နိုင်ငံရေးစနစ်အား ရွေးချယ်ပိုင်ခွင့်ရှိကြောင်း၊ သို့ဖြစ်၍ ကျူးကျော်စွက်ဖက်သော အသုံးအနှုန်းများ ပါဝင်သည့် OP 6 ကို လက်မခံကြောင်း။

OP 10 သည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များအား သိမ်းကျုံးဖော်ပြထားသည့် နှစ်စဉ်ပါရှိသော ပုံသေစာပိုဒ်တစ်ပိုဒ်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်အဆိုတင်သွင်းသူများ၏ သဘောထားသည် အမှန်တကယ် မြေပြင်တွင် ပြောင်းလဲမှုများနှင့် ကိုက်ညီအောင် ပြောင်းလဲမှုမရှိသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ထို့ကြောင့် OP 10 ကိုလည်း လက်မခံနိုင်ပါကြောင်း။

OP 12 တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများအပေါ် မလိုလားအပ်သည့် စိုးရိမ်မှုများကို ဖော်ညွှန်းထားကြောင်း၊ ယင်းဥပဒေများသည် မဖြစ်မနေလိုက်နာရသော ဥပဒေမျိုးမဟုတ်ဘဲ ဆန္ဒအလျောက်လိုက်နာရသော ဥပဒေများဖြစ်ကြောင်း၊ အတင်းအကြပ် ကိုးကွယ်ရာဘာသာ ကူးပြောင်းစေမှုကိုသာ အပြစ်ပေးခြင်းဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကို ပိုမိုအာမခံချက်ပေးထားကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် မြန်မာနိုင်ငံ၏ ပထဝီဝင်နှင့် လူဦးရေအနေအထား လိုအပ်ချက်တို့အရ ပေါ်ထွက်လာသည့် ဥပဒေဖြစ်ကြောင်း၊ ယင်းဥပဒေများသည် ပြည်တွင်း တရားစီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့်အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ခြင်း မရှိကြောင်း။

ဆုံးဖြတ်ချက်အဆိုတွင် "ရိုဟင်ဂျာ" အသုံးပြုထားမှုအားလုံးကို ကန့်ကွက်ကြောင်း၊ ယင်းအသုံးအနှုန်းသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုများတွင် မည်သည့်အခါမျှ မရှိခဲ့ဖူးကြောင်း၊ ယင်းအသုံးအနှုန်းအား ၎င်းတို့၏ ကိုယ်ပိုင်ရည်မှန်းချက်အတွက် တိုင်းရင်းသား၊ မျိုးနွယ်စုများတွင် ပါဝင်သည်ဟု လိမ်ညာတောင်းဆိုရန် ၁၉၅၀ ပြည့်လွန်နှစ်များမှစတင်၍ တီထွင်သုံးစွဲလာခြင်းသာဖြစ်ကြောင်း၊ ယင်းအသုံးအနှုန်းကို ဆက်လက်သုံးစွဲနေခြင်းသည် ပြည်သူများအကြား စိတ်ခံစားမှုများပြင်းထန်စေပြီး ထိခိုက်လွယ်သော ယင်းကိစ္စရပ်ကိုဖြေရှင်းရန် ကြီးမားသည့် အဟန့်အတားတစ်ခုဖြစ်စေကြောင်း။

OP 14 တွင် စာပိုဒ်ပါအကြောင်းအရာအများစုကို လက်မခံနိုင်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းနှစ်ခုအကြား တင်းမာမှုများအပေါ် စိုးရိမ်ပူပန်မှုများရှိနေသည်ကို နားလည်ကြောင်း၊ သို့သော် အဆိုပါဒေသရှိ အသိုက်အဝန်းနှစ်ခုစလုံး၏ သမိုင်းကြောင်းနှင့် နှစ်ဖက်ပြောကြားချက်များကို အထူးဂရုပြုလေ့လာမှသာ မျှတသည့် အကဲဖြတ်သုံးသပ်ချက် ရရှိမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာကပင် အသိုက်အဝန်းနှစ်ခုသည် အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့သည့် အစဉ်အလာရှိကြောင်း၊ အသိုက်အဝန်းနှစ်ခုအကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခသည် နှစ်ဖက်လုံးအတွက် စိတ်ဒဏ်ရာများကျန်ရှိစေခဲ့ကြောင်း၊ ခက်ခဲရှုပ်ထွေးသည့် ယခုကိစ္စသည် နေ့ချင်းညချင်း ဖြေရှင်းနိုင်သည့် ကိစ္စမဟုတ်ကြောင်း၊ ထို့ကြောင့် ယခုကိစ္စအား ပုံကြီးချဲ့ပြောဆိုခြင်းနှင့် နိုင်ငံရေးအတွက် အသုံးချမှုများသည် မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်စေနိုင်ကြောင်း။

OP 14 ပါ စာပိုဒ်တွင် ယင်းကိစ္စဖြေရှင်းရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ ထင်ဟပ်ခြင်းမရှိကြောင်း၊ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်မှစတင်၍ ပဋိပက္ခအသစ်များ ထပ်မံပေါ်ပေါက်ခြင်းမရှိတော့ကြောင်း၊ နိုင်ငံသားဖြစ်လိုသည့် မည်သူမဆို နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်စိစစ်ခံနိုင်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမပြုရန် ပြင်ပမှ ဝင်ရောက်စွက်ဖက်ဖိအားပေးမှုများသည်လည်း လုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေပါကြောင်း၊ အခက်အခဲစိန်ခေါ်မှုများကြားမှပင် လူပေါင်း ၉၀၀ ကျော်နှင့် မိသားစုဝင်များကို နိုင်ငံသားဖြစ်ခွင့် ပေးအပ်ခဲ့ကြောင်း၊ အိမ်ထောင်စုပေါင်း ၂၀၀၀ ကျော်ကို ပြန်လည်နေရာချထားပေးပြီး ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် လက်ထပ်ထိမ်းမြားခြင်းသို့မဟုတ် ကလေးမွေးဖွားခြင်းတို့အပေါ် ကန့်သတ်ပိတ်ပင်ထားသည့် မူဝါဒမရှိကြောင်း၊ ယင်းအချက်ကို ပျမ်းမျှမိသားစုတစ်စုတွင် လူဦးရေ ၅၀ ခန့်ရှိသည်ကို တွေ့မြင်ရခြင်းက သက်သေပြလျက်ရှိကြောင်း၊ သို့ဖြစ်၍ OP 12 နှင့် OP 14 ပါအချက်များကို ပြင်းထန်စွာ ခွင်းချက်ပြုခြင်းဖြစ်ကြောင်း။

OP 15 ပါ ဖော်ပြချက်များသည် မြန်မာနိုင်ငံက နိုင်ငံတကာကူညီထောက်ပံ့ရေးအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လုံးဝလက်မခံသကဲ့သို့ ဖြစ်နေကြောင်း၊ ရခိုင်ပြည်နယ်ကဲ့သို့ အကူအညီပေးရေးအေဂျင်စီ အများအပြားလုပ်ကိုင်နေသည့် အခြားပြည်နယ်မရှိကြောင်း၊ အဆိုပါဒေသတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ သောက်သုံးရေရရှိမှု စသည်တို့ကို ကူညီဆောင်ရွက်ပေးနေပါကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် တတ်နိုင်သည့် အတိုင်းအတာအထိသာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ အသိုက်အဝန်းနှစ်ခု သဟဇာတဖြစ်သည့်နေရာတွင် လွတ်လပ်စွာသွားလာမှုအပေါ် ကန့်သတ်ချက်မရှိကြောင်း။

ဖွံ့ဖြိုးရေးနှင့် ပညာရေးတို့သည် ပြဿနာ၏ အကြောင်းအရင်းကို ဖြေရှင်းရေးအတွက်သာမက နှစ်ဖက်အသိုက်အဝန်းထံမှ ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် အရေးကြီးကြောင်း၊ နိုင်ငံတကာ အကူအညီများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီမှ ဖွံ့ဖြိုးရေးအကူအညီအဖြစ် ပြောင်းလဲတိုးတက်ပေးအပ်ရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့၏ တိုက်တွန်းအားပေးမှုကို ကြိုဆိုကြောင်း။

အထူးအစီရင်ခံစာ တင်သွင်းသူ၏ နောက်ဆုံး မြန်မာနိုင်ငံခရီးစဉ်တွင် ရာသီဥတုအခြေအနေကြောင့် ရခိုင်ပြည်နယ်သို့ သွားရောက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ အဆိုပါရုံး၏ လုပ်ငန်းတာဝန်အပေါ် နှစ်ဖက်စလုံးမှ သဘောတူညီချက်ရှိရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အိမ်ရှင်နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းတွင် များစွာခရီးပေါက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံတွင် အတိတ်ကာလထက် များစွာပိုမို၍ ပွင့်လင်းမှုနှင့် လွတ်လပ်မှုရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းမှ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်လက်၍ အကူအညီပေးရန် အဆိုပါမူကြမ်းတွင် နိဂုံးချုပ်တိုက်တွန်းထားချက်ကို ကြိုဆိုပါကြောင်း။

အဆိုပါမူကြမ်း၏ အပိုဒ် ၂၀ တွင် အတွင်းရေးမှူးချုပ်က အထူးအကြံပေးပုဂ္ဂိုလ်၏ အနာဂတ်လုပ်ငန်းတာဝန်နှင့် ပတ်သက်၍ အစီရင်ခံစာ A/70/332 တွင် ပါဝင်သည့် ဖော်ပြချက်များကို အလေးဂရုပြုရန် တောင်းဆိုထားခြင်းမှာ ထူးခြားသည့် တောင်းဆိုချက်သစ်တစ်ခု ဖြစ်ကြောင်း၊ အတွင်းရေးမှူးချုပ်ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကျိုးဆောင်ရုံး၏ လုပ်ပိုင်ခွင့်ကို ၂၀၁၆ ခုနှစ်အကုန်တွင် တဖြည်းဖြည်းလျှော့ချသွားရေးအပါအဝင် ယင်းလုပ်ပိုင်ခွင့်အပေါ် အကဲဖြတ်သုံးသပ်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းထားကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် စံနမူနာယူဖွယ်ပြောင်းလဲမှုများကို ယခုတတိယကော်မတီတွင် မှန်မှန်ကန်ကန် ထင်ဟပ်ဖော်ပြသင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်သူပြည်သားအားလုံးအတွက် ပိုမိုကောင်းမွန်သည့် လူ့အခွင့်အရေးဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတစ်နိုင်ငံချင်းကို ဦးတည်သည့် အဆိုပါမူကြမ်းတင်သွင်းခြင်းကို အဆုံးသတ်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ကုလသမဂ္ဂနှင့် အတူတကွ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

OP ဆိုသည်မှာ Operative Paragraph (ဆောင်ရွက်ရန်တိုက်တွန်းသည့် အပိုဒ်) ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပစဉ်။

**မြန်မာနိုင်ငံသည် သီးခြားရွေးထုတ်မှုမရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် နိုင်ငံရေးသွတ်သွင်းမှုကင်းခြင်း စသည့် အခြေခံမူများကို ဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံချင်းစီအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများကို ဆန့်ကျင်။**

# မိခင်ရင်ခွင်သို့ အပြန်

မြင့်မြတ်ဇော်



ဟေမန္တရာသီ၏ နံနက်ဝေလီဝေလင်းဖြစ်သည်။ ကော့သောင်းမြို့မှ ထွက်ခွာလာသော အမြန်ယာဉ်မှန်လုံကားကြီးသည် မှန်မှန်ခရီးနှင်လျက်ရှိ၏။ မြို့ပြင်သို့အထွက် မှုန်ရီဝိုးတဝါး ဆောင်းဝတ်ရုံမြူနှင်းများနှင့် ဖွဲ့သိုင်းခြုံလျက်။ နှင်းခွဲနေသည် ပါးလျားစပြုလေပြီ။ ဆောင်း၏ နံနက်ခင်းသည် နှင်းထုကိုဖယ်ရှားပြီး အလင်းအားကို ယူနေချိန်ဖြစ်၏။

ကျွန်တော်သည် ဆီးနှင်းပေါက်တို့ ကြွေကျထားသဖြင့် မှုန်ရီမှိုင်းနေသော ကားကြီး၏မှန်သားပြင်ကို ငေးမောကြည့်ကာ ကျောခိုင်းခွာခဲ့ရာ ကော့သောင်းမြို့လေး၏ အလှမ်းမဝေးသေးသော ပုံရိပ်ဆီသို့. . .။

ကျွန်တော်တို့ငယ်ငယ်တုန်းက မြန်မာပြည်မြေပုံဆွဲတိုင်း မြေပုံအမြီးအောက်ဆုံးမှာ အစက်ကလေးတစ်စက်ထည့်လိုက်ပြီး ကော့သောင်းဟု အမည်ထိုးခဲ့သော်လည်း ဒီမြို့လေးကို စိတ်ထဲမှာ စွဲစွဲကျန်ကျန်သိပ်မရှိလှပါ။ မြေပုံပေါ်မှာမှတ်ချက်ပေးပြီး ဖော်ပြဖို့ ထင်ရှားတဲ့ဒေသထွက်ကုန်နဲ့တိုင်းပြည်အတွက် အထောက်အပံ့ဖြစ်စေတဲ့ အကြောင်းအရာပေါ်မူတည်ပြီး လူတွေရဲ့စိတ်ထဲမှာ မြို့အမည်လေးတွေ စွဲကျန်လေ့ရှိကြပါတယ်။

ကော့သောင်းမြို့လေးကိုတော့ မြန်မာနိုင်ငံမြေပုံရဲ့တောင်ဘက်အစွန်းဆုံးမှာ တည်ရှိတယ်ဆိုတဲ့ အချက်လောက်နဲ့ မေ့မေ့ပျောက်ပျောက်ထားခဲ့ကြတာကြာပါပြီ။ သေးကွေးကြုံလှီတဲ့မြို့ငယ်လေးကို အုပ်ထိန်းသူမိဘတွေက တမင်ပစ်ထားတာမဟုတ်ပေမယ့် ငိုလွန်းတဲ့ကလေးတွေကို နို့ပိုတိုက်နေရတဲ့အတွက် အလုပ်ရှုပ်နေတာကြောင့် မြို့ပိန်ကလေးက ခပ်မဆိတ်နှုတ်ပိတ်လို့နေပါတယ်။

မြို့လေးတွေထဲမှာ နွေနဲ့မိုးသာရှိပြီး အနွေးထည်ဝတ်လေ့ဝတ်ထမရှိတဲ့မြို့လေးကို ကျွန်တော်ရောက်တုန်းက မြို့ပတ်ဝန်းကျင်ရှိ ကျွန်းကလေးတွေကို တပြန့်တပြော ပင်လယ်ပြင်ကြီးနဲ့ အရွယ်စုံကျောက်စိမ်းရိုင်းတုံးတွေ တင်ထားသလို တွေ့နေရပါတယ်။ သေချာကြည့်မှ ကျွန်းဆိုတာ တောမဟုတ်၊ တောင်မဟုတ်ပါလားလို့ သတိထားမိပါတယ်။ လေကြောင်းလမ်းနဲ့ ရေကြောင်းလမ်းသာ အသုံးများကြပြီး ကုန်းလမ်းဆက်သွယ်မှုနည်းပါးတဲ့ ဒီမြို့ကလေးဟာလည်း ကျွန်းစွယ်ကလေး တစ်ခုပါ။

ကျွန်တော့်အတွက် ကျွန်းမိန့်ချသူကတော့အဖေပါ။ အပေါင်းအသင်းတရှန်းရှန်းနဲ့ အမှိုက်စကျွန်တော့်ကို အဖေသူ့မျက်လုံးထဲက ဆွဲထုတ်တဲ့နေ့မှာ အမှိုက်စထွက်သွားတော့ မျက်ရည်ကျသူက အမေပါ။ "ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်ပြီလို့ ယုံကြည်တဲ့နေ့ရောက်မှ ငါ့လာတွေ့လို့" ပြောခဲ့တဲ့အဖေလည်း ရင်ဘတ်ထဲ မျက်ရည်ဝဲခဲ့မှာပါ။ သားအပေါ်အားမရခဲ့တဲ့ ဖခင်ရဲ့ရာဇသံနောက် တိတ်ဆိတ်စွာနဲ့ပဲ ယုံကြည်မှုဖိနပ်တစ်ရံ၊ ဆန္ဒဦးထုပ်တစ်လုံးနဲ့ မာနဝတ်စုံဝတ်ပြီး ငှက်တစ်သောင်းနားနိုင်တဲ့ သစ်ပင်ကောင်းဖြစ်မှ ပြန်လာမယ်လို့ ဇာတိမြို့လေးကို နှုတ်ဆက်ခဲ့လိုက်တယ်။ မိုင်ပေါင်းခုနစ်ရာကျော်ဝေးတဲ့ ကော့သောင်းဆိုတဲ့မြို့လေးကို ကျွန်တော်နံကြားလက်ညှိုးထောက်ပြီးရွေးခဲ့တာ မဟုတ်သလို "ကြိုဆိုပါ၏" ဆိုင်းဘုတ်ရှိနေလို့လည်းမဟုတ်ပါ။

ကာယကံရှင်ကိုယ်တိုင် ရွေးချယ်မှုကြောင့် ရောက်လာသူတွေရှိသလို တစ်စုံတစ်ဦးက လွှတ်ချလိုက်တာလိုလို၊ ကံတရားရဲ့လက်ထဲက လွတ်ကျလာတာလိုလိုနဲ့ ပုံစံမျိုးစုံရောက်လာသူတွေကိုလည်း မြို့လေးက ခပ်တည်တည်နဲ့ကြိုဆိုပါတယ်။ မြို့လေးကို အရပ်ပျက်မလေး နာမည်ထွက်အောင် ဇာတ်သွင်းသူသွင်း၊ အချိန်းအချက်လုပ်ပြီး မျက်စပစ်၊ ကန်သူတွေကကန်၊ ကြွေပန်းကန်လုံးထဲထည့်ခလောက်ပြီး စားပွဲပေါ်မှောက်သူက မှောက်နဲ့ မြို့လေးက ကြံ့ကြံ့ခံထားရတာပါ။ ပြည်မကြီးက လျှံကျလာတာကို တာတမံလုပ်ပေးနေရတဲ့ မြို့လေး ချွေးဒီးဒီးကျလို့။ မြို့ကလေးကို ချစ်တဲ့သူတွေက ကြိုဆိုပါ၏ဆိုတဲ့ ဆိုင်းဘုတ်ပေါ်မှာ "လာခြင်းကောင်းသော သင့်အား"ဆိုပြီး စာသားဖြည့်ဖို့ စဉ်းစားနေရပါပြီ။

လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း၊ ဘယ်လမ်းကပဲလာလာ ရည်ရွယ်ချက်က စိတ်တစ်ဖက်ရောက်နေရင် ခရီးမပေါက်မြောက်တော့ပါ။ မြို့လေးက ပါချန်မြစ်ခြားပြီး မျက်စပစ်လဲလျောင်းနေတဲ့ အမှည့်လွန်သစ်သီးအိမ်နီးချင်းကို သတိမလပ် စောင့်ကြည့်နေရပါတယ်။ အမြင်၊ အနံ့ မွှေးပေမယ့်ပေးလာတဲ့အကျိုးအပြစ်ကို အတွေ့အကြုံရှိသူတွေကသာသိနိုင်တာပါ။ ငိုကြီးချက်မနဲ့နောင်တပိုက်ပြီး မြို့လေးရဲ့ရင်ခွင်ထဲ ပြေးပြေးဝင်လာကြတာ သက်တော်ရှည် မြို့လေးကတော့ ဘယ်မေ့ပါ့မလဲ။

ကျွန်တော်ရောက်စတုန်းက ဆယ်ပြားစေ့သာသာ မြို့ပိန်လေးက လူသစ်တန်းအတွက်နေရာကျယ်ကျယ်မပေးနိုင်ခဲ့ပါ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရမယ်၊ သရဖူဆောင်းပြီး ပြည်တော်ပြန်အောင်ပွဲခံမယ်၊ လူစွမ်းလူစလူလုံးပြမယ်ဆိုတဲ့ လူငယ်တစ်ယောက်ရဲ့ လိုအင်တွေကို မထိန်းချုပ်နိုင်တဲ့နောက်ဆုံးတစ်နေ့ နယ်စပ်မြို့လေးဟာ ဘီလူးမလက် ရင်သွေးအပ်သလို၊ မဟော်သဓာဇာတ်တော်ထဲက မိခင်ရင်းအဖြစ်အပျက်နဲ့ ကျန်ရစ်ခဲ့ပါတယ်။

အလုပ်ကိုင်တ် ငွေကိုမက်တဲ့မွန်းကျပ်မှုဒဏ်ကိုမခံနိုင်လို့ အပြင်ဘက်ခေါင်းထွက်ပြီး အသက်ရှူသူတိုင်းဟာ ကိုယ်ခန္ဓာကတော့ ကျဉ်းကျပ်မှုဒဏ်ကိုခံရစမြဲပါ။ ဝင်သက်တစ်ရှိုက်ရှူခွင့်ရလိုက်တာကိုပဲ ကျေးဇူးတင်နေရတဲ့ ဘဝတွေ၊ အသက်ရှင်ခြင်းကို ပေါင်နှံအပ်၊ အတိုးမှ မဆပ်နိုင်တဲ့သူတွေ၊ ခန္ဓာကိုယ်စတေးပြီး မိသားစုအကြွေးလှမ်းပေးနေရသူတွေ၊ ပျော်ရွှင်မှုကိုမထိန်းနိုင် ယိမ်းယိုင်ခဲ့ရသူတွေ၊ ရလိုမှုတစ်ခုနဲ့ အန္တရာယ်မသိလို့ဒဏ်ထိသူတွေ၊ အိမ်ရှင်သီလပျက်လို့ အပျိုရည်ပျက်ခဲ့ရသူတွေ၊ မိသားစုအရေးအတွက် ကျန်းမာခြင်းကို စတေးခံရသူတွေ၊ ခြင်းထဲကကြက်အချင်းချင်း . ခေါင်း . ဆိတ် အမြတ်ထုတ်ချင်သူတွေစတဲ့ စရိုက်အမျိုးမျိုး ဘဝအထွေထွေကို မြင်၊ သိ၊ ကြား၊ ကြုံ ကျွန်တော်ကိုယ်တိုင်လည်း တွေ့ဆုံခဲ့ရပါတယ်။

ရာသီအလိုက် ရိုးရာပွဲတော်မရှိ၊ အများပြည်သူအလုပ်နားရက်မရှိ၊ ဂီတသံနှင့် လက်ဖက်ရည်ဆိုင်များမရှိ၊ လူငယ်သဘာဝမရှိ၊ ကုန်းမြေမရှိ၊ မရှိတရားအများစုကြားမှ ကောင်းကင်နဲ့ ပင်လယ်ပြင်သာရှိပြီး လေးနာရီ အချက်ပေးသံကြားတိုင်း ထထဆွဲကြတဲ့ ငါးပိုက်တင် ညာဟစ်သံဟာ အိမ်လွမ်းသူတို့ရဲ့ အပြင်းစားတေးသွား တစ်ပုဒ်ပါ။ ညဉ့်နက်သန်းခေါင် နဖူးမှာပေါက်တဲ့ အလင်းရောင်နဲ့ သွေးဖြူစုပ်ကောင်တွေကို ရော်ဘာတောစောင့်နတ်က မေတ္တာပျက်လာရင် တစ်မိသားစုလုံးကို ကိုယ်ယောင်ဖျောက်တတ်ပါသေးတယ်။ မိုးမျှော်တိုက်ကြီးတွေရဲ့ငြိမ်းလက်ရန်းကိုကိုင်ပြီး အလှဆင်ခိုင်းသူတွေရဲ့ စိတ်ဓာတ်မလှပပုံကလည်း သမားရိုးကျပုံပြင်တစ်ပုဒ်ပါ။ ကျီးလန့်စာစားတာဖိနပ်အဆင်သင့်ဝတ်ပြီး အစာစားရတဲ့သူတွေထက် ကြည့်ကောင်းပါသေးတယ်။ တိုင်းခြား ပြည်ရွာမှာ တရားမဝင်နေထိုင်လုပ်ကိုင်ကြသူတို့ရဲ့ လူအိပ်လူနိုးပုံက ကြက်အိပ်ကြက်နိုးဆိုတဲ့ သရုပ်ပြစကားပုံမျိုးကို နောက်ချန်ထားခဲ့ကြပါပြီ။

အိမ်လည်ချင်ပြီး ဧည့်မင်တတ်တဲ့လူမျိုးဟာ ရေခြားမြေခြားမှာ ဗုံးခိုကျင်းထဲက တကြော့ပြန်ဂျပန်ခေတ်ကို အသွင်သစ်နဲ့ တွေ့ကြုံနေရတယ်။ ပုံတော်မှာ ဂုဏ်တော်ပွားရုံကလွဲပြီး အလှူအတန်းပွဲတွေလည်း မဆင်နွှဲနိုင်ကြပါ။ ဆေးမြီးတိုနဲ့ကြီးပြင်းလာတဲ့လူမျိုးမို့ ကျောပူခေါင်းပူကလွဲရင် ကြီးကြီးမားမားရောဂါဟာ လူ့သက်တမ်းစေ့ခဲ့တာပဲပေါ့။ မပြန်နိုင်တဲ့နောက်ဆုံး အသင်းအဖွဲ့တစ်ခုကို အကြောင်းကြားပြီး တိုးတိုးတိတ်တိတ်နဲ့ လူ့ဘဝသမိုင်းကို ပိတ်ပစ်လိုက်ကြရတာပါ။

ဆယ့်နှစ်လရာသီမှာ ပွဲတော်တွေနဲ့ နွှဲပျော်နေတတ်တဲ့ မြန်မာလူမျိုးတွေရဲ့ရေမြေခြားဒုက္ခစုံက ကျွန်တော့်ကို တွေဝေစေခဲ့ပါတယ်။ တစ်သက်မှာ တစ်မင်္ဂလာကို ပေါ်ပေါ်ထင်ထင် မဆင်ယင်နိုင်တဲ့ သတို့သမီးတွေအတွက် ရင်နင့်မိခဲ့ပါတယ်။ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံ၊ စာပေနဲ့ ဂီတဝေးကွာခဲ့ရသူတွေကြည့်ပြီး တစ်ခုခု လက်လွတ်ဆုံးရှုံးလိုက်ရသလို ခံစားနေမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အလုပ်မျိုးစုံကျင်လည်ရင်း ဦးနှောက်နဲ့ခွန်အားရောင်းစားမှ ခါးသီးတဲ့အတွေ့အကြုံနဲ့ နောင်တရဖို့အချိန်တွေပါ အဆစ်ပေးခဲ့ရတာ သိလာရပါတယ်။ ကိုယ့်လူမျိုးငယ်ရွယ်သူတွေရဲ့လုပ်အားနဲ့ ကြီးပွားနေတဲ့သူတစ်ပါးတိုင်းပြည်ကို ကြည့်ပြီး လူ့စွမ်းအားအရင်းအမြစ်ယိုဆင်းမှုကို ဆင်ခြင်သဘောပေါက်မိလာတယ်။ ယိုဆင်း၊ ကျဆင်းလာတာကို လိုက်ခပ်နေတာထက်စာရင် ယိုပေါက်ပိတ်တာ ထိရောက်မယ်လို့တွေးမိတဲ့တစ်နေ့ ကျွန်တော်လည်းမြို့ပိန်လေးဆီ ပြန်လာဖြစ်ခဲ့ပါတယ်။

မြို့ငယ်လေးဆီ ကျွန်တော်ပြန်ရောက်လာချိန်မှာ မြို့ခံမိတ်ဆွေတစ်ဦးက သူ့ကိုယ်တွေ့ဖြစ်ရပ်တွေကို ပြောပြခဲ့ပါသေးတယ်။ "မင်းသွားခဲ့တဲ့လမ်းက ရွှေရောင်လွှမ်းနေတဲ့ ငရဲလမ်းကွ၊ လမ်းရှိပါလျက်နဲ့ အပြန်ခက်နေတဲ့သူတွေလည်းရှိတယ်။ တကယ်တော့ စသွားကတည်းကိုက သတင်းမှားတွေ၊ အလိုလောဘတွေနဲ့ ဖြားယောင်းသွေးဆောင်မှုတွေအပေါ် ဆင်ခြင်ဉာဏ်နည်းခဲ့ကြတာတွေ၊ ငါတွေ့ဖူးတဲ့သူတွေထဲမှာ မြို့ထဲကိုရောက်ရောက်ချင်း တက္ကစီဆိုင်ကယ်ပေါ်တက်ပြီး ရှမ်းကမ်းကို မောင်းဆိုတဲ့သူတွေ၊ အမိုးပေါ်မှာ အတုံးကလေးရှိတဲ့ကားကိုတားပြီး လိပ်စာကတ်ပြလိုက်ရင် ရောက်ပြီဆိုလို့ ရဲကားမှန်းမသိ ကားအမိုးပေါ်မှာ အတုံးကလေးမြင်တာနဲ့ အတင်းတားပြီးတက်ကြတဲ့သူတွေ၊ စိတ်ကြွဆေးပြား နေ့စဉ်ထည့်ကျွေးနေတာကို မသိဘဲ များများလုပ် မြန်မြန်စုပြီး စောစောပြန်နိုင်မှာလို့ ထင်နေတဲ့သူတွေ့နဲ့ အလုံးမလျော့၊ အရပ်မလျော့ဘူးဆိုပြီး ညဉ့်နက်နက်မှာ မထူးဇာတ်ခင်းနေတဲ့သူတွေလည်းရှိတယ်။"

"ဒီလို လူစားတွေ မိခင်ရင်ခွင်ထဲ ပြန်ဝင်လာတော့ မကောင်းတဲ့အကျင့်စရိုက်တွေ၊ ရောဂါပိုးတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကျေးဇူးဆပ်တော့တာပါပဲ။ ရိုးရိုးသားသားကြိုးစားလို့ အထုပ်အထည်နဲ့ ပြန်လာနိုင်သူက လက်တစ်ဆုပ်စာပဲရှိတာ။ အဆိုးဆုံးက တို့နယ်စပ်မြို့လေးရဲ့ အရိပ်ကိုခိုပြီး ဧည့်သည်အဖြစ်ဝင်လာလိုက်၊ ထွက်သွားလိုက်နဲ့ ခါးသီးတဲ့ဘဝမျိုးစုံ ကျင်လည်ခဲ့ကြပြီးတော့မှ ပြစ်တင်စကားကြားရတာပဲ။ အမေကျော်ပြီး ဒွေးတော်လွမ်းခဲ့လည်း အမေဟာအမေပဲမို့ ပြန်မလာနဲ့လို့ ဘယ်ပြောထွက်ပါ့မလဲ။ ဒီလိုဖြစ်ရပ်ဆိုးတွေကို အားကောင်းလာအောင်အမိကပ့်ပိုးဖန်တီးနေတဲ့ လူကုန်ကူးတဲ့သူတွေကို သေဒဏ်တောင်ပေးသင့်တယ်။ တို့အနေနဲ့ ကိုယ့်ဝန်းကျင်က သူတွေကို မဖြစ်သင့်တာမဖြစ်ရအောင် တတ်နိုင်သမျှ သတင်းမှန်ပေးပြီး ကူညီရမှာပေါ့" ဟူ၍ ဖြစ်ပါတယ်။

ကျွန်တော်ဝင်ရောက်ခိုနား အသိအမြင်များစေခဲ့တဲ့ မြို့ပိန်လေးကို ဘယ်တော့မှ မမေ့မှာသေချာပါတယ်။ အထင်ကရ ဒေသထွက်ကုန်မရှိပေမယ့် မထင်မရှားလူ့စွမ်းအားအရင်းအမြစ် ထွက်ကုန်ဖြစ်နေတာကို သတိထားမိလာပါတယ်။ တိုင်းပြည်တစ်ပြည်က ပိုင်တဲ့အချုပ်အခြာအာဏာကို မျဉ်းနဲ့သရုပ်ဖော် ရေးဆွဲခိုင်းရင်မျဉ်းကြောင်းတစ်လျှောက် အစက်အပျောက်လေးတွေဟာ အလေးထားစဉ်းစားရမယ့် မြို့လေးတွေပါ။ အိမ်နီးချင်းတိုင်းတစ်ပါးရဲ့ မကောင်းတဲ့အကျင့်စရိုက်တွေ၊ ရောဂါပိုးတွေ၊ တရားမဝင်လုပ်ငန်းတွေဟာ ကိုယ်ခံအားမကောင်းတဲ့ မြို့လေးကတစ်ဆင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာလေ့ရှိပါတယ်။ ဂရုမစိုက် ပေ့ါပေ့ါထားလိုက်ရင် တဖြည်းဖြည်း အနားသားဝဲစွဲရာကနေ တိုင်းပြည်နဲ့ လူမျိုးတစ်ခုလုံး တားမနိုင်ဆီးမရ ဖြစ်သွားနိုင်ပါတယ်။

အချိန်ကာလနဲ့ ပတ်ဝန်းကျင်အတွေ့အကြုံဟာ ခန္ဓာကိုယ်နှင့်လွယ်၊ အချိန်နှင့်ဖွားခဲ့ရတဲ့ မိမိရဲ့ရင်သွေးအစစ်ပါ။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်ကြောင်းကို အကူအညီမဲ့ ငါးနှစ်ခန့်ရပ်တည်ပြနိုင်ခဲ့ပေမယ့် ရင်နဲ့ဆံ့တဲ့ အိပ်မက်တွေဖြစ်မလာပါ။ ငါးနှစ်စာ အတွေ့အကြုံဟာ လေးနက်တဲ့ဦးခေါင်းကို ဖြစ်ပေါ်စေခဲ့ပြီး သားကြီး ခြေအကောင်း၊ လက်အကောင်းနဲ့ အမေ့ဆီကို ပြန်လာခဲ့ရင်ပဲ အမေဝမ်းသာလှပါပြီဆိုတဲ့ ဖုန်းထဲကအမေ့အသံဟာ အနာဂတ်အတွက် ပေ့ါပါးတဲ့ခြေလှမ်းတွေကို ဖြစ်စေခဲ့ပါတယ်။ ပေ့ါပါးတဲ့ခြေလှမ်းတွေနဲ့ လေးနက်တဲ့ဦးခေါင်းကြောင့် အိပ်မက်ဟောင်းတွေ ဆန့်ကျင်ဘက်ဖြစ်ခဲ့ပါပြီ။

ကြီးပွားတိုးတက်ဖို့အတွက် နေရာဒေသနဲ့ အခွင့်အရေးအချိန်ကာလကို ထိုင်စောင့်နေတာထက် ပျံသန်းရှာဖွေနေတာက မှန်ကန်ပါတယ်။ မိမိရှာဖွေရာ အရပ်ဟာ အကျိုးရှိ/မရှိ၊ ပေးဆပ်လိုက်ရတာနဲ့ ပြန်ရလိုက်တာ ကာမိ/မကာမိ ပြန်သုံးသပ်ဖို့တော့လိုပါတယ်။ ကိုယ့်ဒေသမှာ ကြီးပွားဖြစ်ထွန်းနေသူတွေရှိပါလျက်နဲ့ ကိုယ်တစ်ဦးတည်းကို အခွင့်အရေးတွေက ပိတ်ပင်တားဆီးထားတာ မဟုတ်နိုင်ပါ။ စိတ်ဆန္ဒအပြင်းအပျော့ပေါ်မှာ မူတည်နိုင်တာလို့ တွေးမိတဲ့နောက်ပိုင်း ခိုင်မာတဲ့ဆုံးဖြတ်ချက်ချပြီး ကိုယ့်ဇာတိမွေးရပ်မြေဆီ စိတ်ကိုပစ်ထည့်လိုက်ပါတယ်။

ကော့သောင်းမြို့ရဲ့ သမိုင်းဝင်အထင်ကရနေရာဖြစ်တဲ့ ဘုရင့်နောင်အငူလေးမှာ ခြေစုံရပ်ရင်း ပျံသန်းမယ့်ငှက်တစ်ကောင် မြို့ငယ်လေးကို ဝန်းရံထားတဲ့ ပင်လယ်ပြင်ကို နောက်ဆုံးနှုတ်ဆက် စူးစိုက်ကြည့်လိုက်ပါတယ်။ ပါချန်မြစ်ကြီးရဲ့ ဟိုမှာဘက်ကမ်းဆီက ငြိမ်သက်နေတဲ့ တိုင်းတစ်ပါးမြို့မှာ ငှက်လေးရဲ့ အဖော်တွေ အပြန်လမ်းစရှာမတွေ့နိုင်သေးတာကို စိတ်မကောင်းခြင်းကြီးစွာနဲ့ သတိရလိုက်မိပါသေးတယ်။ ငှက်လေး မျက်နှာလွှဲလိုက်တော့ တောင်ကုန်းမြင့်ပေါ်က ကော့သောင်းမြို့ရဲ့ ကျက်သရေဆောင် ပြည်တော်အေးစေတီတော်ကို နံနက်ခင်းနေရောင်အောက်မှာ သပ္ပာယ်စွာ ဖူးတွေ့လိုက်ရလို့ စိတ်နှလုံးကိုင်းညွတ်ပြီး ရိုသေစွာဦးချလိုက်ပါတယ်။ အိပ်မက်အသစ်၊ ဘဝအသစ်ကို မိခင်တိုင်းပြည်မှာ အမေ့ရင်ခွင်ထဲကနေပြီး ပြန်လည်တည်ဆောက်ဖို့ အားမာန်အပြည့်နဲ့ တောင်ပံနှစ်ဖက်ကို တဖြောင်းဖြောင်းရိုက်ခတ်လိုက်ပါတယ်။ ခေတ္တဝင်ရောက်နားခိုရာ တောင်ဘက်အစွန်းမြို့လေးကို ဦးညွတ်လိုက်ပြီး ခြေအစုံကိုကြွ ခြေဖျားအားနဲ့ တွန်းကန်လိုက်ရင်း ထက်ကောင်းကင်ဝဋ္ဋာဆီမှ မြောက်ဘက်ပိုင်း ဇာတိရပ်ရွာ မွေးရပ်ဌာနေဆီသို့ တစ်ဟုန်ထိုး ပျံတက်ခဲ့ပါတော့တယ်။

မြူနှင်းတို့ အုံ့ဖွဲ့သိုင်းခြုံ၍ ဝိုးတဝါးမှုသည် အေးမြကြည်လင်သည့် ဘဝဆီသို့. . . .။ ။

■

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အဆင့်မြင့်ပညာရပ်များကိုသင်ယူနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များရှိ တက္ကသိုလ်များတွင် အဝေးသင်ဌာနခွဲများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**


ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၅)ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်း၊ အစီရင်ခံစာ(၂)ခု ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်သည်။

အစည်းအဝေးတွင် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက **ပြည်ထောင်စုဝန်ကြီးဌာန၏ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောက်လုပ်မည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံမည်မျှဆောက်လုပ်ပေးခဲ့သနည်း။ နိုင်ငံခြားအကူအညီအထောက်အပံ့ မရရှိပါက ဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်သွားမည်ကို** မေးမြန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ သာမန်အချိန်တွင် စာသင်ကျောင်း၊ ဘိုးဘွားရိပ်သာ၊ မွေ့ာရုံ စသော Community Shelter အဖြစ် အသုံးပြုနိုင်ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားပါက ယာယီခိုလှုံရာ အဆောက်အအုံအဖြစ် အသုံးပြုနိုင်သော Multipurpose Shelter ကို မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာတွင် တစ်လုံးနှင့် ပေါက်တောမြို့နယ် သာစည်ကုန်းကျေးရွာတွင် တစ်လုံး ဆောက်လုပ်ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလည်း ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် Cyclone Shelter (၁၀)လုံးကို စစ်တွေမြို့နယ် ပလ္လင်ပြင်၊ မင်းလှ၊ သဲချောင်း၊ ဘောဒူဖ၊ ပေါက်တောမြို့နယ် ကံပြင်၊ မင်းပြားမြို့နယ် အိုင်ဝန်း၊ မြေပုံမြို့နယ် သင်ပေါင်းချောင်း၊ ပြင်ချောင်း၊ ကျောက်ဖြူမြို့နယ် သဲတန်း၊ တောင်ကုတ်မြို့နယ် ငမောက်ချောင်းကျေးရွာတို့တွင် တည်ဆောက်လျက်ရှိပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဒုတိယဝန်ကြီး
ဒေါက်တာ
ဇော်မင်းအောင်



ရှားတော
မဲဆန္ဒနယ်မှ
ဒေါ်နန်းနွံ

ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံက **ဖွံ့ဖြိုးမှုနောက်ကျသော ဝေးလံခက်ခဲဒေသများ၏ ပညာရေး(အရည်အသွေး) နိမ့်ကျနေမှုကို ဖွံ့ဖြိုးပြီးဒေသများနှင့် ကွာဟချက်နည်းပါးစေရေး မည်သို့မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ဖွံ့ဖြိုးမှုနောက်ကျပြီး ဝေးလံခက်ခဲသောဒေသများ၏ ပညာရေးကို ဖွံ့ဖြိုးပြီးဒေသများနှင့် ကွာဟချက်နည်းပါးစေရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရလည်းကောင်း၊ ၂၀၁၃ခုနှစ် ကမ္ဘာ့ပညာရေး မျှော်မှန်းချက်အရ အရည်အသွေးရှိသည့် ပညာရေးကို လူတိုင်းအကျုံးဝင်ပြီး တန်းတူညီမျှမှုရှိစွာ သင်ယူခွင့်ရရှိစေရန်နှင့် အားလုံးအတွက် ဘဝတစ်သက်တာ သင်ယူခွင့်ရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် နေ့သင်တန်း မတက်ရောက်နိုင်သော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် မိမိဒေသ၊ မိမိအလုပ်ခွင်မပျက် ပညာသင်ယူခွင့် ရရန် အဆင့်မြင့်ပညာရပ်များကို တစ်နိုင်ငံလုံး နယ်စပ်ဒေသများပါမကျန် သင်ယူနိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တက္ကသိုလ်များတွင် အဝေးသင်ဌာနခွဲများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် အစည်းအဝေးဒုတိယနေ့က တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကွန်ဟိန်းမဲဆန္ဒနယ် ဒေါ်နန်းဝါနုက ယခုအစိုးရ၏ ကတိကဝတ်များအား ပယ်ဖျက်လိုက်ပြီဆိုပါက မဲဆန္ဒနယ်များမှပြည်သူများနှင့် တိုင်းပြည်အတွက် များစွာနစ်နာမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီခေတ်တွင် အစိုးရမှာ အမြဲတမ်း ပြောင်းလဲနေမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ကြားကာလတွင် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အမြဲတမ်းအတွင်းဝန်များရှိနေပြီဖြစ်ပါကြောင်း၊ အစိုးရတစ်ဆက်နှင့် တစ်ဆက်မှာ ကောင်းမွေဆိုးမွေကို ခံယူရမည် ဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်မှ ကတိကဝတ်များကို နောင်အစိုးရလက်ထက်တွင် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်၍ ယခုကတိကဝတ်များကို မပယ်ဖျက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်က နိုင်ငံတော်အစိုးရတာဝန်ကို မည်သည့်ပါတီမှ တာဝန်ယူရသည်ဖြစ်စေ ပြည်သူများ၏လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေရမည်သာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုအစိုးရအဖွဲ့လက်ထက်မှ ကတိကဝတ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးသင့်ပါကြောင်းဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

အလားတူ အစည်းအဝေးဒုတိယနေ့က တင်ပြခဲ့သော ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှဦးမြင့်စိုးက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီထံသို့ တရားရေး၊ ဥပဒေရုံးများနှင့် ရဲတပ်ဖွဲ့တို့အပေါ် ပြည်သူတို့ တိုင်ကြားလာမှုများကို တာဝန်ရှိအဖွဲ့အစည်းများက တရားမျှတစွာ အရေးယူဆောင်ရွက်ပေးမည်ဆိုပါက ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများနှင့် လွှတ်တော်၏ ဆောင်ရွက်မှုမှာ ယခုအခါနောက်ဆုံးကာလဖြစ်ပြီး လွှတ်တော်များ၏ ဆောင်ရွက်မှု မှတ်တမ်းလည်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်ခဲ့ပါကြောင်း၊ သို့သော်လည်း အခြားကော်မတီ၊ ကော်မရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကို မတွေ့ရှိရပါကြောင်း၊ ၎င်းကော်မတီသို့ ပြည်သူတို့က တိုင်ကြားစာ ၃၇၀၀ ကျော် ပေးပို့တိုင်ကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ကိုမတွေ့ရပါကြောင်း၊ သို့ဖြစ်၍ ပိုမိုပြီးပြည့်စုံသည့် အစီရင်ခံစာ ထပ်မံတင်သွင်းသင့်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပညာရေး၊ ဆောက်လုပ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးနှင့် လွှတ်တော်ကဏ္ဍဆိုင်ရာ ဥပဒေကြမ်း ၁၅ ခုကို အတည်ပြု

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပညာရေး၊ ဆောက်လုပ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးနှင့် လွှတ်တော်ကဏ္ဍဆိုင်ရာ ဥပဒေကြမ်း ၁၅ ခုကို အတည်ပြုခြင်း၊ အစီရင်ခံစာဖတ်ကြားခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာသည့် **ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်(၆)မှ ဦးခင်မောင်ရီက ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာသည့် **နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်း၊ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်တွင် အတည်ပြုသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ကိုကိုဦး။



ဒုတိယဝန်ကြီး
ဦးအုန်းသန်း။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက **ပိုးသတ်ဆေးဥပဒေကြမ်းနှင့် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း**တို့ကို တင်သွင်းရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးက **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း**ကိုလည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က **၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အခကြေးငွေပေးရေး ဥပဒေကြမ်း**တို့ကိုလည်းကောင်း အသီးသီး တင်သွင်းကြရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီက **မြန်မာနိုင်ငံ စာရင်းအင်း ဥပဒေကြမ်း၊ ပုဂ္ဂလိကပညာရေး ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို တင်သွင်းရာ အမျိုးသားလွှတ်တော်က ကော်မတီ၏ အစီရင်ခံစာအရ ပြန်လည်သုံးသပ်ရေးဆွဲရန် လိုအပ်သောကြောင့် အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် တန်ဖိုးသင့်နေအိမ်များ၊ ငွေနှင့် အဝတ်အထည်များ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၀။** ။ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဦးစီးပြီး ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တန်ဖိုးသင့်နေအိမ်များ၊ ငွေသားနှင့် အဝတ်အထည်များ လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုများနှင့် ပြည်တွင်း/ ပြည်ပကုမ္ပဏီများ၊ စေတနာရှင်များက အလှူငွေများကို ပေးအပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါလှူဒါန်းပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကဦးစီးပြီး ချင်းပြည်နယ် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူရှင်မိသားစုများနှင့် ပြည်တွင်း/ပြည်ပ ကုမ္ပဏီစေတနာရှင်များက နေအိမ်(အကြီး) ၈၄ လုံးအတွက် မြန်မာငွေကျပ် ၃၇၂၉ ဒသမ ၆ သိန်း၊ နေအိမ်(အသေး) ၂၇ လုံးအတွက် မြန်မာငွေကျပ် ၁၀၀၉ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ် ၄၁၁၀ ဒသမ ၁၂ သိန်း စုစုပေါင်း မြန်မာငွေကျပ် ၈၈၄၉ ဒသမ ၅၂ သိန်း၊ အမေရိကန်ဒေါ်လာတစ်သိန်းနှင့် အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၆ သိန်းခန့်တန်ဖိုးရှိသည့် အဝတ်အထည်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကိုကိုနေ)**

# ထုတ်ပြန်ရန်ကျန်ရှိသော ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ထုတ်ပြန်ရန်ကျန်ရှိနေသော ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ ထုတ်ပြန်ကြေညာသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂)နေရာအတွက် ကချင်ပြည်နယ်နောင်မွန်းမဲဆန္ဒနယ်ကိုယ်စားပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှတစ်ဦး၊ ခေါင်လန်ဖူးမဲဆန္ဒနယ်ကိုယ်စားပြု လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှတစ်ဦးတို့ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁)နေရာအတွက် ကချင်ပြည်နယ် အမှတ်(၁) မဲဆန္ဒနယ်ကိုယ်စားပြု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦးဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ကချင်ပြည်နယ် နောင်မွန်း(၁/၂)ကိုယ်စားပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှနှစ်ဦး၊ ခေါင်လန်ဖူး(၁)ကိုယ်စားပြု လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက် ရေးပါတီ(ဒူးလေးပါတီ)မှတစ်ဦး၊ ခေါင်လန်ဖူး(၂)ကိုယ်စားပြု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှတစ်ဦးတို့ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် ကချင်ပြည်နယ်မှ ဗမာ၊ လီဆူ၊ ရှမ်း၊ ရဝမ်ကိုယ်စားပြု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လေးဦးတို့ဖြစ်သည်။

သို့ဖြစ်၍ စုစုပေါင်း ထုတ်ပြန်ကြေညာပြီး ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ၃၂၃ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသ ကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၃၀ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ် ၂၉ ဦးတို့ဖြစ်ကြောင်း သိရ သည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉၂ /၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဂျီဖုန်ဆားရ် | ၁/နမန(နိုင်) ၀၀၀၃၄၃ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးအာမိုးဆီ | ၁/ပတအ(နိုင်) ၀၃၀၃၆၀ | ခေါင်လန်ဖူး | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉၄/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးချန်တန်ခင် | ၁/နမန(နိုင်)၀၀၃၇၆၃ | နောင်မွန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးမဘုဒဂုဏ် | ၁/နမန(နိုင်)၀၀၃၄၀၆ | နောင်မွန်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးရွှေလေး | ၁/ခဘဒ(နိုင်) ၀၀၁၈၇၆ | ခေါင်လန်ဖူး(၁) | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) |
| (၄) | ဦးအားခီဆာ | ၁/ပတအ(နိုင်) ၀၃၄၉၇၆ | ခေါင်လန်ဖူး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅) | ဦးခင်မောင်မြင့်(ခ) ဦးဒိတ် | ၅/ရဥန(နိုင်) ၀၂၆၃၉၁ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးအားတီယောဟန် | ၁/ပတအ(နိုင်) ၀၂၈၉၁၅ | လီဆူး တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇) | ဦးစိုင်းစိန်လင်း | ၁၂/မဂတ(နိုင်) ၀၂၉၀၁၈ | ရှမ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈) | ဦးရန်နမ်းဖုန် | ၁/ပတအ(နိုင်) ၀၀၆၅၇၄ | ရဝမ် တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉၃/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သည် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန် ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်သည် ၎င်းနှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးဂျေယောဝူ | ၁/ပတအ(နိုင်) ၀၃၂၃၄၈ | အမှတ်(၁) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

*ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်*

**ဘက်စုံပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဒ)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ဒ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူး ချုပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ၎င်းက ခန့်အပ်တာဝန်ပေးသည့် အခွင့်ရအရာရှိကိုသော်လည်းကောင်း ဆိုသည်။"

၃။ ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)တွင် ပါရှိသော **"ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေး မှူးချုပ်"**ဆိုသော စကားရပ်ကို **"ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော **"ပို့ဆောင်ရေးဦးစီးဌာန"**ဆိုသော စကားရပ်ကို **"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေပြည်တော်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** တစ်ပြည်လုံးတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟားခါးမြို့၊ ဖလမ်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပင်လောင်းမြို့နှင့် ရေးမြို့တို့တွင် သုည ဒသမ ၀၈ လက်မစီနှင့် မင်းတပ်မြို့တွင် သုည ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

## ပြည်တွင်းရေးရာ

# UNDP နှင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP နှင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ JCC တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတစ်နိုင်ငံ၌ ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် လွှတ်တော်၏ကဏ္ဍအရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းစလွှတ်တော်များကို အရည်အသွေးနှင့် အရည်အချင်းရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ UNDP အပါအဝင် နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ လွှတ်တော်အဖွဲ့များကို လက်တွဲခေါ်ဆောင်၍ ကျေးဇူးတင်ပါကြောင်း၊ မိမိတို့လွှတ်တော် ယခုအခြေအနေသို့ ရောက်ရှိလာခြင်းမှာ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ၏ အကူအညီများကြောင့်ဖြစ်ပါကြောင်း။

ပထမအကြိမ် လွှတ်တော်သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်၍ လွှတ်တော်အသစ်အတွက် လမ်းခင်းပေးရမည့်အနေအထားရှိပါကြောင်း၊ လွှတ်တော်များက နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီစနစ် မှန်မှန်ကန်ကန်တိုးတက်ရေးအတွက် အကြံပြုချက်၊ အမြင်များကိုတင်ပြကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် UNDP ဌာနေကိုယ်စားလှယ် Mr. Toily Kurbanov က အမှာစကားပြောကြားပြီး လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တမ်းကောက်ယူသည့် နိုင်ငံတကာမှအဖွဲ့များက သုတေသနစစ်တမ်းကောက်ယူမှု အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလွှတ်တော်များအတွက် UNDP နှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် JCC အဖွဲ့ဝင်များ၊ UNDP နှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

---

**❖ ကျောဖုံးမှ**

ခံစားနိုင်အောင် ဆောင်ရွက်ထားပါတယ်။ သေချာတာတစ်ခုကတော့ ဒီပြတိုက်ဆောက်လုပ်ဖို့အတွက် ကုန်ကျစရိတ်တော်တော်ကြီးမားပါတယ်။ ဒါပေမယ့် ဒီစီမံကိန်းပြီးစီးပြီဆိုရင်လည်း လာရောက်ကြည့်ရှုကြတဲ့ ပြည်သူတွေဆီကနေ လက်မှတ်ခနှုန်းထားကို အများကြီးကောက်လို့မရဘူးလေ။ ဒီတော့ ဒီလိုရင်းနှီးမြှုပ်နှံမှုကို ကာကွယ်နိုင်ဖို့အတွက် တစ်ဖက်တစ်ချက်မှာ ငါးပြတိုက်နဲ့တွဲပြီး စားသောက်ဆိုင်ဖွင့်ဦးမှာပါ”ဟု ရှင်းပြသည်။

လက်ရှိအနေအထားအရ Myanmar Aquariums ငါးပြတိုက် ပြည်တွင်းပြကွက်များအတွက် ပြည်တွင်းငါးများအားစုဆောင်းသွားမည်ဖြစ်ပြီး ပင်လယ်ငါးများစုဆောင်းရန်အတွက်မူ ပြည်ပမှမှာယူသွားမည်ဖြစ်သည်။ အဆောက်အအုံပုံစံသစ်မှာ Steel Structure နှစ်ထပ်ခွဲအမျိုးအစားဖြစ်ပြီး ငါးပြကွက်ပေါင်း ၂၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်သည်။ ပြည်တွင်းပြကွက်အတွက် ငါးအမျိုးအစားပေါင်း ထောင်ချီပြသသွားမည်ဖြစ်ပြီး ပြည်ပပြကွက်အတွက်လည်း ထောင်ဂဏန်းမှ သောင်းဂဏန်းထိ အမျိုးအစားများထည့်သွင်းပြသသွားမည်ဖြစ်သည်။

“ရန်ကုန်မြို့ကို အနယ်နယ်အရပ်ရပ်ကပြည်သူတွေ အလည်အပတ်လာရောက်ကြတယ်ဆိုရင် မြန်မာပြည်မြောက်ဖျားမရောက်ဖူးသူတွေက ဒီပြတိုက်မှာလာပြီး မြောက်ပိုင်းဒေသကငါးများကိုကြည့်ရှုလေ့လာလို့ ရကြပါလိမ့်မယ်။ တောင်ပိုင်းဒေသမရောက်ဖူးသူတွေကလည်း ဒီပြတိုက်မှာလာပြီး တောင်ပိုင်းဒေသကငါးများကို ကြည့်ရှုလေ့လာလို့ရကြပါလိမ့်မယ်။ ဒီပြတိုက်ကိုရောက်လာတာနဲ့မြန်မာပြည်မှာဒီလိုငါးတွေပေါက်ဖွားကြီးပြင်းနေတာလားဆိုတာ သိလာကြပါလိမ့်မယ်။ နောက်တစ်ခုက အနယ်နယ်အရပ်ရပ်က ရန်ကုန်မြို့ကို လာရောက်လည်ပတ်ကြတဲ့သူတွေကလည်း ဒီလိုအဆင့်မီငါးပြတိုက်ရှိနေပါလားဆိုတာ သိသွားကြပါလိမ့်မယ်”ဟု ပြောသည်။

Myanmar Aquariums ကုမ္ပဏီလီမိတက်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့၏ သဘောတူညီချက်များအရ အသစ်ဆောက်လုပ်ပြီးစီးမည့် ငါးပြတိုက်၏ဝင်ကြေးနှုန်းထားမမြင့်မားစေရန်ဆောင်ရွက်ထားကြောင်းသိရပြီး စီမံကိန်းလုပ်ငန်းစဉ်အတွက် ပြည်တွင်း ပြည်ပအင်ဂျင်နီယာများအပါအဝင် လုပ်သားအင်အား ၁၀၀ကျော်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်ဆောင်ရွက်ပြီးစီးပါက လာရောက်ကြည့်ရှုကြမည့် လူဦးရေခန့်မှန်းချက်အရ တစ်ရက်လျှင် သုံးထောင်နီးပါးလာရောက်ကြည့်ရှုနိုင်ကြောင်း၊ လာရောက်ကြည့်ရှုကြမည့်ပြည်သူများအတွက် ငါးပြတိုက်အဝင်ဝ၌ ငါးအမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားပေးခြင်းနှင့် ပြကွက်များအား ရှင်းလင်းပြောကြားပေးခြင်း၊ အချို့ငါးပြကွက်များရှိ ငါးများအား ကလေးငယ်များမှပျော်ရွှင်မြူးထူးစွာဆော့ကစားနိုင်အောင် စီစဉ်ထားခြင်းတို့ဖြင့် ပါဝင်ကြောင်း၊ ထို့အပြင် အဆိုပါနိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်စီမံကိန်းအား ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ(စိုးဝင်း-MLA)**

---

# သဃ်န်းကျွန်းမြို့နယ် ယခင်အမှတ်(၄) အထပ်သားစက်ရုံနောက်ဘက်မီးလောင်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ယခင်အမှတ်(၄)အထပ်သားစက်ရုံဝင်းတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၈ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အထပ်သားပြုလုပ်ရာတွင် စွန့်ပစ်သစ်လွှာများ အပူရှိန်လွန်ကဲမှုကြောင့် စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး စွန့်ပစ်သစ်ပါးလွှာများအား နောက်ဘက်ချောင်းဘေးတွင် စုပုံထားရှိသည်မှာ ပေ ၅၀ ပတ်လည်ခန့်ရှိသော အမှိုက်ပုံကြီးဖြစ်နေကြောင်း အောင်ဆုပန်ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။



မီးလောင်ကျွမ်းမှုအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်များနှင့် အထောက်အကူယာဉ်များဖြင့် လာရောက် ငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီ တွင် မီးညွှန့်ကျိုးခဲ့ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

---



**✱ မိုးညှင်းမှ**

လက်နက်ကြီးပစ်ကူ၊ လေကြောင်းပစ်ကူများရယူ၍ ဟန်ချက်ညီ ဝိုင်းပတ်တိုက်ခိုက်ချေမှုန်းခဲ့ရာ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ၎င်းတောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့သည်။

ယင်းစခန်းမှ ဒေသန္တရလုပ်မိုင်းမျိုးစုံ ၉၂ လုံး၊ ရှေ့ထွက်မိုင်းသုံးလုံး၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသော သံချောင်းများ၊ ဆိုင်ကယ် လေးစီး၊ မီးစက် တစ်လုံး၊ ဒိုင်နမို တစ်လုံး၊ ရေမော်တာ သုံးလုံး၊ ချိန်းဆော တစ်လက်၊ ဒီဇယ် တစ်ပီပါ၊ ဓာတ်ဆီ တစ်ပီပါနှင့် စာရွက်စာတမ်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---



# မြိတ်မြို့ မီးပြတိုက်၏အရှေ့တောင်ဘက် ပင်လယ်ကမ်းခြေရှိ ကုန်တင်လှေတစ်စင်းမှ ငွေကျပ် သိန်း ၅၇၂၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

**မြိတ် နိုဝင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်မီးပြတိုက်၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ ပင်လယ်ကမ်းခြေတွင် ကမ်းထိုးရပ်နားထားသော “ခန့်ဟိန်းဇင်အောင်” အမည်ရှိ ကုန်တင်လှေတစ်စင်းအား နိုဝင်ဘာ ၁၉ ရက် ညနေက မသင်္ကာဖွယ်တွေ့ရှိ၍ ကမ်းခြေစောင့်တိုက်ရေယာဉ်(၄၀၃)မှ အဆိုပါလှေအတွင်းရှိ မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုးငွေ ကျပ်သိန်း ၅၇၂၀၀ ဖိုး ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ မီးပြတိုက်၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ ပင်လယ်ကမ်းခြေတွင် ကမ်းထိုးရပ်နားထားသော “ခန့်ဟိန်းဇင်အောင်”အမည်ရှိ မသင်္ကာဖွယ်ကုန်တင်လှေတစ်စင်းအား နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ကမ်းခြေစောင့်တိုက်ရေယာဉ်(၄၀၃)မှ တာဝန်ရှိသူများ၊ မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး ဦးစီးသောတပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးဝင်းဇော်ဦး ဦးစီးသောတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် သွားရောက်စစ်ဆေးခဲ့ရာ လှေပေါ်တွင် တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရဘဲ ပဲ့နင်းခန်းအတွင်းရှိ လှေသားအမည်စာရင်းအထောက်အထား များအား စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါကုန်တင်လှေအား သက်သေများနှင့်ရှာဖွေရာ လှေသားများအိပ်သော အခန်းအတွင်းနှင့် လှေစက်ခန်းအတွင်းမှ အဆိုပါ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ် ရဲထွဋ်ကိုနှင့် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ပေါ် ၁၂ ရပ်ကွက်အတွင်း တရားခံများ၏ နေအိမ်များသို့ လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ည ၁၀ နာရီတွင် တရားခံ ခင်ဇော်ဦး(၃၅)နှစ် လှေသားအား ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ည ၁၀ နာရီ မိနစ် ၂၅ မိနစ်တွင် ပြည်ထွန်း (၄၂)နှစ် ပဲ့နင်းအား ၎င်း၏နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီးနောက် ည ၁၀ နာရီ မိနစ် ၅၀ တွင် အောင်ကိုလွင်(၂၈)နှစ် လှေသားအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# နိုင်ငံတကာခရီးသွားများ လေ့လာမှုများပြားလာသည့် မင်းတုန်းမင်းတည်ခဲ့သော စန္ဒာမုနိဘုရား

**မန္တလေး နိုဝင်ဘာ ၂၀**

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များသည် ၂၀၁၄ ခုနှစ်ထက်များပြီး ခရီးသွားဧည့်သည်ဝင်ရောက်မှု စံချိန်တင်သည့်နှစ်ဟုပင်ဆိုကြသည်။ နိုင်ငံတကာမှလည်း မြန်မာနိုင်ငံသည် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဖြင့် ဝင်ငွေများစွာရရှိစေနိုင်ပြီး ခရီးသွား၍ အကောင်းဆုံးသောနိုင်ငံများထဲတွင် မြန်မာနိုင်ငံပါဝင်ကြောင်းဆိုထားသည်။

မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝအလှအပများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ စေတီပုထိုးနှင့် ရှေးဟောင်းသမိုင်းအမွေအနှစ်များစွာရှိသည့်အပြင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြို့ဟောင်းများသည်လည်း နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နေပေသည်။

မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွားများသည် ဆိုင်ကယ်၊ စက်ဘီး၊ ကားတို့ဖြင့် မန္တလေး၊ အမရပူရ၊ အင်းဝ၊ စစ်ကိုင်းသို့ သွားရောက်လည်ပတ်လေ့ရှိသည်။

ယခုအခါ မန္တလေးမြို့ရောက် ခရီးသွားဧည့်သည်များသည် ကုသိုလ်တော်ဘုရားအတွင်း ကျောက်စာများကိုလေ့လာပြီးသည်နှင့် စန္ဒာမုနိဘုရားအတွင်းရှိကျောက်စာများကို သွားရောက်လေ့လာမှတ်တမ်းယူလေ့ရှိသည်။



စန္ဒာမုနိဘုရားဟုခေါ်သော နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရားကို မင်းတုန်းမင်းကြီးက မြန်မာသက္ကရာဇ် ၁၂၂၉ ခုနှစ် နယုန်လပြည့်နေ့တွင် နန်းမြေဘုံသာ ယာယီနန်းတော်ကိုဖျက်သိမ်း၍ ဉာဏ်တော်အမြင့် ပေ ၁၀၀ ရှိ စေတီကို တည်ထားခဲ့သည်။

ဘိုးတော်ဗဒုံမင်း မင်းကွန်းတွင် သွန်းလောင်းခဲ့သည့် အလေးချိန် ၁၁၃၆၈ ပိဿာရှိကာ လပြည့်ဝန်းပမာ လွန်စွာအသရေတော်ရှိသဖြင့် စန္ဒာမုနိဘွဲ့အမည်တွင်သော သံသွန်းရုပ်ပွားတော်မြတ်ကြီးကို ရွှေ့ပြောင်းပူဇော်ထားခဲ့သည်။

စန္ဒာမုနိရုပ်ပွားတော်ကို အမရပူရမှ စေတီ၏ ဂန္ဓကုဋိတိုက်အတွင်း ရွှေ့ပြောင်းပူဇော်ခဲ့သောကြောင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားဟု ဘွဲ့အမည်တွင်ခဲ့ကြောင်း သိရသည်။ မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် ရသေ့ကြီးဦးခန္တီက စန္ဒာမုနိဘုရားအတွင်း၌ ပိဋကတ်သုံးပုံမှ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ(အဋ္ဌကထာနှင့် ဋီကာ အပြည့်အစုံ)တို့ ကျောက်ချပ်ရေ ၁၇၇၂ ချပ်၊ သမိုင်းစာကို သံပြားတစ်ချပ်နှင့် ကျောက်ပြားတစ်ချပ်တို့ပေါ်တွင် ရေးထိုးထားခဲ့သည်။

ပိဋကတ်တော် ကျောက်စာများတွင် ဝိနယပိဋကတ်တော် ၃၉၅ ချပ် ၊ သုတ္တန်ပိဋကတ်တော် ၁၂၀၇ ချပ်၊ အဘိဓမ္မာပိဋကတ်တော် ၁၇၀ ချပ်တို့ပင်ဖြစ်သည်။ ကျောက်စာများကို အုတ်ဓမ္မစေတီများဖြင့် ထားရှိရာ ကျောက်စာတစ်ချပ်စေတီ ၂၄၈ ဆူ၊ သုံးချပ်စေတီ ၁၃၉ ဆူ၊ ရှစ်ခန်းတွဲ သုံးချပ်စေတီအတွင်းကျောက်စာအချပ်ရေ ၈၈၁ ချက်နှင့် စေတီတစ်ဆူလျှင် ကျောက်စာသုံးချပ်နှုန်းဖြင့် လေးတိုင်စင်ခေါင်းပွစေတီ ၂၉၇ ဆူ၊ အတွင်း ကျောက်စာ ၈၉၁ ချပ်ကို ခုနစ်ဧကကျယ်ဝန်းသော စေတီပရိဝုဏ်အတွင်း စိုက်ထူတည်ဆောက်ထားခဲ့သည်။ ယခုအခါ နိုင်ငံတကာခရီးသွားဧည့်သည်များ စန္ဒာမုနိဘုရားနှင့် ကျောက်စာများကို စိတ်ဝင်တစား လေ့လာမှတ်တမ်းယူလေ့ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# နှစ်ပေါင်း ၁၀၀ ကျော်က ရှေးဟောင်းလက်ကိုင်မီးအိမ် ထိန်းသိမ်းထားရှိ

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

ဘိုးဘွားလက်ထက်က အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ရှိ ဂျာမနီနိုင်ငံထုတ် ရှေးဟောင်းလက်ကိုင်မီးအိမ်တစ်ခုကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သက္ကယ်ကျင်းကျေးရွာအုပ်စု သရက္ကန်(မ) ရွာတွင် နေထိုင်သည့် ဒေသခံမိသားစုတစ်စုက ယနေ့ထက်တိုင်ထိန်းသိမ်းထားကြောင်း သိရသည်။

"မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်လောက်ကတည်းက ရှေးဟောင်းလက်ကိုင် မီးအိမ်ဖြစ်ပါတယ်။ လက်ရှိသုံးမယ်ဆို ရေနံဆီထည့်ပြီး သုံးလို့ရပေမယ့် အဖုံးအပိတ်လေးတစ်ခုပျောက်သွားတာမို့ မသုံးဘဲ ထားတာပါ" ဟု ဂျာမနီနိုင်ငံထုတ် ရှေးဟောင်းလက်ကိုင်မီးအိမ်အား ဘိုးဘွားစဉ်ဆက် အမွေအနှစ်ပစ္စည်းအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသူ သရက္ကန်(မ)ရွာမှ ဦးဇော်မြင့်ဦးက ပြောသည်။

အဆိုပါ ရှေးဟောင်းလက်ကိုင်မီးအိမ်မှာ လက်ဆွဲကိုင်းပါ အမြင့် နှစ်ပေခန့်ရှိပြီး အောက်ခြေအဝိုင်းပြားတွင် ရေနံဆီထည့်စရာအခန်းငယ်ပြုလုပ်ထားကာ ရေနံဆီထည့်ရာအပေါက်တစ်ခု၊ လောင်စာ (မီး) အနိမ့်အမြင့်ချိန်ညှိစရာ ကလစ်ချောင်းငယ်တစ်ခုလည်းပါရှိသည်။

အောက်ခြေ ရေနံဆီထည့်ရာ အဝိုင်းပြားတွင် MADE IN GERMANY FEUER-HAND ဂျာမနီနိုင်ငံထုတ် လက်ကိုင်မီးအိမ်ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည့် အသားတံဆိပ်အပြင် အမှတ်နံပါတ် ၂၆၀ ဟု အင်္ဂလိပ်ဘာသာ စာတန်းပါရှိသည်။

ယင်းမီးအိမ်မှ လောင်စာ(မီး)ကို ရေနွေးခရားပုံ ကိုယ်ထည်ဖန်အိမ်ဖြင့် အုပ်ထားပြီး ထိုဖန်အိမ်တွင်လည်း ORGINAL RES FEUERHAND ဟူသည့် အသားတံဆိပ်ကို လက်ရာသေသပ်စွာ ပုံသွင်းဖော်ပြထားသည်။


ဖန်အိမ်ကိုယ်ထည်၏ အထက်တွင်မှ လောင်စာ(မီး)မှ ထွက်ရှိသည့် မီးခိုးများ ထွက်စရာအပေါက်ငယ်များ ပါဝင်သည့် သံအုပ်ဖုံးငယ်တစ်ခုပါရှိသည်။ သံအုပ်ဖုံးငယ်ပေါ်တွင် ကွင်းငယ်တစ်ခုပါရှိပြီး လောင်စာ (မီး) ထွန်းညှိချိန်တွင် ယင်းကွင်းငယ်ကို ဆွဲ၍ မီးထွန်းညှိရခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



**ယဉ်ကျေးမှုအမွေ ထိန်းသိမ်းစို့လေ**

## နည်းပညာသတင်း




# LG ၏ G5 စမတ်ဖုန်းအသစ် ၂၀၁၆ တွင် ပေါ်ထွက်မည်

LG ၏ စီးရီးစမတ်ဖုန်းများသည် ဈေးကွက်အတွင်းနေရာရလာနေပြီဖြစ်ရာ ဆက်လက်ထွက်ပေါ်မည့် မျိုးဆက်သစ် G5 စမတ်ဖုန်းကို နည်းပညာစာမျက်နှာများတွင် စတင်မိတ်ဆက်လာပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအခြေစိုက် မိုဘိုင်းကုမ္ပဏီတစ်ခုဖြစ်သော LG သည် သူ၏မျိုးဆက်သစ်စမတ်ဖုန်း G5 ကို လာမည့် ၂၀၁၆ နွေရာသီတွင် ဈေးကွက်အတွင်းစတင်ပို့ဆောင်မည်ဖြစ်သည်။ G5 ကို သတ္တုစပ်ကိုယ်ထည်အသုံးပြုသွားဖွယ်ရှိပြီး ကွေးညွတ်စမတ်ဖုန်းအဖြစ်မြင်တွေ့ရမည်ဖြစ်သည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး ဖုန်းတစ်ခုလုံးအကျယ် ၆ လက်မရှိမည်ဖြစ်သည်။ 4G Network အတွင်း အသုံးပြုနိုင်ပြီး 4GB RAM ပါဝင်လာဖွယ်ရှိသည်။ Qualcomm Snapdragon ၈၂၀ Processor အသုံးပြုထားပြီး MicroSD ကတ်ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ ၁၆ MP ရှိ အနောက်ဘက်ကင်မရာနှင့် ၈ MP ရှိသော အရှေ့ဘက်ကင်မရာတို့ပါဝင်သောကြောင့် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရာတွင် ကြည်လင်ပြတ်သားမှုရှိမည်ဟုသိရသည်။ ဖုန်း၏အနောက်ဘက်တွင် လုံခြုံရေးအတွက် Iris Scanner ပါဝင်လာပြီး မိုဘိုင်းလုံခြုံရေးတွင် အရေးပါသော နည်းပညာတစ်ခုဖြစ်သည်။ အဆိုပါ G5 စမတ်ဖုန်းသစ်တွင် ကြိုးမဲ့အားသွင်းသည့်စနစ်ပါဝင်လာပြီး ၃၀၀၀ mAh ဘက်ထရီပါဝင်လာမည်ဖြစ်သည်။ ဈေးနှုန်းသတ်မှတ်ချက်မှာ အတည်ပြုချက်မရသေးဘဲ အမေရိကန်ဒေါ်လာ ၉၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြသည်။

# ပက်ပ်စီအချိုရည်လုပ်ငန်းမှ စမတ်ဖုန်းထုတ်လုပ်

ပက်ပ်စီဟုဆိုလျှင် အချိုရည်ဟု လူအများမှတ်ယူဖွယ်ရှိပြီး ယခုအခါ ၎င်းအချိုရည်လုပ်ငန်းမှ စမတ်ဖုန်း စတင်ထုတ်လုပ်ပြီဖြစ်သည်။ တရုတ်နိုင်ငံဈေးကွက်တွင် စတင်မိတ်ဆက်ပြီး ၁၄ ရက်အတွင်း ယွမ် ၅၈၀၆၂၅ ဖိုးအထိ အရောင်းသွက်ခဲ့သည်။

မျက်နှာပြင် အကျယ် ၅ ဒသမ ၅ လက်မရှိပြီး Qcta-core Processor အသုံးပြုထားသည်။ ပက်ပ်စီမှ စမတ်ဖုန်းကို P1 ဟု အမည်ပေးထားပြီး တရုတ်မိုဘိုင်းဈေးကွက်တွင် နိုဝင်ဘာလအတွင်း ရောင်းအားမြင့်တက်လာသော စမတ်ဖုန်းတစ်မျိုးဟု အတည်ပြုနိုင်ခဲ့သည်။ 4G Network အတွင်း အသုံးပြုနိုင်ပြီး 2GB RAM ပါဝင်သည်ဟု သိရသည်။

အရှေ့ဘက်ကင်မရာ ၅ MP ပါဝင်ပြီး အနောက်ဘက် ကင်မရာ ၁၃ MP ပါဝင်သောကြောင့် ဓာတ်ပုံရိုက်ကူးမှုတွင် အရည်အသွေးမနိမ့်သည့် စမတ်ဖုန်းတစ်မျိုးပင်ဖြစ်သည်။ ဆင်းမ်ကတ်နှစ်ခု ထည့်သွင်းအသုံးပြုနိုင်ပြီး ဈေးနှုန်းမှာ တရုတ်ယွမ်ငွေ ၆၉၉ ယွမ်သာရှိသောကြောင့် ဈေးသက်သာသည့် စမတ်ဖုန်းတစ်မျိုးဟု ဆိုရမည်ဖြစ်သည်။




**Alez - စုစည်းသည်**

အနုပညာ

## ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေ နေတိုး နှင့် ရုပ်ရှင်လာရောက်ရိုက်ကူးမည်





ဗီယက်နမ်မင်းသမီး ငုရင်ထရန်ဟုရန်မေသည် မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာသရုပ်ဆောင်နေတိုးနှင့်အတူတွဲဖက်ကာ ရုပ်ရှင်လာရောက်ရိုက်ကူးမည်ဖြစ်ကြောင်း Myanmar Media 7 မှ ဥက္ကဋ္ဌ ကိုဝေမင်းမောင်က ပြောသည်။

အဆိုပါရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ 'ဗီယက်နမ်မင်းသမီးက ဒီဇင်ဘာ ၁ ရက်မှာရောက်မှာပါ။ ရောက်ပြီးနောက်နေ့ ဒီဇင်ဘာ ၂ ရက်နေ့လည်ပိုင်းမှာ မီဒီယာတွေနဲ့တွေ့ဆုံပွဲလုပ်ပြီး အဲဒီနေ့ညမှာပဲ ဗီယက်နမ်နိုင်ငံကိုပြန်မှာပါ။ ၂ ရက်နေ့မနက်ပိုင်းမှာ ရွှေတိဂုံဘုရားနဲ့ ဗိုလ်ချုပ်ဈေး ဖြစ်ဖြစ် အလည်အပတ်ပို့ပေးဖို့ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မင်းသမီးငုရင်ထန်မေသည် ၂၀၀၄ ခုနှစ်တွင်ဗီယက်နမ်အလှမယ်ဆုကိုရရှိခဲ့သလို အသားရေအလှဆုံးဆုကိုလည်းရရှိထားသူဖြစ်သည်။ ၂၀၀၄ ခုနှစ် မယ်စကြာဝဠာပြိုင်ပွဲတွင် အဆင့် ၁၅ နေရာကို ပိုင်ဆိုင်ထားသူဖြစ်သည်။ မင်းသားနေတိုးနှင့်ဗီယက်နမ်မင်းသမီး ငုရင်ထရန်မေတို့ရိုက်ကူးမည့်ဇာတ်ကားအား ၂၀၁၆ ခုနှစ်အတွင်း ထိုင်းဒါရိုက်တာတစ်ဦးက ရိုက်ကူးသွားမည်ဖြစ်သည်။

**စန္ဒာဝင်း**

## ဒန်နီရယ်လ်ရက်ဒ်ကလစ်ဖ်၏ အရက်ပြဿနာ



ကမ္ဘာတစ်ဝန်းရှိ ကလေးရောလူကြီးများပါ ကြိုက်နှစ်သက်ကြသည့် ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများတွင် ဇာတ်ဆောင်မင်းသား ဟယ်ရီပေါ်တာအဖြစ်ပါဝင်သရုပ်ဆောင်ခဲ့သော မင်းသား ဒန်နီရယ်လ်ရက်ဒ်ကလစ်ဖ်က ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများ၏ရိုက်ကူးရေးများရပ်နားထားသည့်နှစ်များအတွင်း သူ့အနေဖြင့် အရက်သမားလုံးလုံးဖြစ်သွားခဲ့ရကြောင်း နိုဝင်ဘာ ၁၈ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဟယ်ရီပေါ်တာရုပ်ရှင်၏ရိုက်ကူးရေး ပြီးဆုံးသွားပြီးနောက်ပိုင်းနေ့ရက်များတွင် အထီးကျန်ဝေဒနာကိုခံစားရပြီး ယင်းဝေဒနာကိုဖြေဖျောက်ရန်ကြိုးပမ်းရာမှ အရက်ကိုချည်း ဖိသောက်မိခဲ့ကြောင်း အသက် ၂၆ နှစ်အရွယ် ဗြိတိန်မင်းသား ဒန်နီရယ်လ်က ဆိုခဲ့သည်။


ယခုကဲ့သို့ အရက်ကိုမသောက်မနေနိုင်အောင်ဖြစ်လာပြီး အရက်သောက်ခြင်းဖြင့် သူ၏အချိန်များကို ဖြတ်ကျော်နိုင်အောင် ကြိုးစားရင်း အရက်အပေါ်မှီခိုလွန်းခဲ့သည့် သူ၏အဖြစ်တွင် အဓိကအကြောင်းအရင်းမှာ လက်တွေ့ဘဝကို ရင်ဆိုင်လက်ခံနိုင်သည့်အင်အား သူ့တွင် မရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း မင်းသားက သူ၏အခြေအနေကို သုံးသပ်ပြခဲ့သည်။

ဆင်လက်ပြီး မင်းသားက သူသည် ဟယ်ရီပေါ်တာဇာတ်လမ်းတွဲ ရိုက်ကူးနေစဉ်အတွင်း ရိုက်ကူးရေးရပ်နားသောနေ့များ၌လည်း တစ်ခါတစ်ရံ အရက်သောက်လေ့ရှိကြောင်းနှင့် ရိုက်ကူးရေးရပ်နားလိုက်ပြီးနောက်ပိုင်းမှသာ အရက်စွဲသွားခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။ သို့သော် မင်းသားက သူ့အနေဖြင့် ရိုက်ကွင်းပေါ်တွင်မူ အရက်လုံးဝသောက်လေ့မရှိကြောင်း ဆိုခဲ့သည်။

ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများပြီးနောက် ဒန်နီရယ်လ်အတွက် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းခဲ့သည့်ရုပ်ရှင်တစ်စုံတစ်ရာမရှိခဲ့ပေ။ ယနေ့အချိန်အထိ မင်းသားအနေဖြင့် သူ့အတွက် အခွင့်အရေးသစ်များကို ကိုယ်တိုင်ကြိုးစားရှာဖွေနေရဆဲဖြစ်သည်။ လတ်တလောတွင် ဒန်နီရယ်လ်သည် သရုပ်ဆောင်မင်းသမီး အယ်ရင်န်ဒါ့ခ်နှင့် တွဲနေကြောင်း ယူအက်စ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

**ခင်ခင်သက်**

## Finding Dory ကာတွန်းဇာတ်ကားအား ၂၀၁၆ အတွင်း ရုံတင်နိုင်တော့မည်




Finding Nemo ကာတွန်းဇာတ်ကားရဲ့ အဆက် Finding Dory ကာတွန်းကားကို ၂၀၁၆အတွင်းမှာ သေချာပေါက် ရုံတင်ပြသနိုင်မှာ ဖြစ်တယ်လို့ ဒစ္စနေပစ်ဇာရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဟောလ်တန်ဖျော်ဖြေရေး အွန်လိုင်းမီဒီယာကို သတင်းပေးခဲ့ပါတယ်။ ၂၀၀၃ခုနှစ်က အင်မတန်အောင်မြင်ခဲ့တဲ့ Finding Nemo ကာတွန်းဇာတ်ကားအပြီး ၁၃ နှစ်ကြာမှ Finding Dory ကာတွန်းဇာတ်ကားကို ပြသနိုင်မှာဖြစ်ပါတယ်။ အခုဆို Finding Dory ဇာတ်ကားက အရုပ်အသံပိုင်း အပြင် အခြားဖြည့်စွက်ရမယ့်နည်းပညာရပ်ပိုင်းတွေပါပြည့်စုံသွားပြီဖြစ်လို့ ၂၀၁၆ ဇွန် ၁၇ ရက်မှာ ရုံတင်နိုင်တော့မှာဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ အရင် Finding Nemo ဇာတ်ကားရဲ့ အဓိကဇာတ်ကောင်နီမိုက အရန်ဇာတ်ကောင်တစ်ခုအဖြစ်သာ ပါဝင်မှာဖြစ်ပြီး ၊ ဒေါ်ရီ၊ မာလင်နဲ့ နီမိုတို့ မိသားစုဘဝလေးတစ်ခုရရှိဖို့ ဘယ်လိုခက်ခက်ခဲခဲပြန်ပေါင်းစုံရသလဲဆိုတာကို ဇာတ်အိမ်ဖွဲ့ တင်ဆက်သွားမှာ ဖြစ်ပါတယ်။ အရင်ဇာတ်ကားမှာတော့ နီမိုလေးကို ဘယ်လိုပြန်ရှာတွေ့ခဲ့ရသလဲဆိုတာကို အဓိကထားကာ ဇာတ်လမ်းဆင်ထားပေမယ့် ဒီဇာတ်ကားမှာတော့ ဒေါ်ရီက အဓိကဇာတ်ကောင် ဖြစ်လာမှာဖြစ်ပါတယ်။

ဇာတ်လမ်းကိုတော့ အန်ဒရူးစတန်တန်၊ဗစ်တိုရီးယားစတောက်စ်နဲ့ ဘော့ပီတာဆန်တို့သုံးဦးပေါင်းရေးဖွဲ့ထားပြီး အန်ဒရူးစတန်တန်ကပဲ ဒါရိုက်တာအဖြစ်တာဝန်ယူရိုက်ကူးထားပါတယ်။ ဒီဇာတ်ကားမှာ ဒေါ်ရီအဖြစ် အလန်ဒီဂျန်နီးရက်စ်၊ နီမိုအဖြစ် ဟေဒင်ရိုစ်လန်းစ်၊ နီမိုရဲ့ဖခင် မာလင်အဖြစ် အဲဘတ်ဘရွတ်တို့က အဓိကအသံသရုပ်ဆောင်များအဖြစ်ပါဝင်ထားပါတယ်။ ဒစ္စနေပစ်ဇာကတော့ ဒီဇာတ်ကားကိုလည်း လေးနှစ်လောက်အချိန်ယူပြီး ကြိုးစားတင်ဆက်ထားတာကြောင့် အရင် Finding Nemo ကာတွန်းကားရဲ့ဝင်ငွေကို ချိုးဖျက်နိုင်မယ့်ကားတွန်းကားအဖြစ်မျှော်လင့်ထားတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

**မေလှဲ့သင်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၁ - ၁၁ -၂၀၁၅ (စနေနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ် |
| ၅း၄၀ | "မဟာသတိပဋ္ဌနသုတ္တန်" (အပိုင်း-၅)တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိသာရာဘိဝံသ) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Novotel Talent Show) |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၄၀ | Cartoon Series(Go Torara Go) |
| ၈း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၄၁) |
| ၉း၄၀ | Drive It |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (The 7 HABITS of Highly Effective People Press Conference) |
| ၁၁း၀၀ | Star တို့ရဲ့ လက်ရာ |
| ၁၁း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၄၁+၄၂) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အသည်းစားဘုရင်မ(အပိုင်း-၂] |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၇) |
| ၃း၄၅ | Fashion Week[မိုးကုတ်ပေါက် ပေါက်-Haung Kaung(Part-1)] |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၈) |
| ၇း၂၅ | Let's Talk |
| ၈း၀၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အသည်းစားဘုရင်မ(အပိုင်း-၃)] |
| ၈း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၄၂) |
| ၉း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၄၃+၄၄) |
| ၁၁း၁၀ | Forever Music Tribute Raggae (အပိုင်း-၂) |
| ၁၁း၅၀ | MRTV-4 Stage |
| ၀၁း၁၅ | World of Knowledge (America Lost Treasures Los Angeles) |
| ၃း၂၀ | Drive It |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၀ | မေတ္တာပို့ |
| ၆း၁၆ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၂၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၈း၅၅ | မြဝတီနေ့စဉ်သတင်း |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၀၇ | မျိုးချစ်တပ်မတော် |
| ၁၁း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - ချက်ကောင်း၊ နေမင်း၊ စိုးမြတ်သူဇာနှင့် သရုပ်ဆောင်များ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေအပိုင်း(၁၀) |
| ၁၄း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၄း၁၃ | ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၄း၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၅ | ကျန်းမာသုတ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၇၉) |
| ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | စားဖို့ဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ အပိုင်း(၁၉) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း လူ့ရွှင်တော်စတား ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၁၉) |

### mitv

| | |
|---|---|
| 07:03 | News |
| 07:26 | Great Shwedagon- Historic And Mysterious Places |
| 07:54 | Young Talents "Animator Swan Thura Htun" |
| 08:26 | Annually Held Hot-Air Balloon Releasing Festival |
| 08:39 | Kambawzathardi Golden Palace - A Treasured Legacy Of Golden Days |
| 08:54 | Myanmar Traditional Art Bronze Casting |
| 09:26 | Pa O in the Union |
| 09:49 | Paper Lantern Festival 2015 in Action |
| 10:26 | Ngapali, Unique Spot To Relax |
| 10:44 | Kyauk Gu Umin Cave Gu Pha Ya |
| 07:03 | News |
| 07:26 | Yathe Taung Township In A Nut-Shell |
| 07:50 | Paper Lantern Festival 2015 in Action |
| 08:26 | Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-2) Student Life & Early Literary Career |
| 08:52 | Paper Lantern Festival 2015 in Action |

# အကြမ်းဖက်တိုက်ခိုက်မှုတွေရဲ့ စိန်ခေါ်သံတညံညံနဲ့ ယူရို-၂၀၁၆

မေလွှသင်း






ယူရို-၂၀၁၆ဘောလုံးပြိုင်ပွဲ ကျင်းပဖို့နီးကပ်လာချိန်မှာ ဥရောပတိုက်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေရဲ့ စိန်ခေါ်မှုကလည်း အမြင့်ဆုံးအခြေအနေကိုရောက်ရှိနေတယ်လို့ ဆိုရတော့မှာပါ။ နိုဝင်ဘာ၁၃ရက်က ဖြစ်ပွားခဲ့တဲ့ ပဲရစ်အကြမ်းဖက်တိုက်ခိုက်မှုမှာ လူ၁၂၉ ဦး သေဆုံးခဲ့ပြီးနောက် ယူရိုဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားတဲ့ ပြင်သစ်နိုင်ငံရဲ့ လုံခြုံရေးအခြေအနေအပေါ် ဘောလုံးပရိသတ်တွေကသံသယဝင်လာခဲ့ကြပါပြီ။ ပဲရစ်မြို့ရဲ့ နေရာအနှံ့အပြားမှာ အသေခံဗုံးခွဲမှုတွေ ဖြစ်ခဲ့သလို ပြင်သစ်နိုင်ငံအမျိုးသား အားကစားကွင်း(စတိတ်ဒီဖရန့်ကွင်း)ရဲ့ ဝင်ပေါက်အပြင်ဘက်မှာ ဗုံးနှစ်လုံးဆင့်ပေါက်ကွဲခဲ့ပြီးနောက် လူသုံးဦးသေဆုံးခဲ့ကာ လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုက ပြင်သစ်နိုင်ငံမှာ အခုမှ စပြီးဖြစ်လာတာမဟုတ်ဘဲ ၂၀၁၅ ခုနှစ်အတွင်းမှာပဲ ပြီးခဲ့တဲ့ ဇန်နဝါရီ ၇ ရက်က ချာလီဟတ်ဒိုမဂ္ဂဇင်းတိုက်ကို အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် လူ ၁၂ ဦး သေဆုံးသွားခဲ့ပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ပါတယ်။ အကြမ်းဖက်သမားနှစ်ဦးက သရော်စာမဂ္ဂဇင်း ချာလီဟက်ဒိုရဲ့ အယ်ဒီတာတွေ၊ လက်ထောက်အယ်ဒီတာနဲ့ ကာတွန်းဆရာတွေကိုသာ အဓိကပစ်မှတ်ထားပြီး သတ်ဖြတ်ခဲ့ကြတာပါ။ အဲဒီနောက်ပဲရစ်မြို့က စူပါမားကတ်တစ်ခုမှာ အယ်မီဒီကိုလီဘာလေဆိုသူက ဓားစာခံလေးဦးကို သေနတ်နဲ့ ပစ်သတ်ခဲ့ပါသေးတယ်။

ဒါပေမယ့်လည်း ဒီအကြမ်းဖက်မှုဖြစ်ပွားပြီး တစ်နှစ်နီးပါးမပြည့်ခင်မှာပဲ အကြမ်းဖက်သမားတွေက ချာလီဟတ်ဒို တိုက်ခိုက်မှုထက် အဆပေါင်းများစွာ ကြီးမားတဲ့ ပဲရစ်ဗုံးခွဲတိုက်ခိုက်မှုကို အစီအစဉ်ချပြီး အကွက်ကျကျ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဥရောပနိုင်ငံအတော်များများက ဒီလိုအကြမ်းဖက်မှုတွေ များပြားနေတဲ့ ပြင်သစ်နိုင်ငံမှာ ယူရိုဖလားပွဲကျင်းပတာက အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပဲဆိုပြီး ဝေဖန်ခဲ့ကြတာပါ။

ဒါပေမယ့်လည်း ယူအီးအက်ဖ်အေကတော့ ပြင်သစ်နိုင်ငံမှာပဲ ယူရို-၂၀၁၆ ပြိုင်ပွဲကို ကျင်းပသွားမယ်လို့ ထပ်မံအတည်ပြုပေးခဲ့ပါတယ်။ သို့သော် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူအချို့ကတော့ ယူရိုပြိုင်ပွဲကို ပြင်သစ်နိုင်ငံမှာပဲ ကျင်းပဖို့ ဆုံးဖြတ်လိုက်တာက မီးနဲ့ကစားလိုက်တဲ့ ပွဲတစ်ပွဲပဲလို့ ကင်ပွန်းတပ်ခဲ့ကြပါတယ်။ ပဲရစ်ဗုံးခွဲတိုက်ခိုက်မှုက ယေဘုယျအားဖြင့် သာမန်ခြိမ်းခြောက်တိုက်ခိုက်မှုတစ်ခုပဲလို့ ကြည့်လို့ရတဲ့အနေအထားမှာ မရှိဘဲ ဒီထက်ပိုပြီး ကြီးမားတဲ့သက်ရောက်မှုတွေအများကြီး ရှိနေပါတယ်။ ပြင်သစ်မှာ ပြင်သစ်နိုင်ငံသားအဖြစ်ခံယူထားကြတဲ့ အာဖရိကနိုင်ငံသားတွေ အများအပြားရှိသလို ဗီဇာစနစ်ကို အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံတွေထက် ပိုမိုလျှော့ဈေးပေးတတ်တဲ့ ပြင်သစ်နိုင်ငံရဲ့ မူဝါဒကို ပြင်ဆင်ဖို့လိုအပ်နေပြီလို့တောင် ဝေဖန်မှုတွေရှိနေပါပြီ။ ဒါပေမယ့်လည်း ပြင်သစ်နိုင်ငံတစ်ခုတည်းမှာပဲ အကြမ်းဖက်တိုက်ခိုက်မှုကြုံတွေ့နေရတာမဟုတ်ဘဲ အခြားဥရောပနိုင်ငံတွေဖြစ်တဲ့ ဘယ်လ်ဂျီယံ၊ ဂျာမနီအပြင် တူရကီနိုင်ငံတို့မှာလည်း အကြမ်းဖက်ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နေရပါတယ်။

ပြင်သစ်နိုင်ငံက ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကို အောင်မြင်အောင်ကျင်းပနိုင်ခဲ့ပြီး ၁၆နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရမယ့် ယူရိုဖလားပြိုင်ပွဲကို ကျင်းပဖို့ အားခဲထားပါတယ်။ ဒါ့ကြောင့်လည်း လုံခြုံရေးအခြေအနေတွေအတွက် သင့်တင့်လျောက်ပတ်တဲ့ အစီအမံတွေကို လုပ်ဆောင်ထားတာကြောင့် ယူရိုပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်မယ်ဆိုတာ ယုံကြည်မှုအပြည့်ရှိတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ပြင်သစ်အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့တဲ့ ၁၉၈၄ယူရိုဖလားပွဲနဲ့ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ထားဖူးပါတယ်။ ဒါကြောင့် ပြင်သစ်အသင်းက လေးကြိမ်တိုင်ကျင်းပခွင့်ရတဲ့ အဓိကပြိုင်ပွဲကြီးထဲမှာမှ နှစ်ကြိမ်တိုင် ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်ခဲ့တာကြောင့် ၅၀ ရာခိုင်နှုန်းလောက် အောင်မြင်အောင်စွမ်းဆောင်နိုင်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ထားပါတယ်။

ဒါကြောင့် ဒီတစ်ကြိမ်မှာလည်း လူငယ်မျိုးဆက်သစ်ကစားသမားတွေရဲ့ ခြေစွမ်းနဲ့ ချန်ပီယံအဖြစ် ဗိုလ်စွဲဖို့ ကြိုးစားနေတဲ့ ပြင်သစ်အသင်းက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခွင့်ကို စွန့်လွှတ်လိုစိတ် မရှိတာက သဘာဝကျပါတယ်။ ဒါပေမယ့် ဘယ်လိုပဲ အာမခံချက်တွေပေးနေပါစေ အခုလို အကြမ်းဖက်တိုက်ခိုက်မှုတွေ ဆက်တိုက်ဖြစ်ပေါ်နေတဲ့ ပြင်သစ်နိုင်ငံမှာ လေးနှစ်မှ တစ်ကြိမ်ကျင်းပတဲ့ ဥရောပရဲ့ အမြင့်ဆုံးပြိုင်ပွဲကြီးကို ယုံယုံကြည်ကြည် ကျင်းပခိုင်းဖို့ဆိုတာ . . . ။

**ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲများနှင့် ယူရိုပြိုင်ပွဲများ**

| | |
|---|---|
| ၁၉၃၈ ခုနှစ် | ကမ္ဘာ့ဖလား |
| ၁၉၉၈ ခုနှစ် | ကမ္ဘာ့ဖလား |
| ၁၉၆၀ ခုနှစ် | ယူရိုဖလား |
| ၁၉၈၄ ခုနှစ် | ယူရိုဖလား |

## စိတ်ဝင်စားဖွယ်ပွဲစဉ်များနဲ့ ရက်သတ္တပတ်(၁)

ငွေကြယ်

***အခုတစ်ပတ်မှာတော့ ဥရောပလိဂ်ပြိုင်ပွဲတွေထဲကနေ ပရိသတ်စိတ်ဝင်စားဖွယ်ဖြစ်လာမယ့် ပွဲစဉ်အချို့ကို ရွေးချယ်ထုတ်နုတ်လို့ တင်ပြလိုက်ပါရစေ။ စိတ်ဝင်စားဖွယ်ပွဲစဉ်တွေဖြစ်လာမယ်လို့မျှော်လင့်ရတဲ့ ပွဲစဉ်တွေကိုတော့ ပရီမီယာလိဂ်မှာ မန်စီးတီးနဲ့လီဗာပူးပွဲစဉ်၊ စီးရီးအေမှာ ဂျူဗင်တပ်နဲ့ အေစီမီလန်ပွဲစဉ်၊ လာလီဂါမှာ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာပွဲစဉ်၊ ဘွန်ဒက်လီဂါမှာ ရှော်လ်ကေးနဲ့ဘိုင်ယန်မြူးနစ်ပွဲစဉ် စတဲ့ လိဂ်လေးလိဂ်မှာ ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲစဉ်တွေအဖြစ် ရွေးချယ်ထားတာဖြစ်ပါတယ်။***

**မန်စီးတီး နဲ့ လီဗာပူး**

မန်စီးတီးဟာ အခုနှစ်ဘောလုံးရာသီမှာ ချန်ပီယံဖြစ်ဖို့ အလားအလာကောင်းနေတဲ့ အသင်းအဖြစ် ရေပန်းစားနေတဲ့အသင်း၊ ပြီးတော့ လက်ရှိအမှတ်ပေးဇယားမှာလည်း ပွဲစဉ်(၁၂)အပြီး ဒုတိယနေရာက အာဆင်နယ်နဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ ဇယားထိပ်ကို ဦးဆောင်နေတဲ့ အသင်းလည်းဖြစ်တယ်။ လီဗာပူးကတော့ ပရီမီယာလိဂ်မှာ အသင်းကြီးစာရင်းဝင်တယ်ဆိုပေမယ့် ပွဲစဉ်(၁၂)အပြီးမှာတော့ အဆင့်(၁၀)နေရာမှာ ရပ်တည်နေတယ်။ လက်ရှိအချိန်အထိ ထိပ်တိုက်တွေ့ဆုံမှု ၁၅၂ကြိမ်ရှိခဲ့ရာမှာ မန်စီးတီးက ၄၁ ပွဲနိုင်ထားပြီး လီဗာပူးကတော့ ၇၁ ပွဲအထိ နိုင်ပွဲရရှိထားတယ်။ ကျန်တဲ့ပွဲ ၄၀ ကတော့ သရေပွဲဖြစ်ထားတယ်။

နောက်ဆုံး ၁၀ ကြိမ်တွေ့ဆုံမှုမှာတော့ မန်စီးတီးနဲ့ လီဗာပူးတို့ဟာ သုံးပွဲစီနိုင်ပြီး ကျန်တဲ့လေးပွဲမှာ သရေပွဲနဲ့ ပြီးဆုံးခဲ့တယ်။ မန်စီးတီးအိမ်ကွင်းမှာဆို လီဗာပူး အသာစီးမရခဲ့သလို လီဗာပူးအိမ်ကွင်းမှာဆိုလည်း မန်စီးတီး အသာမရခဲ့ဘူး။ အခုကစားရမှာကလည်း မန်စီးတီးအိမ်ကွင်းဖြစ်နေတယ်။ လက်ရှိမှာလည်း ၁၂ ပွဲကစားအပြီးမှာ ရှစ်ပွဲအထိ နိုင်ပွဲရရှိထားပြီး ရလဒ်ကောင်းတစ်ခုကို ဆောင်ကြဉ်းထားနိုင်ခဲ့တယ်။ အဂ္ဂူရိုနဲ့ စတားရစ်ရ်တို့ ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်လို့ သက်ဆိုင်ရာအသင်းတွေနဲ့ အတူပြန်လည်ပါဝင်လာမှာမို့ ပြိုင်ဆိုင်မှုလည်း ပြင်းထန်လာပါလိမ့်မယ်။ ဒါပေမယ့် မန်စီးတီးက အိမ်ကွင်း အားသာချက်ရှိတာမို့ ရလဒ်ပိုင်းကို စိုးမိုးသွားဖို့ရှိနေတယ်။

**ဂျူဗင်တပ် နဲ့ အေစီမီလန်**

အခုနှစ်ရာသီမှာ ဂျူဗင်တပ်နဲ့အေစီမီလန်တို့ရဲ့ ရလဒ်တွေဟာ အကောင်းဆုံးအနေအထားတစ်ရပ်ကို မရောက်ရှိခဲ့ပါဘူး။ ဂျူဗင်တပ်ဟာ ပြီးခဲ့တဲ့ရာသီက စီးရီးအေ ချန်ပီယံဖြစ်ထားခဲ့ပေမယ့် အခုနှစ်မှာတော့ ၁၂ပွဲကစားအပြီးမှာ ငါးပွဲသာအနိုင်ရရှိထားခဲ့တာကြောင့် ရမှတ် ၁၈ မှတ်နဲ့အဆင့်(၇)နေရာကို ရောက်နေပါတယ်။ အေစီမီလန်ကတော့ ခြောက်ပွဲနိုင်ထားပြီး ရမှတ် ၂၀ နဲ့အဆင့်(၆)နေရာမှာ ရပ်တည်နေပါတယ်။ လက်ရှိခြေစွမ်းအတိုင်းဆိုရင်တော့ ဂျူဗင်တပ်ဟာ စီးရီးအေ ချန်ပီယံဖြစ်ခွင့်နဲ့ လွဲရတော့မယ့်အနေအထားပါ။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်ရင် ၄၉ ပွဲမှာ ဂျူဗင်တပ်က ၂၁ပွဲအထိ အနိုင်ရထားတယ်။ အေစီမီလန်ကတော့ ၂၀၁၀-၂၀၁၁ မှာ စီးရီးအေ ချန်ပီယံဖြစ်ခဲ့ပြီး နောက်ပိုင်း ဂျူဗင်တပ်နဲ့ ထိပ်တိုက်ဆုံခဲ့တဲ့ နောက်ဆုံး ၁၀ ကြိမ်မှာ ခြောက်ပွဲအထိ ရှုံးပွဲကြုံထား တယ်။ နှစ်ပွဲသာအနိုင်ရခဲ့ပြီး နှစ်ပွဲသရေဖြစ်ထားတဲ့အသင်းလည်း ဖြစ်တယ်။ ပြီးတော့ ဂျူဗင်တပ်ဟာ စီးရီးအေဖလားကို ၃၁ ကြိမ်အထိ ရယူထားနိုင်ခဲ့သလို နောက်ဆုံးလေးနှစ်ဆက်တိုက်လည်း ချန်ပီယံဖြစ်ထားတယ်။ အခုကစားရမှာလည်း ဂျူဗင်တပ်အိမ်ကွင်းဖြစ်တာမို့ အေစီမီလန်ကို အနိုင်ကစားသွားနိုင်မယ့် အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်ရမယ့် အနေအထားကို ရောက်နေပါတယ်။

**ရှော်လ်ကေး နဲ့ ဘိုင်ယန်မြူးနစ်**

ရှော်လ်ကေးအသင်းဟာ အိမ်ကွင်းမာတဲ့ အသင်းဖြစ်ပေမယ့် လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်ကိုတော့ ယှဉ်နိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ဟာ နည်းပြပေးနက်လက်ထက်နောက်ဆုံးနှစ်မှာ တစ်နှစ်တည်း ဖလားသုံးလုံးရယူထားနိုင်ခဲ့သလို ဂွါဒီယိုလာလက်ထက်မှာလည်း ချန်ပီယံဆုဖလားတွေ ရရှိထားခဲ့တဲ့အသင်းလည်း ဖြစ်တယ်။ အခုနှစ်မှာလည်း မူလာ၊ လီဝမ်ဒေါ်စကီး စတဲ့ တိုက်စစ်ပိုင်း ထူးချွန်တဲ့ ကစားသမားတွေရဲ့ သွင်းဂိုးတွေနဲ့ အတူ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခဲ့တယ်။ အမှတ်ပေးဇယားဒုတိယနေရာက ဒေါ့မွန်အသင်းကို ၁၅ မှတ်အထိ ဖြတ်ထားနိုင်တာမို့အခုနှစ်မှာလည်း ဘွန်ဒက်လီဂါချန်ပီယံဖြစ်ဖို့ အလားအလာကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားတဲ့ အသင်းလည်းဖြစ်တယ်။ အိမ်ကွင်းပွဲစဉ်အားလုံး အနိုင်ရထားသလို အဝေးကွင်းငါးပွဲမှာလည်း လေးပွဲအထိ အနိုင်ရထားပြီး ပွဲစဉ်(၁၂)အပြီးမှာ တစ်ပွဲသာရှုံးပွဲရှိခဲ့တာကြောင့် အခုရှော်လ်ကေးရဲ့အိမ်ကွင်းကို သွားရောက်ကစားရမှာဆိုပေမယ့် အဝေးကွင်းကနေအပြန်မှာ အနိုင်ရလဒ်သုံးမှတ် အပြည့်ရယူပြီး ပြန်လာဖို့ရှိနေပါတယ်။

**ရီးယဲလ်မက်ဒရစ် နဲ့ ဘာစီလိုနာ**

လက်ရှိချန်ပီယံ ဘာစီလိုနာကတော့ အခုနှစ် လာလီဂါအမှတ်ပေးဇယားမှာလည်း ထိပ်ဆုံးကနေ ဦးဆောင်နေဆဲပဲဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့ ထိပ်တိုက်ဆုံတွေ့မှုကို အယ်လ်ကလက်စီကိုပွဲစဉ်အဖြစ် သတ်မှတ်ထားပြီး ဒီနှစ်သင်းထိပ်တိုက်ဆုံတွေ့ခဲ့တဲ့ ပွဲစဉ်ပေါင်း ၂၂၉ ပွဲအထိ ရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်က ၉၂ ပွဲအနိုင်ရရှိထားပါတယ်။ ဘာစီလိုနာကတော့ ၈၉ ပွဲပဲ အနိုင်ရရှိထားပါတယ်။ လာလီဂါထိပ်သီးနှစ်သင်းရဲ့ ကစားသမားအများစုဟာ ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေဖြစ်နေတဲ့အပြင် ဘာစီလိုနာအသင်းဟာ မက်ဆီမပါဝင်နိုင်တဲ့ ပွဲစဉ်တွေမှာတောင် နေမာနဲ့ ဆွာရက်ဇ်တို့ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရလဒ်တွေ ဆောင်ကြဉ်းထားနိုင်ခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းမှာလည်း စီရိုနယ်လ်ဒိုနဲ့ ဘင်ဇီမာတို့ကို အရင်ပွဲစဉ်တွေက အားကိုးခဲ့ရသော်လည်း လက်ရှိအနေအထားအရ ဂါရတ်ဘေးလ်နဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့လည်း ပြန်လည်ပါဝင်လာဖို့ရှိနေတာမို့ တိုက်စစ်အားပြိုင်မယ့် ပွဲစဉ်တစ်ပွဲလို့လည်း ဆိုရမှာပါ။ ဘာစီလိုနာဟာ ပြီးခဲ့တဲ့နှစ်က တစ်နှစ်တည်းဖလားသုံးလုံးရယူထားနိုင်ခဲ့တဲ့ စွမ်းအားတွေဟာ အခုနှစ်အထိ အသက်ဝင်လာတယ်လို့ပဲ ဆိုရမလား။ မက်ဆီမပါဝင်နိုင်တဲ့ ပွဲစဉ်အများအပြားရှိခဲ့တာတောင် နေမာနဲ့ ဆွာရက်ဇ်တို့ရဲ့ ရုန်းအားက ဘာစီလိုနာအတွက် အားတက်စရာဖြစ်လာခဲ့တယ်။ ဒီနှစ်သင်းရဲ့ အယ်လ်ကလက်စီကိုပြိုင်ပွဲမှာ အမှားအယွင်းတစ်စုံတစ်ရာရှိတာနဲ့ အခွင့်အရေးကိုကောင်းကောင်းအသုံးချနိုင်မယ့်အသင်းက အကောင်းဆုံးရလဒ်ကို ယူဆောင်သွားမှာပါ။ လက်ရှိမှာတော့ ဘာစီလိုနာနဲ့ရီးယဲလ်မက်ဒရစ်ဟာ ပွဲစဉ်(၁၂)အပြီးမှာ ဘာစီလိုနာက သုံးမှတ်ဖြတ်ထားနိုင်တာမို့ ဘာစီလိုနာအနေနဲ့ အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်ကို ခြောက်မှတ်အထိ အမှတ်ဖြတ်သွားနိုင်မလား။ ဒါမှမဟုတ် ရီးယဲလ်မက်ဒရစ်ကပဲ ဘာစီလိုနာနဲ့ ရမှတ်တူဖြစ်သွားမလားဆိုတာလည်း စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။ ဒီပွဲရဲ့ရလဒ်ဟာ အသင်းကြီးနှစ်သင်းရဲ့ ချန်ပီယံဖြစ်ရေးလားရာကို အဆုံးအဖြတ်တစ်ခုဖြစ်လာနိုင်တာမို့ သရေရလဒ်သာဖြစ်သွားဖို့များနေပြီး အနိုင်ရခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ ခက်ခဲပါလိမ့်မယ်။



## အားကစား

# အယ်လ်ကလက်စီကိုပွဲစဉ်တွင် ဂါရတ်ဘေးလ် ပါဝင်လာမည်

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ၎င်း၏ဒဏ်ရာ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် နိုဝင်ဘာ ၂၁ ရက်တွင် ဥရောပချန်ပီယံဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် အယ်လ်ကလက်စီကိုပွဲစဉ်တွင် ပါဝင်လာရန်အသင့်အနေအထားတွင်ရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ခြေသလုံးဒဏ်ရာပြဿနာကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ် ၁၅ ခုတွင် ခုနစ်ပွဲသာလျှင် ပွဲထွက်ကစားနိုင်ခဲ့ပြီး ပြီးခဲ့သည့်သီတင်းပတ်က ဝေလအသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင်လည်း ဝေလအသင်းနှင့်အတူ ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။

"ခြေသလုံးဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်လောက် အသင်းနဲ့အတူ မပါဝင်နိုင်ခဲ့ဘဲ အရန်ခုံမှာပဲ ကျေနပ်ခဲ့ရပါတယ်။ အဲဒါကြောင့် အခုနှစ်ဘောလုံးရာသီရဲ့ ပြိုင်ပွဲအတော်များများကို ပါဝင်ပွဲထွက်ကစားဖို့ အခွင့်မသာခဲ့ပါဘူး"ဟု တိုက်စစ်မှူး ဂါရတ်ဘေးလ်က ရီးယဲလ်မက်ဒရစ်အသင်း၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့် ပြောကြားခဲ့သည်။

**ငွေကြယ်**





# မာရှယ်လ် ၏ ဒဏ်ရာ စိုးရိမ်စရာအခြေအနေမဖြစ်ရန် ဝိန်းရွန်းနီ မျှော်လင့်

**မေ လွဲ့ သင်း**

မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီက ကလပ်အသင်းကစားဖော် အန်ထော်နီမာရှယ်လ်၏ ဒဏ်ရာမှာ ကာလကြာရှည်အနားယူရသည့် စိုးရိမ်စရာအနေအထားမဖြစ်ရန်မျှော်လင့်မိကြောင်း အီးအက်စ်ပီအင်န်သတင်းဌာနသို့ပြောသည်။ မာရှယ်လ်သည် ပြင်သစ်နှင့် အင်္ဂလန်အသင်းတို့ယှဉ်ပြိုင်ခဲ့သည့် ချစ်ကြည်ရေး ခြေစမ်းပွဲ ပွဲကစားချိန် ၆၇ မိနစ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့ပြီးနောက် လူစားလဲခဲ့ရသည်။ ဝိန်းရွန်းနီကမူ မန်ယူအသင်းဘက်မှလည်းကောင်း၊ သူ၏ ပုဂ္ဂိုလ်ရေးအမြင်အရသော်လည်းကောင်း မာရှယ်လ်၏ ဒဏ်ရာမှာ စိုးရိမ်စရာအခြေအနေမျိုးမရှိရန် မျှော်လင့်မိကြောင်းဆိုခဲ့သည်။

အဆိုပါပွဲစဉ်၌ ပြင်သစ်က အင်္ဂလန်အားနှစ်ဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့သော်လည်း မာရှယ်လ်မှာ သူ၏ကစားဟန်အတိုင်းပြိုင်ဘက်နောက်တန်းကို ထိထိရောက်ရောက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ပြင်သစ်အသင်းနည်းပြ ဒီဒီယာဒက်ချွမ့်စ်ကမူ မာရှယ်လ်၏ ဒဏ်ရာမှာ အနည်းငယ်သာ နာကျင်မှုရှိသဖြင့် ဆိုးရွားသည့်ဒဏ်ရာမဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့သည်။

ဝိန်းရွန်းနီက လက်ရှိဘောလုံးလောကတွင် ဆယ်ကျော်သက်ကစားသမားများ၏ ခြေစွမ်းမှာ ဘောလုံးပရိသတ်များအတွက် မှတ်မှတ်ထင်ထင်ဖြစ်စေခဲ့ပြီး အင်္ဂလန်တွင် ဒယ်လ်လီအလီ၊ အဲရစ်ဒီယာတို့ရှိနေသလို ပြင်သစ်တွင်လည်း မာရှယ်လ်ရှိနေကြောင်းချီးကျူးစကားဆိုခဲ့သည်။ ဝက်ဖို့ဒ်အားရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်(၁၃)တွင် မာရှယ်လ်ဒဏ်ရာရရှိနေသဖြင့် မန်ယူ၏တောင်ပံတိုက်စစ်တွင် ဒီပေးကိုသာ ဦးစားပေးကစားသမားအဖြစ် ပွဲထွက်ကစားစေရန်အလားအလာများနေသည်။

### နိုဝင်ဘာ ၂၁ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| ဝက်ဖို့ဒ် | မန်ယူ | ည-၇း၁၅ |
| ဝက်စ်ဘရွန်း | အာဆင်နယ် | ည-၉း၃၀ |
| အဲဗာတန် | ဗီလာ | ည-၉း၃၀ |
| ဆွမ်ဆီး | ဘုန်းမောက် | ည-၉း၃၀ |
| နယူးကာဆယ် | လက်စတာ | ည-၉း၃၀ |
| ချယ်လ်ဆီး | နော့ဝှစ်ချ် | ည-၉း၃၀ |
| ဆောက်သမ်တန် | စတုတ်စီးတီး | ည-၉း၃၀ |
| မန်စီးတီး | လီဗာပူး | ည-၁၂း၀၀ |

**စပိန်လာလီဂါ ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| ဆိုစီဒက် | ဆီဗီလာ | ည-၉း၃၀ |
| ရီးယဲလ်မက်ဒရစ် | ဘာစီလိုနာ | ည-၁၁း၄၅ |
| အက်စ်ပန်ညို | မာလာဂါ | နံနက်-၂း၀၀ |
| ဗလန်စီယာ | လက်စ်ပဲလ်မက်စ် | နံနက်-၃း၃၀ |
| ဒီပို့တီဗို | ဆယ်တာဗီဂို | နံနက်-၃း၃၅ |

**စီးရီးအေ ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| ဘိုလော့နာ | ရိုးမား | ည-၁၁း၃၀ |
| ဂျူဗင်တပ် | အေစီမီလန် | နံနက်-၂း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၂**

| | | |
|---|---|---|
| ဂလာဘတ် | ဟန်နိုဗာ | ည-၉း၀၀ |
| ဝုဖ်ဘတ် | ဝါဒါဘရီမင် | ည-၉း၀၀ |
| စတုဂတ် | အော့စ်ဘတ် | ည-၉း၀၀ |
| ဖရန့်ဖတ် | လေဗာကူဆင် | ည-၉း၀၀ |
| ကိုလုံး | မိန့်ဇ် | ည-၉း၀၀ |
| ရှော်လ်ကေး | ဘိုင်ယန်မြူးနစ် | ည-၁၂း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၄**

| | | |
|---|---|---|
| လောရီယန့် | ပီအက်စ်ဂျီ | ည-၁၀း၃၀ |
| မိုနာကို | နန့်တက်စ် | နံနက်-၁း၃၀ |
| ဂူအင်ဂမ့် | တူးလော့စ် | နံနက်-၁း၃၀ |
| ထရွိုင်ယက်စ် | လိုင်လီ | နံနက်-၁း၃၀ |
| မောင့်ပယ်လီယာ | ရိန်းစ် | နံနက်-၁း၃၀ |
| ဘက်စတီယာ | ဂါဇီလက် | နံနက်-၁း၃၀ |

**မောင်မောင်ဇော်**

*စပိန်လာလီဂါပွဲစဉ်(၁၂)ကို လာမယ့် နိုဝင်ဘာ ၂၁၊ ၂၂၊ ၂၃၊ ၂၄ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ် (၁၂) မှာတော့ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာဆုံတွေ့တဲ့ အယ်လ်လက်စီကို ပွဲစဉ်ပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမှာ သေချာနေသလို ဆယ်တာဗီဂို၊ ဗီလာရီးယဲလ်တို့နိုင်ပွဲပြန်ရယူနိုင်မလားဆိုတာ စောင့်ကြည့်သွားရမှာပါ. . .*

# ရီးယဲလ် - ဘာစီလိုနာပွဲကြောင့် ပရိသတ်တွေ ရင်ခုန်ရမယ့် စပိန်လာလီဂါပွဲစဉ် - ၁၂

**ရှိုင်း မင်း မင်း**



**ဆိုစီဒက်-ဆီဗီလာ ည ၉း၃၀(၂၁-၁၁-၁၅)**

နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ရီးယဲလ်ကို အနိုင်ရခဲ့တဲ့ ဆီဗီလာရဲ့ခြေက အတော်လေးကောင်းမွန်ပါတယ်။ ဆီဗီလာဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ခြေစွမ်းပိုင်းအတော်ကျဆင်းတတ်ပြီး အခုအဝေးကွင်း နိုင်ပွဲမရသေးပါဘူး။ ဒါပေမယ့် ဆိုစီဒက်ရဲ့ခြေကလည်း သာမန်ထက်နိမ့်သော ဆီဗီလာ ဒီပွဲမှာ အနိမ့်ဆုံးသရေလောက်ရမှာပါ။

**ရီးယဲလ် - ဘာစီလိုနာ ည ၁၁း၃၀(၂၁-၁၁-၁၅)**

ဘာစီလိုနာက နိုင်ပွဲတွေဆက်နေပေမယ့် ကစားပုံထင်သလောက်မကောင်းပါဘူး။ မက်ဆီမပါဝင်နိုင်ချိန်မှာ တိုက်စစ်ကဖန်တီးနိုင်မှုပါ ကျဆင်းလာပါတယ်။ ဒီပွဲမှာလည်း မက်ဆီပါဝင်ဖို့က မသေချာသေးလို့ ဘာနေဗျူးမှာ ရီးယဲလ်ကိုအသာစီးရယူနိုင်ဖို့ ခက်ပါလိမ့်မယ်။ ရီးယဲလ်ကသာကပ်နိုင်သွားမယ်လို့ ယူဆမိပါတယ်။

**အက်စ်ပန်ညို-မာလာဂါ နံနက် ၂း၀၀(၂၂-၁၁-၁၅)**

မာလာဂါက အခုအချိန်အထိ အဝေးကွင်းနိုင်ပွဲမရှိသေးဘူး။ အသင်းလိုက်ကစားပုံကလည်း တည်ငြိမ်မှုမရှိတာ တွေ့ရတယ်။ အက်စ်ပန်ညိုရဲ့ခြေကလည်း သာမန်သာရှိတယ်ဆိုပေမယ့် အိမ်ကွင်းအားနဲ့ဖိအားပေးလာမှာကို သတိပြုရမှာပါ။ အိမ်ကွင်းတိုက်စစ်ပိုင်းအားနည်းတတ်ပေမယ့် အက်စ်ပန်ညိုပဲ ကပ်နိုင်ဖို့ရှိတယ်။

**ဗလန်စီယာ-လက်စ်ပဲလ်မက်စ် နံနက်၃း၃၀(၂၂-၁၁-၁၅)**

ဗလန်စီယာက ဒီရာသီမှာ ခြေစွမ်းပိုင်းမတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းကစားတာ သိပ်ကောင်းတယ်။ အိမ်ကွင်း ငါးပွဲမှာ အရှုံးမရှိကစားထားနိုင်ပြီး ပေးဂိုးကလည်း တစ်ဂိုးသာရှိသေးတဲ့အထိ ကျစ်လျစ်မှုရှိတာကြောင့် လက်စ်ပဲလ်မက်စ်လိုအသင်းမျိုးကို အသာရဖို့ မခက်နိုင်ဘူး။ ဗလန်စီယာအနိုင်သေချာတယ်။

**ဒီပို့တီဗို - ဆယ်တာဗီဂို နံနက် ၃း၃၅(၂၂-၁၁-၁၅)**

ဆယ်တာဗီဂိုက နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲရှုံးခဲ့ပေမယ့် ခြေကျသွားပြီလို့ မပြောနိုင်ဘူး။ ဗလန်စီယာနဲ့ ရီးယဲလ်တို့လို အသင်းကောင်းတွေကိုသာ ရှုံးခဲ့တာဖြစ်တယ်။ ဒါ့အပြင် ဆယ်တာဗီဂိုဟာ အဝေးကွင်းမှာ ရှုံးပွဲမရှိသေးတာ သတိပြုရမယ်။ ဒါကြောင့်ခြေကျနေတဲ့ ဒီပို့တီဗိုကို တံ့ပြန်ဖို့မခက်နိုင်ဘူး။ ဆယ်တာဗီဂိုအနိမ့်ဆုံး သရေရမယ်။

**ဂီဂွန် - လီဗန်တေး ညနေ ၅း၃၀(၂၂-၁၁-၁၅)**

လီဗန်တေးက ဒီရာသီမှာလည်း ခြေစွမ်းပိုင်းကျဆင်းနေပြီးအခုအထိနိုင်ပွဲတစ်ပွဲသာ ရထားသေးတယ်။ အထူးသဖြင့် လီဗန်တေးက တိုက်စစ်ပိုင်းအားနည်းမှုတွေရှိနေလို့ ဂီဂွန်ကိုတံ့ပြန်ဖို့ခက်မယ်။ ဂီဂွန်ခြေကသာမန်သာရှိတယ်ဆိုပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာပါ။ အိမ်ကွင်းမှာ ဂီဂွန်ပဲနိုင်ပွဲရသွားဖို့ ရှိတယ်။

**ဗီလာရီးယဲလ် - အီဘား ည ၉း၃၀(၂၂-၁၁-၁၅)**

အီဘားခြေက တည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်တယ်။ အဝေးကွင်းပွဲစဉ်တွေမှာတောင် ကစားပုံတည်ငြိမ်တတ်ပြီး အရှုံးတစ်ပွဲသာရှိသေးတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်က အိမ်ကွင်းခြေအထူးကောင်းမွန်မှုရှိပြီး အိမ်ကွင်းငါးပွဲမှာ လေးပွဲအထိ အနိုင်ကစားထားနိုင်တယ်။ ကစားသမားအင်အားပိုင်းလည်းကွာလို့ ဒီပွဲမှာတော့ အီဘားရှုံးပွဲကြုံသွားရနိုင်တယ်။

**ဂရန်နာဒါ - ဘီဘာအို ည ၁၁း၄၅ (၂၂-၁၁-၁၅)**

အခုနောက်ပိုင်းမှာ ဘီဘာအိုခြေပြန်လည်ကောင်းမွန်လာတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲလုံးဝမရှိခဲ့သလို လေးပွဲတိတိအနိုင်ရခဲ့တယ်။ ဘီဘာအိုဟာ အဝေးကွင်းပွဲစဉ်တွေမှာ ခြေကျဆင်းတတ်တယ် ဆိုပေမယ့်လည်း ဂရန်နာဒါကခြေစွမ်းပိုင်းအတော်လေး အားနည်းတဲ့အသင်းပါ။ ဒါကြောင့် ဘီဘာအိုပဲနိုင်ပွဲရမယ်။

**ဘက်တစ် - အက်သလက်တီကို နံနက် ၂း၀၀(၂၃-၁၁-၁၅)**

ရီးယဲမက်ဒရစ်နဲ့ ဘာစီလိုနာဆုံတွေ့နေချိန်မှာ အက်သလက်တီကိုတို့ ဒီပွဲစဉ်ကို အနိုင်ရအောင် ကစားပါလိမ့်မယ်။ ဘက်တစ်က အိမ်ကွင်းပွဲစဉ်တွေမှာတောင် ရလဒ်ကောင်းရအောင် ရုန်းကန်နေရဆဲပါ။ အထူးသဖြင့် ဘက်တစ်ရဲ့တိုက်စစ်ဟာ အဆုံးသတ်ပိုင်း အားနည်းလွန်းလို့ အက်သလက်တီကိုအခွင့်အရေးရနိုင်ပြီး နိုင်ပွဲလည်းရသွားမှာပါ။

**ဂီတာဖေး-ဗယ်လီကာနို နံနက် ၂း၀၀(၂၄-၁၁-၁၅)**

ဂီတာဖေးကခြေသာမန်သာရှိပေမယ့် အိမ်ကွင်းပွဲစဉ်တွေမှာ ခံစစ်၊ တိုက်စစ်မျှတအောင်ကစားနိုင်သလို လက်ရှိရထားတဲ့ နိုင်ပွဲအားလုံးကိုလည်း အိမ်ကွင်းမှာ ရယူထားနိုင်တာဖြစ်တယ်။ ဗယ်လီကာနိုကတော့ အဝေးကွင်းခြေသာမန်ထက်နိမ့်ပြီး အဝေးကွင်းငါးပွဲမှာ လေးပွဲအထိရှုံးနိမ့်ခဲ့ရတယ်။ ဂီတာဖေးကပ်နိုင်မယ်။

## သန်လျင်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ တစ်ဦးသေ



**ရန်ကုန် နိုဝင်ဘာ ၂၀**

သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်း၌ နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် တစ်ဦးသေဆုံးကြောင်း သိရသည်။

သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းအတိုင်း မြောက်မှ တောင်သို့ သယ်န်းကျွန်းမြို့နယ်နေ ယာဉ်မောင်း အေးသွင်(၅၂)နှစ် မောင်းနှင်လာသော 2H/.... တိုယိုတာဒိုင်နာအဖြူရောင်ယာဉ်သည် နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီခွဲခန့်က မြရွှေဝါဆန်စက်ရှေ့အရောက် ရှေ့မှ မောင်းနှင်လျက်ရှိသော ယာဉ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ ဒဂုံဆိပ်ကမ်းမြို့နယ်နေ ယာဉ်မောင်း ဦးစန်းအောင်(၄၇)နှစ် မောင်းနှင်လာသောယာဉ်အမှတ် 4G/.... ဟွန်ဒိုင်းအဖြူရောင် ၁၀ ဘီး ဆီသယ်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် အေးသွင်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သန်လျင်မြို့မှ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မုံရွာမြို့၌ နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွား

**မုံရွာ နိုဝင်ဘာ ၂၀**

လူမရှိသည့်နေအိမ်အတွင်းမီးလောင်မှုတစ်ခု နိုဝင်ဘာ ၁၉ ရက်မွန်းလွဲပိုင်းက မုံရွာမြို့ ဇလုတ်ရပ်ကွက်၌ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာနယ်မြေရဲစခန်းမှ ရဲအုပ်သိန်းဆွေနှင့်အဖွဲ့၊ မုံရွာမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့်အဖွဲ့တို့သည် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရွှေဇလုတ်အရှေ့ရပ်ကွက်နေ ကိုမောင်တင့်၏နေအိမ်တွင်လူမရှိဘဲ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်မှုကြောင့် နေအိမ်၌တပ်ဆင်ထားသော မီတာဘောက်စ်နှင့် အိမ်အတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရသဖြင့် မီးလောင်မှုနှင့်ပတ်သက်၍ မုံရွာမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




## အပျော်စီးချားရဟတ် ဝင်ရိုးပြုတ်ကျ၍သေဆုံး

**သထုံ နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာတွင် နှစ်စဉ်ကျင်းပသည့် မြသိန်းတန်ဘုရားပွဲကျင်းပစဉ် နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီခွဲခန့်က ပွဲခင်းအတွင်းရှိ တက်နေဝန်းအပျော်စီးချားရဟတ်မှ ဝင်ရိုးပြုတ်ကျသဖြင့် ရဟတ်တွဲဆိုင်းတွင်လိုက်ပါစီးနင်းသည့် အသက် (၁၃) နှစ်ရှိ သတ္တမတန်းကျောင်းသူတစ်ဦး ရဟတ်သံဒေါက်တိုင်ပိမိ၍ ဖြစ်စဉ်နေရာတွင် သေဆုံးခဲ့ကာ အတူလိုက်ပါစီးနင်းသူ အသက် (၁၄) နှစ်ခန့်ရှိ လူငယ်တစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အဆိုပါဘုရားပွဲ တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါဖြစ်စဉ်တွင် နောင်ကုလားပန်းတိမ်ရွာနေ သတ္တမတန်းကျောင်းသူ မဆုနှင်းဝေကျော် (ခ) ဖူးဖူးမှာ သံဒေါက်တိုင်ပိမိကာ နေရာတွင်သေဆုံးခဲ့ပြီး အတူလိုက်ပါစီနင်းသူ မောင်နန္ဒရဲထွဋ်မှာ ဒဏ်ရာများရရှိခဲ့ကာ တက်နေဝန်းချားရဟတ်ပိုင်ရှင် ဦးအောင်ဆုမှာ ရှောင်တိမ်းလျက်ရှိပြီး ၎င်းနှင့်ချားရဟတ်လုပ်သား နှစ်ဦးတို့အား သထုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိပ်မူကျေးရွာ ရပ်ကွက်(၄)နေ ကျော်သိန်းနှင့် ဖိုးကြွယ်တို့ ငှားရမ်းနေထိုင်သည့် အခန်းကို နိုဝင်ဘာ ၁၈ ရက်ကရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၉၀တို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်က မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှ မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက် ရွှေလိပ်ပြာတည်းခိုခန်းရှေ့ သဇင်လမ်းမပေါ်တွင်တွေ့ရှိသူ ကိုဦး(ခ) ဆောင်းကိုကိုဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၄ ပြားကို လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်က လောက်ကိုင်မြို့နယ် နယ်မြေခံတပ်မှ တာရွှေထန်ကျေးရွာရှိ လူမနေသည့် ဈေးဆိုင်ခန်း တစ်ခုအတွင်း ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းနှင့် တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(ကြေးမုံ)**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့သော (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးပွဲ၏ ASEAN Winner for ASEAN Business Awards 2015 အာဆီယံစီးပွားရေး ထူးချွန်ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံမှ အောက်ပါစီးပွားရေးလုပ်ငန်းရှင်များမှ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းခံကြရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

- ASEAN Woman Entrepreneurs Award ပထမဆု
  Kanbawza Bank Limited နှင့် KBZ Group of Companies ၏ ဒုတိယဥက္ကဋ္ဌ
  သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး-
  လူမှုထူးချွန်ပထမဆင့်
- ASEAN Young Entrepreneurs Award ပထမဆု
  Myanma Awba Group ၏ Managing Director ဦးသတိုးဟိန်းနှင့်
- ASEAN Priority Integration Sector e-ASEAN Category
  Myanmar Information Technology Pte.Ltd ၏ Founder & Chief Executive Officer
  ဒေါက်တာထွန်းသူရသက်
- ASEAN Priority Integration Sector Tourism Category
  Myanmar Voyages International Co.,Ltd ၏ Managing Director ဦးသက်လွင်တိုး


ယခုကဲ့သို့ ထူးချွန်ဆုရရှိသည်ထက် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူ အကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (**UMFCCI**)

ဆောင်းပါး

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဖိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ထက်မြက် ပါးလျား နာများကင်းရှင်း ချမ်းသာခြင်းအတွက်

ဆူဖိုနင်

**ရွှေမြန်မာတွေနဲ့ စာဖတ်ခြင်း**

စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးဆယ်ချက်ကို ဖတ်သူ့အနှစ်မဂ္ဂဇင်းရဲ့ လူမှုမီဒီယာပေါ်က စာမျက်နှာမှာ တွေ့လိုက်ရတာမို့ သည်တစ်ပတ်မှာ စာဖတ်ခြင်းအကြောင်းလေးကို ပြောချင်စိတ်ပေါ်လာရပါတယ်။

ပြောရတာတော့ သိပ်မကောင်းပါဘူး။ ကျွန်တော်တို့ ရွှေမြန်မာတွေနဲ့ စာဖတ်ခြင်းဟာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတာ သမိုင်းနဲ့ ချီနေပြီလို့တောင် ပြောလို့ရပါလိမ့်မယ်။ ဝတ္ထုဖတ်ရင် ရည်းစားထားချင်စိတ် ပေါက်သွားလိမ့်မယ်ဆိုတဲ့ အတွေးအခေါ်က မြန်မာမိဘအတော်များများရဲ့ စိတ်ထဲမှာ စွဲစွဲမြဲမြဲကြီးရှိနေခဲ့တာ ခေတ်အဆက်ဆက်ပါပဲ။

ကနေ့ အသက် ၆၀ နား ကပ်လာပြီဖြစ်တဲ့ ကျွန်တော် ငယ်စဉ်ဘဝတုန်းကတောင် ကျွန်တော့်အဖေဟာ အဲဒီအတွေးအခေါ်နဲ့ ကျွန်တော့် စာဖတ်ဝါသနာကို ကန့်သတ်ခဲ့ဖူးပါတယ်။ ကံကောင်းချင်တော့ ကျွန်တော့်အမေက စာအလွန်ဖတ်သူဖြစ်နေခဲ့ပါတယ်။ အမေ့ကိုကျတော့ အဖေကတားလို့ မရတာမို့ အမေဖတ်တဲ့ စာအုပ်တွေ ယူယူဖတ်တဲ့ ကျွန်တော့်ကိုလည်း သူ့ခမျာ အတားရခက်သွားပါတယ်။ ဒါတောင် ပြင်ပစာအုပ်တွေ ဖတ်မယ်ဆိုရင် အဖေ့ခွင့်ပြုချက်နဲ့မှ ဖတ်ရတာပါ။

ပြောပြရင် စာဖတ်သူလူကြီးမင်း အံ့ဩသွားမယ်ထင်ပါတယ်။ ကျွန်တော့်ကို ဖတ်ခွင့်ပိတ်ပင်ထားတဲ့ အဖေ့ စာအုပ် စာရင်းထဲမှာ ထိပ်ဆုံးက ပါနေတာက ဆရာ ကာတွန်းမြင့်သိန်းရဲ့ နာမည်ကျော် စံရွှေမြင့် ရုပ်ပြဇာတ်လမ်းတွေပါပဲ။ အဲဒါတွေဖတ်ခြင်းဟာ ကျွန်တော့်ရဲ့ ရည်းစားထားလိုစိတ်ကို အားပေးလှုံ့ဆော်မယ်လို့ အဖေကမြင်နေတာကိုး။

ဒါဟာ ကျွန်တော့် အဖေတင် မဟုတ်ပါဘူး။ မြန်မာမိဘ အတော်များများရဲ့ သွေးထဲသားထဲမှာသာမက အရိုးထဲခြင်ဆီထဲအထိ စွဲနေတဲ့ အတွေးအမြင်ပါပဲ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်မှာ ဆယ်ကျော်သက်ကလေးတွေကို တွေ့ဆုံ မေးမြန်းပြီး ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းမှာ စာတွေရေးဖြစ်ခဲ့စဉ်တုန်းကလည်း အလားတူ ကြုံဖူးခဲ့ပါသေးတယ်။ ကလေးမလေး တစ်ယောက်က အပြင်စာ မဖတ်ဘူး၊ မိဘတွေက ဖတ်ခွင့်မပေးဘူးဆိုတာနဲ့ ဘာလို့လဲလို့ ကျွန်တော်က မေးတဲ့အခါ ရည်းစားထားချင်စိတ် ပေါက်သွားမှာစိုးလို့ဆိုတဲ့ အဖြေကို ရခဲ့ဖူးပါသေးတယ်။

**မြန်မာကျောင်းများနဲ့ စာဖတ်ခြင်း**

ကျွန်တော်တို့က သာသနာပြုကျောင်းကို အဖျားအနားလေး မီတယ်ဆိုရုံ မီလိုက်ပါတယ်။ ဒါပေမယ့် ပထမတန်းရောက်ချိန်မှာ သာသနာပြုကျောင်းတွေကို ပြည်သူပိုင်သိမ်းလိုက်တာမို့ ဆိုရှယ်လစ်ပညာရေးကို ပထမတန်းမှာတင် စတင်ရင်ဆိုင်ခဲ့ရတာလည်းပဲ ဖြစ်ပါတယ်။

ပြည်သူပိုင်သိမ်းထားတဲ့ သာသနာပြုကျောင်းတွေမို့ ကျောင်းတွေမှာ အရင်က လက်ကျန်အဖြစ် ဓာတ်ခွဲခန်းတွေ၊ စာကြည့်တိုက်တွေ ရှိနေခဲ့ပါတယ်။ သို့ပေမယ့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်း ဆယ်နှစ် ကျောင်းနေခဲ့တဲ့ သက်တမ်းအတွင်းမှာ ဓာတ်ခွဲခန်းထဲကို နှစ်ခေါက်၊ သုံးခေါက်လောက်သာ ရောက်ဖူးခဲ့သလို ကျောင်းစာကြည့်တိုက်ထဲကိုလည်း ငါးခေါက်ထက် ပိုမရောက်ခဲ့ဖူးပါဘူး။ ပြီးတော့လည်း ကျောင်းစာကြည့်တိုက်မှာ ကျွန်တော်တို့ စိတ်ဝင်တစား ဖတ်ချင်စရာ စာအုပ်တွေ မမြင်ခဲ့ရပါဘူး။

ဒါ့အပြင် ဘယ်စာအုပ်လေးကို ဖတ်သင့်တယ်၊ ဘယ်စာအုပ်လေးက ဘယ်လိုကောင်းတာဆိုပြီး ညွှန်းပေးတဲ့ ဆရာ ဆရာမတွေနဲ့လည်း အဲဒီဆယ်နှစ်တာအတွင်း တစ်ခါဖူးမှ မကြုံခဲ့ရဖူးပါဘူး။

အဲဒါ ကျွန်တော်တို့ လူလားကောင်းကောင်း မမြောက်ခင် လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်ကပါ။ အခုကာလမှာတော့ ကျောင်းတွေနဲ့ စာဖတ်ခြင်းနဲ့ဟာ ဘယ်လိုမှ မပတ်သက်တာ ပိုသေချာမှာမို့ အထူး စာဖွဲ့မနေတော့ပါဘူး။

**စာဖတ်ခြင်းအပေါ် မြန်မာအများစုရဲ့ အမြင်**

မြန်မာအများစုရဲ့ အမြင်မှာ ဗဟုသုတရဖို့ စာဖတ်တယ်ဆိုတဲ့ အတွေးပဲရှိပါတယ်။ စာကို အရသာခံပြီး ဖတ်သင့်တယ်ဆိုတဲ့အမြင်က အများစုမှာ မရှိတာကို သတိထားမိနေခဲ့ပါတယ်။ ရသစာပေကို သိပ်အလေးမထားကြဘူးလို့ ဆိုနိုင်မယ် ထင်ပါတယ်။

တန်ဖိုးမရှိတဲ့စာ၊ အဆိပ်အတောက်စာ၊ အပေါစား၊ အပျော်ဖတ်စာ၊ ဘာညာစသဖြင့်လည်း ပြောတတ်ကြတယ်။ အထူးသဖြင့် ပြည်သူ့စာပေတို့၊ စာပေသည် ပြည်သူ့အတွက်တို့ ကြွေးကြော်ကြတဲ့ အလံနီတွေ၊ ဗကပတွေနဲ့ သူတို့ရဲ့ အဆွယ်အပွားများ တန်ခိုးထွားချိန် လွတ်လပ်ရေးခေတ်ကာလ တစ်လျှောက်မှာပါပဲ။

ကလေးစာပေဆိုရင်လည်း ကလေးတွေ စာဖတ်ဝါသနာလေး အလေ့အကျင့်ရသွားအောင် ပျိုးထောင်ဖို့ထက် ဆုံးမစာတွေ၊ သွန်သင်စာတွေ၊ ယဉ်ကျေးလိမ္မာတွေနဲ့ လုပ်ကြပြန်တယ်။ ဒါကလည်း ကလေးအတွက် ရေးမယ်ဆိုရင် အကျိုးရှိတာဖြစ်ရမယ်ဆိုတဲ့ လေ့နံ့ဓားထစ် အတွေးအခေါ်ကြီးနဲ့ပါ။ သည်မှာတင် မြန်မာအများစုရဲ့ စာဖတ်ခြင်းအပေါ် ထားရှိတဲ့အမြင်ဟာ အကျိုးရှိရေးဆိုတာကြီးကို ဦးတည်နေပါတယ်။

**စာဖတ်ပြီဆိုကတည်းက အကျိုးရှိပြီးသား**

စာဖတ်ဝါသနာမှာတင် အလိုလို အကျိုးရှိနေပြီးသားဆိုတာ အများစု သတိမထားမိဘူးလို့ ထင်မိပါတယ်။

ဘယ်လို အကျိုးရှိတယ်ဆိုတာကိုတော့ ဖတ်သူ့အနှစ် မဂ္ဂဇင်းမှာ Lauren Gelman ဆိုတဲ့သူက ရေးပြထားတာတွေ့ရတာမို့ သူ့စကားတချို့ကို ဘာသာပြန်ပြရင်း ကျွန်တော် အပါးခိုလိုက်ပါမယ်။

နိဒါန်းမှာတော့ စာဖတ်ဝါသနာထုံမယ်ဆိုရင်ဟာ အယ်(လ်)ဇိုင်းမားရောဂါလို့ခေါ်တဲ့ အသက်ကြီးသူများမှာဖြစ်သော မှတ်ဉာဏ်ချို့ယွင်းမှု ရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်၊ စိတ်ပင်ပန်းဆင်းရဲမှု ဒဏ်ကို သိသိသာသာ လျော့ပါးသွားစေနိုင်တယ်၊ အကောင်းဘက်က တွေးတတ်လာစေပါတယ်၊ ပေါင်းသင်းဆက်ဆံရေးတွေကိုလည်း ခိုင်မာလာစေနိုင်ပါတယ်လို့ အစချီထားပါတယ်။ စာအုပ်တစ်အုပ်ကို ဖွင့်လိုက်တာနဲ့ ဦးနှောက်မှာရော ကိုယ်ခန္ဓာမှာပါ ရလာမယ့် အကျိုးကျေးဇူးတွေကိုလည်း သူကအကျယ်တဝင့် ဆက်ပြောထားသေးပေမယ့် သူပြောတဲ့ ဆယ်ချက်ရဲ့ ခေါင်းစီးတွေကိုပဲ ဘာသာပြန်ပေးလိုက်ပါမယ်။

၁။ စာဖတ်ခြင်းက မှတ်ဉာဏ်ကို သန်စွမ်းလာစေတယ်။

၂။ အားကစားခန်းက စက်ပေါ်မှာ စာဖတ်ရင်းနဲ့ ကိုယ်လက်လှုပ်ရှားသွားမယ်ဆိုရင် စက်ပေါ်မှာ ပိုကြာကြာနေနိုင်တယ်။

၃။ စာဖတ်ခြင်းက ဦးနှောက်ကို နုပျိုစေတယ်။

၄။ စိတ်ပင်ပန်းမှု၊ ဖိစီးမှုတွေကို စာဖတ်ခြင်းက ပျော်ကျသွားစေနိုင်တယ်။

၅။ စာဖတ်ခြင်းကြောင့် ဝေါဟာရ ပိုကြွယ်လာတယ်။

၆။ စာနာစိတ်ကိုလည်း စာဖတ်ခြင်းက တိုးပွားစေတယ်။

၇။ ဘဝရည်မှန်းချက် ပန်းတိုင်တွေကိုလည်း စာဖတ်ခြင်းကပဲ အားပေးပါတယ်။

၈။ လူတွေနဲ့ ရင်းနှီးဆက်နွယ်မှုကို ခံစားတတ်လာအောင်လည်း စာဖတ်ခြင်းက ထောက်ကူပေးတယ်။

၉။ စာဖတ်ခြင်းကြောင့် တစ်နေ့တာဟာ သာယာနေစမြဲပါ။

၁၀။ စာဖတ်ခြင်းက ငွေကုန်ကြေးကျလည်း သက်သာတာမို့ ပိုလည်း စုမိနိုင်ပါတယ်။

> ပြောင်းလဲကြဖို့ အချိန်တန်ပြီဆိုတာ အခုကာလမှာ ရေပန်းအစားတောင် လွန်နေတဲ့ စကားပါ။ ပြောင်းရမယ့် အထဲမှာ စာဖတ်ဝါသနာ ရင့်သန်ရေးအတွက်ကိုပါ ထည့်သွင်းဖောင်းပေးနိုင်ကြမယ်ဆိုရင်တော့ တစ်နိုင်ငံလုံးရဲ့ အပြောင်းအလဲဟာ ဉာဏ်ပါတဲ့ အပြောင်းအလဲ၊ အနှစ်သာရပြည့်ဝတဲ့ အပြောင်းအလဲ၊ ရေရှည်တည်တံ့တဲ့ အပြောင်းအလဲ ဖြစ်လာမယ်ဆိုတာလည်း မလွဲဘူးဆိုတာ . . .

**ဘူးလေးရာ ဖရုံဆင့်**

စာမဖတ်ရ၊ စာမသင်ရ၊ စာအုပ်မရှိစေရဆိုတဲ့ ခေါင်းစဉ်နဲ့ လွန်ခဲ့တဲ့ ၄-၅-၁၀ နှစ်က ဆရာဖေမြင့် စာတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ တသွေး တသံ တမိန့်နဲ့ စီရင်အုပ်ချုပ်တဲ့ နိုင်ငံတွေမှာ အဲဒီစနစ် ရှင်သန်ရေးအတွက် လူအများစု စာမဖတ်ဖြစ်လေအောင်၊ လူတွေရဲ့ အသိစိတ်ဓာတ်မှောင်ကျနေအောင် အုပ်ချုပ်သူတွေကိုယ်တိုင်က အားထုတ်ကြိုးပမ်းတတ်ကြတဲ့ အကြောင်းပါ။ လူတွေ စာမတတ်အောင် လုပ်ထားလိုက်ရင် အုပ်ချုပ်သူတွေ စိတ်ကြိုက် ချယ်လှယ်နိုင်မှာကိုး။ အဲဒါလေးကို ဆရာဖေမြင့် ရေးပြခဲ့ဖူးပါတယ်။

ကျွန်တော်တို့ဆီမှာကျတော့ အဲဒါကို အပင်ပန်းခံပြီး တမင်ကလာတောင် လုပ်နေစရာ မလိုပါဘူး။ အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ မြန်မာ့လူနေမှုပတ်ဝန်းကျင်က လူအများစု စာဖတ်ဝါသနာ ထုံမသွားအောင် ပံ့ပိုးပေးနေနှင့်ပြီးသား မဟုတ်ပါလား ခင်ဗျာ။

ခုခေတ်မှာ လူတွေ စာမဖတ်ဖြစ်အောင် ထပ်ဆောင်းပံ့ပိုးပေးနေတဲ့ အချက်တွေ တိုးလာပြန်ပါတယ်။ ပထမဆုံးကတော့ နည်းပညာတိုးတက်မှုကြောင့် ပေါ်ပေါက်လာတဲ့ ရုပ်မြင်သံကြားတွေ၊ ဗီဒီယိုတွေ၊ ဗီဒီယိုဂိမ်း(မ်)တွေပါပဲ။ အင်တာနက်နဲ့တကွ အခုလူအများကြားမှာ တွင်ကျယ်လာတဲ့ လူမှုမီဒီယာကတော့ စာဖတ်ဖြစ်အောင် တစ်နည်းတစ်ဖုံ ပြန်လည်ပံ့ပိုးပေးနေတယ်လို့ ပြောမယ်ဆို ပြောနိုင်မှာပေမယ့် သေချာသတိထားကြည့်မယ်ဆိုရင်တော့ လူမှုမီဒီယာသုံးစွဲသူ အများစုဟာ စာတိုလေးတွေ ဖတ်ခြင်းကိုသာ ခုံမင်ကြပြီး စာလေးများ နည်းနည်းရှည်သွားတာနဲ့ ကျော်လွှားသွားတတ်ကြတာကိုလည်း မြင်တွေ့နေရပါတယ်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ်၊ အရုပ်သာမက စာကိုပါ ပူးတွဲဖတ်ရတဲ့ အခြေအနေတစ်ခုကိုတော့ လူမှုမီဒီယာက ဖန်တီးပေးနေပါတယ်။

ဒုတိယအချက်ကတော့ စာအုပ်လက်လီအရောင်းဆိုင်တွေ လုံးပါးပါးကုန်တာပါပဲ။ စာဖတ်ဝါသနာပါတဲ့သူက တနေ့တခြား နည်းပါးလာတာမို့ စာအုပ်ဆိုင်တစ်ဆိုင် ရေရှည်ရပ်တည်နိုင်ဖို့ ခက်ခဲလာပါတယ်။ သည်ကြားထဲမှာမှ ၂၀၁၁ ခုနှစ် နောက်ပိုင်းက စပြီး အိမ်ဈေး၊ မြေဈေး၊ အခန်းဈေးတွေ အဆမတန် မြင့်တက်လာသလို ဥပစာ ငှားရမ်းခတွေကလည်း နင့်သထက် နင့်လာပါတယ်။ မြို့လယ်က အောက်ထပ်တိုက်ခန်းကျဉ်းလေး တစ်ခန်းကို အနည်းဆုံး တစ်လ ၁၀ သိန်း ၁၅ သိန်းမပေးဘဲ ငှားလို့မရနိုင်ပါဘူး။

စာအုပ်ဆိုင်တစ်ဆိုင်က တစ်လ သိန်း ၃၀ လောက် ဝင်ငွေ ရှိနေမှ သည်လောက်ပမာဏကို ပေးနိုင်ပါလိမ့်မယ်။ ဘီယာဆိုင်ဖွင့်ရင်တော့ အဲလောက်ဝင်ငွေကို မျှော်မှန်းနိုင်မှာပေမယ့် စာအုပ်ဆိုင်အနေနဲ့ကတော့ အဲလောက်ရဖို့ မလွယ်တော့ပါဘူး။ သည်မှာတင် စာအုပ် လက်လီဆိုင်လေးတွေ ဟောတစ်ဆိုင်၊ ဟောတစ်ဆိုင်ပြုတ်ကုန်ပါတော့တယ်။

**ကိုယ့်ဘက်က ဉာဏ်စိုက်ရတဲ့ အလုပ်**

စာဖတ်ဝါသနာဆိုတာ မွေးမြူ ပျိုးထောင်ယူရတဲ့ အလေ့အကျင့်ဖြစ်ပါတယ်။ ဗွီဒီယိုတစ်ကားကို ကြည့်လိုက်တာနဲ့ နောက် တစ်ကား ဆက်ကြည့်ဖြစ်ဖို့ သိပ်လွယ်သွားတတ်ပါတယ်။ ကိုရီးယား ဇာတ်လမ်းတွဲဆိုရင်လည်း မိနစ် ၂၀ လောက် ထိုင်ကြည့်လိုက်တာနဲ့ အဲဒီထဲ စွဲပါသွားပြီး ရက်ပေါင်းများစွာ ဆက်ကြည့်ဖြစ်သွားစေနိုင်ပါတယ်။ ဗွီဒီယိုဂိမ်း(မ်)ဆိုလည်း အလားတူပါပဲ။ တစ်ပွဲကစားပြီးတာနဲ့ နောက်တစ်ပွဲဆက်ကစားဖြစ်သွားဖို့ ဘာမှ သိပ်မခက်လှပါဘူး။

စာဖတ်တယ်ဆိုတာကျတော့ တော်တော်တန်တန် ဝါသနာအခံ မရှိရင် တစ်ကြောင်း၊ တစ်ပုဒ် ဖတ်ပြီးသွားရုံနဲ့ နောက် တစ်ကြောင်း၊ နောက်တစ်ပိုဒ်၊ အထူးသဖြင့် နောက်တစ်အုပ် ဆက်ဖတ်ဖြစ်ဖို့က ခဲယဉ်းနေတတ်ပါတယ်။ သူက ကိုယ့်ဘက်က ဉာဏ်အား အထိုက်အလျောက် စိုက်ရတာမို့လားတော့ မပြောတတ်ပါဘူး။ ရုပ်သံ ဇာတ်လမ်းတွေ၊ ဗွီဒီယို ဂိမ်း(မ်)တွေကျတော့ သည်တိုင်း အလိုက်သင့်နေရုံနဲ့ စွဲပြီး ပါသွားတတ်မျိုးဖြစ်ပါတယ်။ ကိုယ့်ဘက်က ဉာဏ်အား သိပ်စိုက်စရာမလိုလှဘူးလေ။

**စာဖတ်ကျင့်လေး ပျိုးထောင်ရေး**

အဲတော့ စာဖတ်ဝါသနာ ပါလာအောင် လေ့ကျင့်ပျိုးထောင်ယူဖို့ လိုပါတယ်။

ဘယ်အရွယ်က စတင်ပျိုးထောင်သင့်သလဲဆိုရင်တော့ ကလေးအရွယ် ငယ်ဘဝ စောနိုင်သမျှ အစောဆုံးကာလကတည်းက ပျိုးထောင်သွားနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ကလေးတွေ စကားမတတ်ခင်ကတည်းက စာအုပ်တွေနဲ့ ယဉ်ပါးအောင် လုပ်ထားလို့ ရပါတယ်။ ရောင်စုံအရုပ်ကလေးတွေနဲ့ စာအုပ်လေးတွေထားပေးတာ၊ ပုံပြောပြတာများဟာ စာမတတ်သေးတဲ့၊ စကားမတတ်သေးတဲ့ ကလေးငယ်တွေအတွက် စာဖတ်ခြင်းကို အကောင်းဆုံး မိတ်ဆက်ပေးနည်းပါပဲ။

ပြောင်းလဲကြဖို့ အချိန်တန်ပြီဆိုတာ အခုကာလမှာ ရေပန်းအစားတောင် လွန်နေတဲ့ စကားပါ။ ပြောင်းရမယ့် အထဲမှာ စာဖတ်ဝါသနာ ရင့်သန်ရေးအတွက်ကိုပါ ထည့်သွင်းဖောင်းပေးနိုင်ကြမယ်ဆိုရင်တော့ တစ်နိုင်ငံလုံးရဲ့ အပြောင်းအလဲဟာ ဉာဏ်ပါတဲ့ အပြောင်းအလဲ၊ အနှစ်သာရပြည့်ဝတဲ့ အပြောင်းအလဲ၊ ရေရှည်တည်တံ့တဲ့ အပြောင်းအလဲ ဖြစ်လာမယ် ဆိုတာလည်း မလွဲဘူးဆိုတာကို တစ်နိုင်ငံလုံးလှည်းနေလှေအောင်း မြင်းဖောင်းမကျန် အမှန်သတိထား သင့်တဲ့အကြောင်း မပြောရဲ ပြောရဲနဲ့ ပြောကြည့်လိုက်မိသွားရပြန်ပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားလိမ့်မယ် ထင်ပါတယ်ခင်ဗျား။ ။

# ပုလဲမြို့နယ်ရှိမြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်နေသည့်အင်းကန်ရွာမှ လုပ်ငန်းများအား ကြည့်ရှု

**ပုလဲ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် ဝန်ထမ်းများသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၀ ရွာအနက် အင်းကန်ကျေးရွာသို့ နိုဝင်ဘာ ၁၈ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

"အင်းကန်ကျေးရွာနေပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများနဲ့ ဆောင်ရွက်ပေးလျက်ရှိရာမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးအတွက် ငွေကျပ် ၈၆၈၀၀၀၀ နဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးအတွက် ငွေကျပ် ၁၈၆၇၀၀၀၀ ကို ထုတ်ပေးခဲ့ပါတယ်။ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးအတွက် ငွေကျပ် ၁၁၅၀၀၀၀ ကို ထုတ်ပေးခဲ့ပါတယ်။

"ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၉၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၉၄၀၀၀၀၀ ကို ထုတ်ပေးခဲ့ပြီးဖြစ်တဲ့အတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် စာရင်းဇယားများ စနစ်တကျပြုစုထားရှိမှုအခြေအနေ ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က ပြောသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်ရန်ပုံငွေအဖြစ် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် အင်းကန်၊ ဖလံပင်၊ မိုးကောင်း၊ နွယ်အင်း၊ ဇီးဖြူကုန်း၊ ကြောင်သန်း၊ ဇေတီယျံ၊ ဝမ်းဘဲချိုင့်၊ ရွာနောင်နှင့် သပြေရေကျေးရွာများသို့ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# မုံရွာမြို့တွင်းရှိ လမ်းဆုံများတွင် ယာဉ်စစ်ဆေးမှု တင်းကြပ်စွာဆောင်ရွက်

**မုံရွာ နိုဝင်ဘာ ၂၀**

အသစ်ပြင်ဆင်ပြဋ္ဌာန်းထားသော မော်တော်ယာဉ်ဥပဒေကိုသိရှိစေရန် မုံရွာမြို့၌ အောက်တိုဘာတွင် ဖမ်းဆီးစစ်ဆေးခြင်းမပြုဘဲ ပညာပေးမှုများကိုပြုလုပ်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၆ ရက်မှစတင်၍ မုံရွာမြို့တွင်းသို့ဝင်ရောက်ရာလမ်းဆုံများတွင် မော်တော်ယာဉ်များကို ယာဉ်စစ်ဆေးမှုများ ပိုမိုတင်းကြပ်စွာ စတင်ဆောင်ရွက်နေကြောင်း အမှတ် ၁၄ ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံး (မုံရွာ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့တွင်းသို့ ဝင်ရောက်ရာနေရာသုံးခုဖြစ်သော မန္တလေးသို့အထွက် မြို့ဝင်ဆိုင်းဘုတ်နေရာ မုံရွာ-ဘုတလင်ကားလမ်းမင်းဒေါင့်လမ်းဆုံနှင့် မုံရွာ-အရာတော်ကားလမ်း စက်မှု(၁)အထည်ချုပ်စက်ရုံအနီးတွင် မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ပေါင်းစုံက ယာဉ်စည်းကမ်းပညာပေးမှုများကို ဆောင်ရွက်ခဲ့သည်။

ယင်းအဖွဲ့များမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မော်တော်ယာဉ်စနစ်တကျပြေးဆွဲရေးကော်မတီ၊ မီးသတ်ဦးစီးဌာန၊ ပညာရေးဌာနတို့ ဖြစ်သည်။

စည်းကမ်းတင်းကြပ်မှုများကို မုံရွာမြို့အဝင်များကို စတင်ပြုလုပ်ခြင်းဖြစ်ပြီး ဆိုင်ကယ်ဦးထုပ်ဆောင်းထားခြင်း မရှိသူများအား အိမ်သို့ပြန်လည်ယူဆောင်စေခိုင်းခြင်းများနှင့် နီးစပ်ရာဆိုင်ကယ်ဦးထုပ်ရောင်းဆိုင်များတွင် ဝင်ရောက်ဝယ်ပြီး ဦးထုပ်ဆောင်းပြီးမှသာ ဆိုင်ကယ်စီးနင်းစေကြောင်း၊ မြို့ထဲဝင်မည့်ယာဉ်များ စည်းကမ်းတကျရှိရန် မြို့တွင်း၌လည်း ဆက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြင် မုံရွာမြို့နယ်ရှိ ရပ်ကွက်ကျေးရွာအသီးသီးမှ အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း နိုဝင်ဘာ ၁၆ ရက်မှစ၍ ဆိုင်ကယ်ဦးထုပ်ဆောင်းရန် ဆိုင်ကယ်တွင်ပါရှိရမည့် နောက်ကြည့်မှန်၊ နံပါတ်ပြား၊ ယာဉ်မောင်းလိုင်စင်များ အပြည့်အစုံတပ်ဆင် ဆောင်ရွက်ထားရန် ကြေညာချက်ထုတ်ပြန်ထားကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင်လမ်းများ အရည်အသွေးပြည့်မီရေး စစ်ဆေး



**မောက်မယ် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် လမ်းဦးစီးဌာနမှ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင် ၃၁ မိုင်မှ ၁၈ မိုင် ၅ ဖာလုံ ကတ္တရာလမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအားလုံးကို ဒီဇင်ဘာလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးစီးအရာရှိ ဦးဝေဖြိုးလင်းက ပြောကြားခဲ့သည်။

"အခုတော့ လမ်းပေါ် ကျောက်တွေခင်းသွားပြီ။ ကတ္တရာလည်း ၁၈ မိုင်လောက်ခင်းပြီးသွားပြီ။ ဟိုနမ့်ကျေးရွာကနေ မောက်မယ်ကိုသွားဖို့ အရင်လိုမခက်ခဲတော့ဘူး။ မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင်လမ်းကို နောင်လာမဲ့နှစ်မှာ ကတ္တရာခင်းပြီးရင်တော့ မောက်မယ်-တောင်ကြီး နေ့ချင်းပြန် ကားနဲ့ သွားလို့ရပြီ။

"မောက်မယ်နဲ့ တောင်ကြီး ၁၃၁ မိုင်ကနေ မောက်မယ်-ဟိုနမ့်-ဆိုက်ခေါင်လမ်းသွားနိုင်ရင် မိုင် ၄၀ ကျော်လည်းသက်သာလို့ ဟိုနမ့်နဲ့ ပန်းတန်ကျေးရွာအုပ်စုမှာရှိတဲ့ ပအိုဝ်းနဲ့ ရှမ်းတိုင်းရင်းသားပြည်သူများ အနေနဲ့ အချိန်တိုအတွင်း သွားလာရေးအဆင်ပြေပြီး ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်" ဟု ဟိုနမ့်ကျေးရွာမှ ဒေသခံဦးမောင်လုံးက ပြောသည်။

ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တံတားဆောက်လုပ်မှုလုပ်ငန်းသို့ စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးမှုအခြေအနေအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အင်ဂျင်နီယာ၊ ဦးစီးအရာရှိ (မြို့ပြ) ဦးဝေဖြိုးလင်းတို့နှင့်အတူ နိုဝင်ဘာ ၁၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

**EL DORADO TRAVEL** (အယ်ဒိုရာဒိုခရီးသွားလုပ်ငန်း)
Ph:09 972447645, 09 799652510,09 259256647

| | | |
|---|---|---|
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ<br>E Lite မှ Scania Express ,3 Star Hotel , ၄ညဥ့်ရက် | Nov 25 | 190000/-<br>(Premium Package) |
| ငွေဆောင်ခရီးစဉ် Yuzana Hotel Sea View (1N/2D) | Nov 27 | 55000/- |
| မွန္တလေး(ကျောက်စိမ်း)-ချေပြာဒိုင် (2N/3D) | Nov 27 | 90000/- |
| ဝင်းစိန်-စက်စဲ-မော်လမြိုင် | Nov 21,25 Dec 5,12,19,25 | 35000/- |
| ကျိုက်ထော်ရေတံခွန် | Nov 21,25,Dec 5,12,19,25 | 35000/- |
| ပြည်အကောက်တောင် | Nov 25,Dec 5,19,25 | 35000/- |
| မိုလ်-ဘီးလင်း-ဘားအံ | Nov 25,Dec 12,25 | 35000/- |

"10ယောက် 1ယောက်အခမဲ့ အိမ်အရောက်လက်မှတ်ပို့ ၄၅ယောက်စီးတိုးကားများနှင့်သာ"

ရန်ကုန်-မန္တလေးအမြန်လမ်း(၂၀၂)မိုင်မှာ ထမင်းစားမယ်၊ နားမယ်
အရပ်
ရွှေအုပ်ကြီး
မြန်မာထမင်းဟင်းနှင့်စားပွယ်စုံ
သန့်ရှင်း၊ လတ်ဆတ်၊ အရသာရှိသောမြန်မာထမင်းဟင်းများသုံးဆောင်ရင်းခေတ္တနားပါ
ဘုရားဖူးအဖွဲ့များ၊ ခရီးသွားကုမ္ပဏီများ၊ အဝေးပြေးယာဉ်လိုင်းများကို အထူးဝန်ဆောင်မှုပေးနေပါသည်၊ ဖုန်းဖြင့်ကြိုတင်ဆက်နိုင်ပါသည်။
(၂၀၂)မိုင်၊ အမြန်လမ်းယာဉ်ရပ်နားစခန်း၊ နေပြည်တော်
Ph.0926 4011018 Ph.0978 2525158

(၅၅)နှစ်မြောက် မင်္ဂလာနေ့ဆုတောင်း
၂၁-၁၁-၂၀၁၅ ရက်တွင် ကျရောက်မည့် ဆရာဦးကြိုင် (Managing Director MayMyo Consultancy Services Co.,Ltd.) နှင့် Teacher Carole Anne Kyaing (Managing Director Network International school)တို့၏ (၅၅)နှစ်မြောက် မင်္ဂလာနေ့မှစ၍ ဆက်လက်ပြီး နှစ်ပေါင်းများစွာတိုင်အောင် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်ဖြင့် အောင်မြင်သောဘဝများကို ဖြတ်သန်းလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
ဝန်ထမ်းများအားလုံး
**MayMyo Consultancy Services Co.,Ltd**
နှင့်
**Network International school**

သဘာဝအသီးဖျော်ရည်၊ ရေခဲမုန့်၊ အချက်အပြုတ်နှင့်နိုင်ငံခြားမုန့်ဖုတ်သင်တန်း
ရှားစောင်းအချိုရည်၊ အားဖြည့်အချိုရည်၊ အဆီကျ ဖီးဖျော်ရည်၊ ဂျယ်လီမျိုးစုံ၊ မစ်ရှိတ်၊ ပူတင်း၊ ဒိန်ချဉ်၊ ရေခဲမုန့်ကြော်၊ Cocktail, သစ်သီးဖျော်ရည်၊ သစ်သီးသုပ် နှင့် အအေးဆိုင်ဖွင့်နည်း၊ သစ်သီးယို၊ ကော်ဖီ၊ ဆော့စ် နှင့် ဝိုင်၊ ကိတ်၊ ကွတ်ကီး၊ Puff, Pizza, Donut၊ ပေါက်စီ၊ ပေါင်မုန့်အမျိုးမျိုး၊ ကိတ်အလှဆင်နည်း နှင့် နိုင်ငံခြားမုန့်အမျိုးမျိုး ဘိန်းမုန့်၊ ဆနွင်းမကင်း၊ ရေမုန့်၊ မုန့်ဖက်ထုပ်၊ မုန့်ပျားသလက်၊ ကျောက်ကျော၊ အညာမုန့်လက်ကောက်နှင့် ဗမာမုန့်ပွဲသရေစာ အမျိုးမျိုး။
ကြက်ဆီထမင်းနှင့်ရှမ်းခေါက်ဆွဲ၊ မာလာဟင်း၊ မြေအိုးမြီးရှည်၊ ဆီချက်၊ ကော်ရည်၊ ကြေးအိုးယို၊ ကိုရီးယားထမင်းသုပ်၊ ငါးထမင်းနယ်နှင့်အခြားဟင်းပွဲအမျိုးမျိုး။
**ROYAL SUN** စားသောက်ကုန်သင်တန်း အမှတ် (၂၆)၊ သစ်တောလမ်း၊ အလုံဈေးအနီး၊ အလုံမြို့နယ်၊ ရန်ကုန်။ 09-799400993, 09-254015876,09-30309551

100% သံချေးမတက်သည့် Stainless Steel ဘလိဗ်ဓားသွားဆူးကြိုးများကို
စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ 15%Discount
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အရောင်းဆိုင်(၁) - [illegible]
Ph :01-545531,01-8603141,09-5008161
အရောင်းဆိုင်(၂) - [illegible]
Ph :01-656521, 09-421024731, 09-421024741
အရောင်းဆိုင်(၃) - [illegible]
Ph:01-642748, 09-421024711,09-421024811

"ပြည့်ဝသဒ္ဓါ စေးရှိုသာ၍ လိုရာပြည့်တဲ့ သတ်နီး နှင့် ဝရိတ္တရာဇာဆို"
ဗုဒ္ဓိတာ မှ ဗုဒ္ဓိတာ
မှဒိတာသက်နီးတိုက် မှ ဝိနည်းတော်နှင့်အညီချုပ်လုပ်ထားသော "ကထိန်သင်္ကန်းများ" ဝယ်ယူလှူဒါန်းနိုင်ပါသည်။
အမှတ်(၄၅)၊ အထက်ကြည်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၅၂၃၃၃၂၊ ၀၁-၇၀၀၁၃၀၊ ၀၉-၇၃၀၀၄၂၈၀၊ ၀၉-၅၀၀၉၅၄

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှု လျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ ၁၄)
ကချင်ပြည်နယ် တရားလွှတ်တော်
၂၀၁၅ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ်-၃၄

| | | |
|---|---|---|
| ဦးဖုန်ဆန်ခေါ် | နှင့် | ဒေါ်အေးအေးမိုး |
| လျှောက်ထားသူ | | လျှောက်ထားခံရသူ |

၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့စွဲပါ မြစ်ကြီးနားခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၂၆/၂၀၁၅ ကိုပြင်ဆင်မှု။

လျှောက်ထားခံရသူ (ယခင်လိပ်စာ) အမှတ်-၁၁၅ (အက်ဖ်)၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိ) နေ ဒေါ်အေးအေးမိုးသိစေရမည်။

ယခုအမှုတွင် မြစ်ကြီးနားခရိုင် တရားရုံးတော်ကချပေးသည့် ဒီကရီကို လျှောက်ထားသူကပြင်ဆင်ရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ထိုပြင်ဆင်မှုကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ဝါဝါဆွေ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကချင်ပြည်နယ်တရားလွှတ်တော်**

# မိုးညှင်းဒေသထွက် ငါးပေါက်သီး ဈေးကွက်တွင်ကျယ်နေ

**မိုးညှင်း နိုဝင်ဘာ ၂၀**

မိုးညှင်းဒေသထွက် ငါးပေါက်သီး၊ ငါးပေါက်ဆံ၊ ငါးပေါက်ယိုမုန့်များကို မန္တလေးမှ ကချင်ပြည်နယ် မြစ်ကြီးနားသို့ ခရီးသွားလာကြသည့် ခရီးသွားပြည်သူများမှ အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူလေ့ရှိကြခြင်းကြောင့် ဈေးကွက်တွင်ကျယ်လာကြောင်း သိရသည်။

အဆိုပါခရီးသွားများက မိုးညှင်းဘူတာတွင်ရောင်းချသော မိုးညှင်းဒေသထွက် ကြိမ်ထည်၊ ဝါးထည်ပစ္စည်းများနှင့် အလှူပွဲ၊ မင်္ဂလာပွဲများတွင် သံဃာတော်များ အချိုပွဲကပ်ရန်အတွက် ငါးပေါက်သီး၊ ငါးပေါက်ဆံ၊ ငါးပေါက်ယိုမုန့်များကို ဝယ်ယူလေ့ရှိသည်ကို တွေ့မြင်ရသည်။

မိုးညှင်းဒေသထွက် ငါးပေါက်သီးသည် ကချင်ပြည်နယ်အတွင်း အခြားဒေသများတွင် သဘာဝအလျောက်ပေါက်ရောက်လေ့မရှိဘဲ မိုးညှင်းမြို့နယ်အတွင်းရှိ မော်ဟန်၊ ကာဒူသစ်တောကြီးများ၌ အများအပြားထွက်ရှိကာ ဒေသအစားအစာအဖြစ် ထင်ရှားသည့် အသီးတစ်မျိုးပင်ဖြစ်သည်။

"ငါးပေါက်သီးအပင်ဟာ သက်တမ်း ၁၅ နှစ်ကျော်မှသာ အသီးအားကောင်းပြီး အပင်ဖြစ်တာ။ အခုဖြစ်နေတာက ဒေသခံအချို့က ငါးပေါက်သီးအပင်ကြီးတွေကို ထင်းကောင်းတယ်ဆိုပြီး ခုတ်လှဲနေတယ်။ ဒါကြောင့် ငါးပေါက်သီးအပင်တွေ ရှားပါးလာပြီး ငါးပေါက်သီးရှာဖွေပြီးရောင်းချနေတဲ့ ဒေသခံတွေဆီကနေ ဈေးကြီးကြီးပေးဝယ်နေရတယ်။

"ဒါပေမယ့် ဟိုးအရင်တုန်းကတော့ငါးပေါက်သီး အသီးတစ်တင်းကို ငွေကျပ် ၃၅၀၀ နဲ့ဝယ်ယူရတယ်။ အခုက ငါးပေါက်သီးပင်တွေရှားလာတာနဲ့ အမျှ ဒီနှစ်ဝယ်ရတဲ့ဈေးက တစ်တင်းကို ကျပ် ၃၅၀၀ ကနေ ကျပ် ၈၀၀၀ ပေးဝယ်ပြီး ထုတ်လုပ်ရောင်းချရနေရတော့ ဘယ်လိုဆိုဆို စားသုံးသူနစ်နာရတာပေါ့။ ဒါကြောင့် ငါးပေါက်သီးအပင်မျိုးမသုဉ်းအောင် သက်ဆိုင်ရာဌာနများနဲ့ ဒေသခံတွေ အချိန်မီထိန်းသိမ်းသင့်ဖို့လိုအပ်နေပါပြီ" ဟု ငါးပေါက်သီးထုတ်လုပ်သူတစ်ဦးက ပြောပြသည်။

နှစ်စဉ် သဘာဝတောတောင်များတွင် ငါးပေါက်သီးပေါ်ရာသီချိန်တွင် ငါးပေါက်သီးတောသို့ သွားရောက်ကောက်ယူရှာဖွေရသော ငါးပေါက်သီးများကို စုဆောင်း၍ ငါးပေါက်သီးယိုထုတ်လုပ်သည့်ဆိုင်များသို့ တင်သွင်းရောင်းချကြပြီး ငါးပေါက်သီးထုတ်လုပ်သူများက ဒေသခံလုပ်သားများကို တစ်ရက်လျှင် ကျပ် ၃၀၀၀ ဖြင့်ငှားရမ်းကာ ငါးပေါက်သီးအဆံကို ဖွင့်ခြင်း၊ ခေါက်ခြင်းများ ပြုလုပ်ကြသည်။

ယင်းနောက် ငါးပေါက်သီးအဆံများကို နေလှမ်းကာ အဆံများကို နို့မှုန့်၊ သကြား၊ အုန်းသီး၊ ထောပတ်တို့ဖြင့် ယိုထိုးပြီး ဘူးသေးတစ်ဘူးလျှင် ငွေကျပ် ၁၀၀၀၊ ငါးပေါက်သီးဆံတစ်ဘူးလျှင် ငွေကျပ် ၁၀၀၀၊ ငါးပေါက်သီးအဆံမထုတ်ထားသော အသီးတစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချကြကြောင်း သိရသည်။

**စိုင်းလှူမင်း**



## ဆောင်းသီးနှံ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

**သာစည် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်ရုံးတွင် နိုဝင်ဘာ ၁၉ ရက်မှ စတင်၍ထုတ်ပေးနေပြီဖြစ်သည်။

ယင်းဘဏ်မှ မြင်းကွက်ကျေးရွာအုပ်စုအတွင်းရှိ မြင်းကွက်(အရှေ့)၊ မြင်းကွက်(အနောက်)၊ ကရိုးကျေးရွာတို့မှ တောင်သူဦးကြီး ၈၆ ဦးကို မြို့နယ်မန်နေဂျာဒေါ်တင်တင်ဝင်းနှင့် ကြီးကြပ်ရေးမှူး ဦးဝင်းညွှန့်တို့က စိစစ်၍ တောင်သူတစ်ဦးချင်းလက်ဝယ်သို့ တစ်ဧကကျပ်နှစ်သောင်းနှုန်းဖြင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိသည်။

သာစည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၂ အုပ်စုမှ တောင်သူပေါင်း ၄၃၈၄ ဦးသို့ ကျပ်ငွေသိန်းပေါင်း ၄၀၈၅ ဒသမ ၄ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ဘဏ်ချေးငွေရရှိကြသည့် တောင်သူဦးကြီးများကလည်း ဆောင်းသီနှံအဖြစ် ကုလားပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာနှင့် အခြားသီးနှံမျိုးစုံကို စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း ချေးငွေရရှိသည့် တောင်သူတစ်ဦးကပြောသည်။ **မောင်ကို(သာစည်)**

## ကလေးဝမြို့နယ်တွင် အခြေခံပညာလက်သမားသင်တန်း သင်တန်းအမှတ်စဉ် (၂/ ၂၀၁၅) ဆင်းပွဲ ကျင်းပ

**ကလေးဝ နိုဝင်ဘာ ၂၀**

စစ်ကိုင်တိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော သင်တန်းအမှတ်စဉ်(၂/ ၂၀၁၅) အခြေခံပညာ လက်သမားသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲက တောင်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ကလေးဝမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး အခြေခံလက်သမားပညာကို စာတွေ့၊ လက်တွေ့အဖြစ် ခုနစ်ရက်ကြာပို့ချခဲ့သည်။ ကျေးလက်ဦးစီးဌာနမှ သင်တန်းသားတစ်ဦးလျှင် လက်သမားသုံးပစ္စည်းကိုးမျိုးနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ **သီဟ(ပြန်/ဆက်)**


## ကျေးလက်ဒေသဖွံ့ဖြိုးရေးတန်ဖိုးနည်းကျေးလက်အိမ်ရာ ဆောက်လုပ်

**မုဒုံ နိုဝင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသနေပြည်သူများ၏ နေထိုင်ရေးအဆင်ပြေစေရန် တန်ဖိုးနည်းကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ မွန်ပြည်နယ် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၁၁ ရက်က မုဒုံမြို့နယ် ထုံမံကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ တန်ဖိုးနည်း ကျေးလက်အိမ်ရာမှာ အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ကိုးပေရှိပြီး တစ်လုံးလျှင် တန်ဖိုးငွေကျပ် သိန်း ၃၀ ဖြင့် ကျေးလက်အိမ်ရာ ငါးလုံးကို SDG ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ ဒေသခံကျေးလက်ပြည်သူများနေထိုင်ရေး အဆင်ပြေလျက်ရှိကြောင်း တွေ့ရသည်။

**(မြို့နယ်ကျေးလက်)**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480

Royal Gandamar Travels & Tours
3*Hotel, Scania Express, Meals, Guide စရိတ်ငြိမ်း

| | | |
|---|---|---|
| 1.ပုဂံ-စွယ်တော်(၄)ဆူ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ ခရီးစဉ်(၄ရက်) | Nov 25 | 150,000 |
| 2.တောင်ကြီး-အင်းလေး-ကလော-ပင်းတယ ခရီးစဉ်(၅ရက်) | Nov 25 | 190,000 |
| 3.သူဌေးကျွန်း-ကြက်မောက်ကျွန်း (၃ရက်) (Flight) | Nov 25 | 490,000 |
| 4.ကျောက်စိမ်းဘုရား-ရွှင်ပင်ရွှေဂူကြီး-ဒီးဒုတ်ရေတံခွန် | (အပတ်စဉ် စနေ), Nov 25 | 65,000 |
| 5.ကျိုက်ထီးရိုး - ကျိုက်ပေါ်လော-ရွှေမော်ဓော | (အပတ်စဉ် စနေ), Nov 25 | 35,000 |
| 6.ကရင်ပြည်နယ်-ဘားအံဂူများနှင့်ရေပူစမ်း | (အပတ်စဉ် စနေ), Nov 25 | 35,000 |
| 7.မော်လမြိုင်-ကျိုက်ခမီ-စက်စဲတမ်းခြေ | (အပတ်စဉ် စနေ), Nov 25 | 35,000 |

Yurimieko
Ph-01-397484, 09-333 53275,09-3659 2255,09-25089 2626
Diamond Plaza

ဒေါ်ယုယုမြင့်
ACCA CIMA DIP IFR LCCI
Auto Count Job Training Corporate Training
အမှတ် (၁၁၇)၊ ၅ - ထပ်၊ စဉ့်အိုးတန်းလမ်း (အထက်)၊ (၁၈လမ်းနှင့် ၁၉လမ်းကြား)၊ လသာမြို့နယ်။
09 795940344, 09 73030977, 09 5014563

ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


### ရေနံအင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ နှင့် P.E ကျောင်းသား/သူများသို့ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာသမိုင်းတွင် BE(Petroleum) များ ပထမဆုံး မွေးထုတ်ပေးခဲ့သည့် (၁၉၆၅)ခုနှစ်မှ စတင်ရေတွက်လျှင် ယခုနှစ်သည် နှစ်(၅၀) ပြည့်မြောက်သည့်နှစ်ဖြစ်ပါသည်။

ရေနံအင်ဂျင်နီယာ ကျောင်းသားဟောင်းများ / ယခုတက်ရောက်နေသော ကျောင်းသားများ၏ ရွှေရတုတွေ့ဆုံပွဲကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဆရာကန်တော့ပွဲ၊ စာတမ်းဖတ်ပွဲ နှင့်ပြခန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် တွင်လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို MICT Park မြက်ခင်းပြင်တွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေနံအင်ဂျင်နီယာ ဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ ရရှိထားသူများ နှင့် P.E ကျောင်းသား/သူများ အနေဖြင့် ပါဝင်တက်ရောက်ပေးနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ အလှူငွေများထည့်ဝင်လိုပါက အောက်ပါ ကျောင်းသားဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဦးသန်းဝင်း | ၀၉၄၂၀၂၅၄၅၁၆ | ဦးလှဝင်းဌေး | ၀၉၉၇၇၂၆၄၈၀၀ |
| ဦးသိန်းနိုင် | ၀၉၇၈၅၁၇၈၂၉၀ | ဦးစောအောင် | ၀၉၃၀၂၅၆၂၄၄ |
| ဦးထွတ်ဆွေ | ၀၉၇၃၀၆၀၁၈၄ | ဦးမင်းမင်းစိုး | ၀၉၅၀၄၃၀၅၇ |
| ဦးသူညို | ၀၉၂၀၀၅၉၉၀ | | |

ကမ္ဘောဇဘဏ်ငွေစာရင်း ၊ စာရင်းအမှတ် – **045-302-04502108801** ၊
စာရင်းအမည် – ဦးသိန်းနိုင်+ဦးမြင့်နိုင်

## သရက်ခရိုင် ကံမမြို့နယ်၌ မိုးစပါးစံပြကွက် ရိတ်သိမ်း



**ကံမ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် သစ်မယ်ဇီကျေးရွာ တောင်သူ ဦးမြင့်နိုင်၏ ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးစံပြကွက် ၁၀ ဧကစိုက်ခင်းတွင် နိုဝင်ဘာ ၁၉ ရက်က စံပြကွက်ရိတ်သိမ်းရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများ တက်ရောက်ကြသည်။

အဆိုပါစံပြကွက်ရိတ်သိမ်းရာတွင် စပါးတစ်ဧကလျှင် ၁၈၈ တင်းနှုန်းထွက်ရှိကြောင်းသိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

# မုံရွာမြို့တွင် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၀**

လုံခြုံစိတ်ချရသည့် အစားအသောက်များ၊ ဆေးဝါးများနှင့် အလှကုန်များကို ပြည်သူများစိတ်လက်ချမ်းသာစွာ အသုံးပြုနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)နေပြည်တော်ကိုယ်စား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ခွဲ) မန္တလေးမှ ဒုတိယညွှန်ကြားရေးမှူးက ဦးစီးဌာန၏ ဖွဲ့စည်းမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) မှ ဦးစီးအရာရှိက အစားအသောက်၊ ဆေးဝါး၊ အလှကုန်များကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကိုလည်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့တက်ရောက်လာသော မိတ်ဖက်အဖွဲ့အစည်းများနှင့် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီများနှင့် အရောင်းဆိုင်များမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

"အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစားအသောက်၊ဆေးဝါးနှင့် အလှကုန်များ သုံးစွဲသူပြည်သူများအနေနဲ့ လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရန်အတွက် ဖွင့်လှစ်ပြီး ဥပဒေနဲ့အညီ ဆောင်ရွက်ပေးမှာပါ။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပထမအဆင့်အနေနဲ့ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို အခိုင်အမာဖြစ်အောင် လုပ်ဆောင်နေပါတယ်၊ နောက်ပိုင်းမှာ အရည်အသွေးပိုင်းကိုတက်လှမ်းပြီး စုပေါင်းညှိနှိုင်း ဆောင်ရွက်သွားမှာပါ။ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ရုံးကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် နိုဝင်ဘာ ၁၁ ရက်မှာ စတင်ဖွင့်လှစ်ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခမ်းအနားသို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နေပြည်တော်ကိုယ်စား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခွဲ) မန္တလေးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ထွန်း၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ဦးစီးအရာရှိ ဒေါက်တာလဝန်းရွှေနှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုမ္ပဏီများနှင့် အရောင်းဆိုင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**

## မင်းတပ်မြို့၌ ကျား၊မ တန်းတူရေးနှင့်ဓလေ့ထုံးတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မင်းတပ် နိုဝင်ဘာ ၂၀**

နိုင်ငံတော်၏ ဘက်စုံကဏ္ဍဖွံ့ဖြိုးမှုများဆောင်ရွက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးလိုသည့်ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည့် ကျား၊ မ တန်းတူရေးနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မင်းတပ်မြို့ အ.ထ.က(၁) ခန်းမ၌ ကျင်းပရာ မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး အဖွင့်အမှာစကားပြောကြားခဲ့သည်။

နိုဝင်ဘာ ၈ ရက်တွင် ကန်ပက်လက်မြို့နယ်မှ ၂၀၊ မတူပီမြို့နယ်မှ ၂၀ နှင့် မင်းတပ်မြို့မှ ၄၀ တက်ရောက်ဆွေးနွေးကြသည့် အလုပ်ရုံမှရလဒ်များကို တက်ရောက်လာကြသူများထံသို့ ထပ်မံဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေစီးရေလာကောင်းမွန်ရေး လမ်းကူးအမိုးပိတ်မြောင်းနှင့် ရေမြောင်းများ တည်ဆောက်

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့တွင်း မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဘဏ္ဍာနှစ်အလိုက် လမ်းကူးအမိုးပိတ်မြောင်းများနှင့် လမ်းဘေးဝဲယာရေမြောင်းများ တိုးချဲ့၍ အုတ်ရေမြောင်းများပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့ တောင်နှင့်မြောက်ဆက်သွယ်မှုအရေးပါပြီး ယာဉ်သွားလာမှုများပြားသော ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ၆၆ လမ်းအား လမ်း ၃၀ မှ ၃၅ လမ်းအတွင်း ထပ်ပိုးလွှာတင်ကတ္တရာလမ်းမကြီးအဖြစ် ဖောက်လုပ်ခဲ့ပြီး ရေစီးရေလာကောင်းမွန်ရေး လမ်းဘေးဝဲယာရေနုတ်မြောင်းများအား အနက် ၄ ပေ၊ အကျယ် ၃ ပေ တူးဖော်ပြီး အုတ်ရေမြောင်းများပြုလုပ်ခြင်း ၃၂ လမ်းနှင့် ၆၆ လမ်းဆုံတွင် လမ်းကူးအမိုးပိတ်မြောင်း ပြုလုပ်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် (၁)ဦးအောင်ငွေ၊ ကော်မတီဝင်(၅) ဦးရဲမွန်တို့သည် နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုရာ လမ်းတံတားဌာနတာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှုများအားရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များသည် ချမ်းအေးသာစံမြို့နယ် လမ်း ၆၀ ရှိ နဒီမြောင်းအား ရေစီးရေလာကောင်းမွန်ရေး မြောင်းအတွင်း ဗေဒါနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုများကို ကြည့်ရှုသည်။

**သီဟကိုကို(မန္တလေး)**

**Govt-High School၊ အထက(၁)စစ်တွေ**
**မြတ်ဆရာပူဇော်ပွဲနှင့်**
**ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံပွဲ**

နှစ်စဉ်ကျင်းပမြဲ မြတ်ဆရာပူဇော်ပွဲကို စစ်တွေမြို့နှင့် ရန်ကုန်မြို့တို့တွင် အောက်ပါအစီအစဉ်အတိုင်း တစ်ပြိုင်တည်း ကျင်းပပါမည်။ သက်ကြီးကျောင်းသူ၊ ကျောင်းသားများနှင့် မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသားငယ်များပါမကျန် ပါဝင်တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် (အထူး)ဖိတ်ကြားအပ်ပါသည်။

နေရာ - စစ်တွေ-ဝေသာလီခန်းမ[အထက(၁)/စစ်တွေ]
ရန်ကုန် - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။
အချိန် - နံနက် ၈း၃၀နာရီမှ ၁၂း၀၀နာရီအထိ
နေ့ရက် -၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၆ရက် (တနင်္ဂနွေနေ့)(အမျိုးသားနေ့)

ဆက်သွယ်ရန်
ရန်ကုန်တွင် -ဦးမင်းစိန် ၀၉-၅၆၈၀၅၈၀၊ ဦးကျော်ထွန်းအေး ၀၉-၇၃၁၆၄၁၀၇၊ ဦးစံသာအောင် ၀၉-၅၁၅၀၀၉၆
ဒေါ်မမြသိန်း ၀၉-၅၁၉၂၄၂၆၊ ဒေါ်မာလာကြည် ၀၉-၇၃၁၅၄၃၁၃
စစ်တွေတွင် -ဦးဇော်ဝင်းမောင် ၀၉-၄၂၁၇၃၆၈၄၇၊ ဒေါ်စောစောဝင်း ၀၉-၂၅၄၂၀၃၂၆၇
ဒေါ်တင်တင်ဦး (အထက-၁၊ ကျောင်းအုပ်) ၀၉-၈၅၀၀၆၀၀

မှတ်ချက်။ ။ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပါဝင်တက်ရောက်ကြပါရန်နှင့် မည်သည့်ခုနှစ်တွင် တက်ရောက်ခဲ့သည့် ကျောင်းသား၊ **ကျောင်းသူမဆို အထူးအလေးထား တက်ရောက်ကြပါရန်။**

**မေမြို့ (T.H.S) ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးဖိတ်ကြားခြင်း**

မေမြို့ (T.H.S)တွင် ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို မေမြို့ ကန်ဦးကျောင်းတိုက်တွင် ၂၃-၁၂-၂၀၁၅ ရက်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ပူဇော်ကန်တော့ခံကြပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသားတိုင်းအားလုံး ကျေးဇူးဆပ်လိုသောစေတနာ၊ သဒ္ဓါတို့ဖြင့် အောက်ပါအလှူငွေကောက်ခံသူများထံတွင် ဆက်သွယ်လှူဒါန်းကြပြီး အာစရိယပူဇော်ပွဲကြီးကို မပျက်မကွက်တက်ရောက်ကြပါစို့။

ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| ဦးမြင့်ဆွေ | ၀၉-၄၇၀၆၃၀၇၄ | ဦးတင်ဦး | ၀၉-၄၃၀၃၇၄၃၆ |
| ဦးတင်အောင် | ၀၉-၅၀၆၈၀၆၈ | ဦးအောင်မှူး | ၀၉-၅၀၃၄၀၀၃ |
| ဦးမြင့်လွင် | ၀၉-၂၅၉၈၀၇၈၉၆ | ဦးအောင်စိုးမြင့် | ၀၉-၂၀၂၂၂၆၁ |
| ဦးတန်ဂိုခန့်မာန် | ၀၉-၂၄၅၀၂၃၄ | ဦးသန်းနိုင် | ၀၉-၄၂၀၂၇၃၅၅၃ |
| ဦးယုနိုင် | ၀၉-၉၆၃၁၈၄၀၃၁ | ဦးအောင်မျိုးထွန်း | ၀၉-၇၃၀၅၀၉၅၉ |
| ဦးပေါ်စန်း | ၀၉-၄၇၀၅၉၂၃၉ | ဦးတင်ဝင်း | ၀၉-၂၅၅၇၅၉၁၃၉ |
| ဦးမောင်အိ | ၀၉-၄၅၀၀၆၀၇၉၂ | ဦးမြင့်လွင်ဦး | ၀၉-၅၁၁၁၀၅၅ |
| ဦးသိန်းအေး | ၀၉-၄၂၅၀၀၀၆၃၀ | ဦးစိုးနိုင် | ၀၉-၅၁၇၃၇၂၅ |
| ဦးမြင့်စိုး | ၀၉-၄၉၃၁၈၇၉၀ | ဦးမျိုးမြင့်ကျော် | ၀၉-၄၃၀၀၁၁၉၈ |
| ဦးဇော်မျိုးသူ | ၀၉-၇၉၇၆၅၉၁၁၀ | ဦးအောင်သန့် | ၀၉-၇၈၈၃၇၇၈၅၅ |

PUN HLAING SILOAM HOSPITALS


မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းတူသမှ

နိုဝင်ဘာလ ( ၂၇ ) ရက်နေ့မှ ( ၂၉ ) ရက်နေ့အထိ

- သောက်ဆေးဖြင့် မပျောက်ကင်းသော နာတာရှည် ထိပ်ကပ်နာများ
- အနံ့ခံအာရုံချို့ယွင်းနေသောဝေဒနာရှင်များ
- အိပ်ပျော်နေစဉ်အတွင်းဟောက်တတ်ခြင်းနှင့်အသက်ရှူနှုန်းမမှန်ခြင်း
- နှာခေါင်းအတွင်းရှိ ကင်ဆာအကျိတ်များကို ဖြတ်ထုတ်ခြင်း
- နှာခေါင်းသွေးယိုမှုကို ထိန်းချုပ်ခြင်း
- နှာခေါင်းနှင့်ပတ်သက်သောအခြားရောဂါများ




ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : marketing.phsh@spa-mm.com



# ကြက်သွန်နီဈေးနှုန်းများမြင့်တက်လာ၍အဝယ်နည်းလာ

**သထုံ နိုဝင်ဘာ ၂၀**

သထုံမြို့နယ်တွင် ယခုလ အတွင်း၌ ကြက်သွန်နီ တစ်ပိသာလျှင် ကျပ် ၃၅၀၀ အထိ မြင့်တက်လာရာ သုံးစွဲသူများက ချင့်ချိန်သုံးစွဲလာကြသဖြင့် ဈေးကွက်အတွင်း ကြက်သွန်နီအဝယ်အား ကျဆင်းလာကြောင်းသိရသည်။

သထုံမြို့နယ်အတွင်းရှိ ကြက်သွန်ပွဲရုံအများစုသည် မိတ္ထီလာ၊ ပျော်ဘွယ်၊ မြင်းခြံဘက်မှ ကြက်သွန်စိုက်တောင်သူများထံမှ ဝယ်ယူရောင်းချနေရပြီး တောင်သူများထံမှ ဝယ်ယူရသည့် ဈေးနှုန်းမှာ မြင့်နေသောကြောင့် ရောင်းချဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း ကြက်သွန်ပွဲရုံလုပ်ငန်းရှင်အချို့က ဆိုသည်။

"ပွဲရုံကယူဈေးကိုက တက်တော့ ကျွန်မတို့ လက်လီပြန်ရောင်းတော့ ဈေးတက်တာပေါ့ အကြီးကို ကျပ် ၃၅၀၀၊ အလတ်ကျပ် ၂၇၀၀ နဲ့အသေး ကျပ် ၂၂၀၀ လောက်ရောင်းတယ်။ ဈေးကမြင့်တော့ အဓိကဖောက်သည်တွေဖြစ်တဲ့ စားသောက်ဆိုင်ကြီးတွေတောင် လျှော့ချသုံးလာကြတယ်။

"အညာဘက်မှာ ရေတွေကြီးပြီး စိုက်ခင်းတွေပျက်လို့ ဈေးတက်တယ်လို့ကြားတယ်။ လက်ကား အိတ်ဆွဲရောရာယူတာတောင် တစ်ပိသာကို ကျပ် ၂၇၀၀ လောက်ဈေးယူနေရတယ်။ ကြက်သွန်ဈေးက တစ်ပတ်နဲ့တစ်ပတ် တက်တက်လာတော့ ရောင်းရတာအဆင်မပြေဘူး။ ပွဲရုံတွေကို ချိတ်ပြီး ဈေးကိုအမြဲစုံစမ်းနေရတယ်" ဟု သထုံဈေးအတွင်း ကြက်သွန်နီလက်လီရောင်းချသူ ဒေါ်ချိုမာက ပြောသည်။

"အရင်ကဆို အခင်းထဲမှာ တစ်ပိသာကို ကျပ် ၁၆၀၀၊ ကျပ် ၁၇၀၀ လောက်နဲ့ဝယ်လို့ရတယ်။ ခုကမရတော့ဘူး ကျပ် ၃၀၀၀ လောက် ပေးဝယ်နေရတာတောင် ကိုယ်လိုသလောက်မရဘူး နောက်တောင်သူတွေက မိုးဖျက်တော့ အထွက်နည်းတယ်။ မိုးမိထားတော့ တောင်သူအများစုက သူတို့လက်ထဲမှ ပစ္စည်းကိုကြာကြာမထားဘဲ ရောင်းချပြီးကြပြီ။

"ခုချိန်ကျတော့တောင်သူတွေလက်ထဲ ပစ္စည်းနည်းပြီး ရောင်းလိုအားနဲ့ ဝယ်လိုအားမမျှတတာကြောင့် ဈေးတက်လာတာပါ ပိုက်ဆံရှိတဲ့ကုန်သည်တွေက ဝယ်လှောင်ထားတော့ ပိုဆိုးတာပေါ့။ အသစ်ကထွက်နေပြီဆိုပေမယ့် ဒီနှစ်အတွက် လုံလောက်တဲ့ ပမာဏမရနိုင်တော့ ကြက်သွန်နီဈေးက ထပ်ပြီးတက်ဦးမယ်လို့ မြင်ပါတယ်" ဟု မွန်ရှမ်းပွဲရုံမှ မမွှေးမွှေးက ပြောသည်။

သထုံမြို့နယ်အတွင်းရှိ ကြက်သွန်ပွဲရုံအများစုမှာ ပစ္စည်းများပြတ်လပ်နေကြပြီး လာမည့် မိုးကာလအတွင်းက ရေကြီးနစ်မြုပ်မှုများကြောင့် ကြက်သွန်စိုက်ခင်းများ ပျက်စီးခဲ့သည်။

ထိုသို့ စိုက်ခင်းများပျက်စီးမှုကြောင့် ဒီဇင်ဘာလအတွင်း ပုံမှန်ကြက်သွန်နီအသစ် လှိုင်လှိုင်ထွက်ရှိချိန်၌ အထွက်နောက်ကျကာ ကြက်သွန်နီဈေးများ ဆက်လက်မြင့်တက်နေမည်ကို စားသုံးသူများနှင့် ရောင်းချသူများက စိုးရိမ်နေကြလျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## လမ်းများအရည်အသွေးပြည့်မီရေး အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့ကွင်းဆင်းစစ်ဆေး

**မောက်မယ် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် နိုဝင်ဘာ ၁၈ ရက်က လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ဦးဆောင်သော ခရိုင်အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ အဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လင်းခေး-ဝမ်ဟတ်-ဝမ်စလောင်း-တာဆိုးတိန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ဝမ်စလောင်း-ကဒူးကြီးငါးမိုင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းတို့အား အချိန်မီပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းအရည်အသွေးပြည့်မီစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလမ်းများအား ပြီးစီးသွားပါက ကျေးရွာနေ တိုင်းရင်းသား လုပ်သားပြည်သူများမှာ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ကြပြီး လူမှုဘဝနှင့်လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# စွန့်ပစ်အုန်းလက်ခြောက်များမှ ကုန်ချောအဖြစ် အုန်းရွက်ဆံတံမြက်စည်းပြုလုပ်ရောင်းချ

**တပ်ကုန်း နိုဝင်ဘာ ၂၀**

ရပ်ကွက်၊ကျေးရွာအတွင်း စွန့်ပစ်အုန်းလက်အခြောက်များ လိုက်လံကောက်ယူပြီး ကုန်ချောအဖြစ် ပြုလုပ်ပြီး အုန်းရွက်ဆံ တံမြက်စည်း ပြုလုပ်ရောင်းချသူများ မိသားစုဝင်ငွေရရှိနေကြောင်းသိရသည်။

"ကျွန်မတို့က နံနက်စာ ချက်ပြုတ်စားသောက်ပြီးချိန်မှ အုန်းပင်များရှိသောရပ်ကွက်များ၊ နီးစပ်ရာကျေးရွာများသို့သွားရောက်ကာ စွန့်ပစ်အုန်းလက်ခြောက်များ ကောက်ယူ၍လည်းကောင်း၊ အိုးအိမ်များနှင့် မလွတ်ကင်း၍ခုတ်လဲထားသည့် အုန်းလက်များကို တောင်းယူ၍လည်းကောင်း၊ အုန်းရွက်များကို ဓားနဲ့သင်ပြီ အုန်းရွက်ဆံထုတ်ယူရပါတယ်။

"ယင်းအုန်းရွက်ဆံများကို မတ်တတ်လှဲတံမြက်စည်း၊ ထိုင်လှဲတံမြက်စည်းများပြုလုပ်ရောင်းချပါတယ်။ အုန်းလက်ခြောက်များရရှိသည့်အပေါ် မူတည်၍ တစ်နေ့ ကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ ထိ ဝင်ငွေရရှိပါတယ်" ဟု အုန်းရွက်ဆံများဖြင့် တံမြက်စည်းလုပ်သည့် ဆရာစံရပ်ကွက်မှ မဖြူက ပြောသည်။

"အခုလပိုင်းအတွင်း ဆန်၊ ဆီဈေးများက အနည်းငယ်တက်နေတော့ ကျွန်မတို့ လက်လုပ်လက်စား မိသားစုဘဝတွေက ရိုးသားသည့်အလုပ်ဟူသမျှ အလုပ်များကို ရှာဖွေလုပ်ကိုင်နေရပါတယ်။ ကျွမ်းကျင်ရာ လိမ္မာဆိုသလို မိရိုးဖလာ အလုပ်လည်းဖြစ်တော့ အုန်းဆံတံမြက်စည်း လုပ်ငန်းများကို ဆက်လက်လုပ်ကိုင် နေရတာပေါ့။ တစ်ဖက်ကလည်း တစ်ပိုင်တစ်နိုင်ဖြစ်သည့် ဝက်၊ ကြက်များမွေးမြူပြီး မိသားစုစားဝတ်နေရေး အဆင်ပြေအောင် ဖန်တီးရပါတယ်"ဟု အုန်းရွက်ခြောက်မှ အုန်းရွက်ဆံပြုလုပ်သည့် မလဲ့လဲ့က ပြောပြသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



**B.L.T Travels**
ကျိုက်ထီးရိုး (နေ့စဉ်) 8000
ချောင်းသာ (နေ့စဉ်) 12000
09-796262652, 09-73163538

ဦးရီရှင် ဦးဆောင်သော ...
**ဆောင်း-နှင်း-မိုး** တန်ဆောင်တိုင်ပွဲတော်
၂၀/၂၄-၁၁-၂၀၁၅ နေ့ ထွက်မည်။
တောင်ကြီးမီးပုံးပျံလွှတ်ပွဲ၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်းဂူ၊ မွေတော်ကျွန်း၊
(၅)ရက်ခရီးစဉ် - ၅၅၀၀၀ ကျပ် ဆက်၍ ကယားပြည်နယ်၊ လွိုင်ကော်၊ တောင်ကွဲစေတီ၊ မြို့နှမ်ဘုရား၊ ထီးပွင့်ကန်၊ ငွေတောင်ဆည် (၆)ရက်ခရီးစဉ် - ၆၅၀၀၀ ကျပ်
Ph : 09 448004288, 09 448004289


**အမြန်ပြန်လာပါ**
ဦးဌေးအောင် [၈/မမန(နိုင်)၀၁၃၃၃၇]
အိမ်ကို အမြန်ဆုံးပြန်လာပါ။
ဇနီးနှင့်သမီးများအားလုံး စိတ်ပူနေသည်။
**ဇနီး-ဒေါ်တင်နိုင်**
**[၈/မမန(နိုင်)၀၀၉၄၈၆]**




**မင်္ဂလာဆုတောင်း**
ကျေးဇူးရှင် ဖေဖေ ဦးမင်းသိမ်း(အထွေထွေမန်နေဂျာ ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)၊ (Project Manager GEGG-Myanmar, Norwagian Association)- မေမေ ဒေါ်နီနီဦးတို့၏ ၂၁-၁၁-၂၀၁၅ ရက်တွင် ရောက်ရှိသော (၃၈)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ဘာသာ၊ သာသနာအကျိုးဆောင်ရွက်ပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။
သားကြီး - Asst.Prof ဝင်းမင်းသိမ်း@ KEVIN
PRINCIPAL, YCTC Business Institute
သားငယ် - ရဲမင်းသိမ်း ZENICT ENGINEER
(Fujitsu Computer Company Ltd, Singapore)
သမီးငယ် - ခိုင် (IT Analyst)
(Hewlett-Packard Company Ltd, Singapore)

**ရောင်းမည်**
သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁




ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄) ဆိုင်၏
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
Forever Gems
by ရွှေနန်းတော်
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး
၃၁--၁၀--၂၀၁၅ မှ ၃၁--၁--၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
စနစ်တကျပြင်ဆင်ထားပေးနေပါပြီ
Myanmar Plaza ရှိ
Forever Gems By ရွှေနန်းတော်
အတွက်သာ
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
တစ်ကြိမ်တည်းနှင့်သိန်း(၅၀)ပြည့်သော Customer များအတွက် Silver Card ဖောက်ခွင့်
ဝယ်ယူသည့်ငွေပမာဏသိန်း(၅၀၀)ပြည့်သော Customer များအတွက် Gold Card ဖောက်ခွင့်
ဝယ်ယူသည့်ငွေပမာဏသိန်း(၁၀၀၀)ပြည့်သော Customer များအတွက် Diamond Card ဖောက်ခွင့်
New 3D CAD/CAM Designs ဆောင်ပေါင်းများစွာကို ၁၄--၁၁--၂၀၁၅ မှ ၃၁--၁--၂၀၁၆ထိ ရောင်းချပေးနေပါပြီ။
5%off
~~6,380,000~~
6,060,000
5%off
~~14,640,000~~
13,900,000
5%off
~~9,200,000~~
8,740,000
5%off
~~18,800,000~~
17,860,000
10%off
~~2,238,000~~
2,014,000
10%off
~~4,500,000~~
4,050,000
5%off
~~6,080,000~~
5,770,000
5%off
~~3,540,000~~
3,360,000
25%off
~~10,500,000~~
7,875,000
5%off
~~8,140,000~~
7,733,000
Myanmar Centre Plaza (HAGL, Near Sedona Hotel),Ph: 09-2653 99966, 09-2653 99977, 09-2653 99988


telenor
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G
ကွန်ရက်နဲ့ ပျော်ရွှင်ဖွယ်ရာပွဲတော်ချိန်ခါကို
ပို..ပိုပြီး မျှဝေခံစားကြမယ်
အကြီးမားဆုံး 3G ကွန်ရက်နဲ့ သင့်တင့်မျှတသော နှုန်းထားဖြင့်ဆက်သွယ် ချိတ်ဆက်နိုင်ပါပြီ။


G7ကို ၁၀,၀၀၀ကျပ်တည်းနဲ့
အခုပဲ ရယူလိုက်ပါ
• မိနစ် ၁၀၀ အူရီဒူးဖုန်းအချင်းချင်းခေါ်ဆိုခွင့်
• တစ်လ Facebook အခမဲ့
• အူရီဒူးဆင်းမ်ကဒ်
ooredoo
G7
www.ooredoo.com.mm

ရွှေခြင်္သေ့ ရွှေပန်းထိမ်မှ ဒေါက်ပိစက်ကြီးများဖြင့်
လူကြီးမင်းတို့ကုမ္ပဏီတံဆိပ်ပါသော ရွှေဆွဲပြား ဒီဇိုင်းဆန်းများနှင့် ရွှေရင်ထိုး ဒီဇိုင်းဆန်းများကို ....
- ကုမ္ပဏီနှစ်ပတ်လည် အခမ်းအနားများ
- ကံစမ်းမဲပေးလိုသူများ
- မွေးနေ့လက်ဆောင်ပေးလိုသူများ
အတွက် လူကြီးမင်းတို့စိတ်တိုင်းကျ မှာယူနိုင်ပါသည်။
အမှတ်(၈၅)/ပထပ်(ညာ)၊ ၂၉ လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
01 386426, 09 5015340, 09 43123910, 09 799572258, 09 799572257
လက်လီ လက္ကား

Yangon University of Distance Education
YUDE
KMD
လှူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန-ရန်ကုန်အဝေးသင်တက္ကသိုလ် နှင့်
KMD Computer Group တို့ပူးပေါင်းဖွင့်လှစ်သည့် Diploma သင်တန်းများ
• Diploma in Web Development
-တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ပြီးသူများ နှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများတက်ရောက်နိုင်ပါသည်။
-သင်တန်းကာလမှာ(၉)လကြာမြင့်ပါမည်။
- သင်တန်းပြီးဆုံးပါက ပညာရေး ဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သောဒီပလိုမာအောင်လက်မှတ် ရရှိပါမည်။
- Microsoft မှစစ်ဆေးသော 70-410 နှင့် 70-461 စာမေးပွဲများဖြေဆိုနိုင်သည်အထိသင်ကြားပေးပါမည်။
-လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် OJT သင်တန်းကိုဆက်လက်တက်ရောက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိပါမည်။
-ကျောင်းသား/သူဟောင်းများ၊ အစိုးရဝန်ထမ်း များ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများရယူနိုင်ပါသည်။
သင်တန်းဖွင့်လှစ်မည့်ရက်
နိုဝင်ဘာလ (၃၀)ရက်၊ ၂၀၁၅
ရန်ကုန်အဝေးသင်တက္ကသိုလ်ဝန်း၊ သထုံလမ်း၊ ကမာရွတ်။
Diploma → Second Year Computing Diploma → B.Sc (Hons) Business information Technology (BIT)
☎ - ဆက်သွယ်ရန်ဖုန်း- ၀၉-၈၃၀၃၇၇၅ ၊ ၀၁- ၅၀၁၂၄၃၊ ၂၉၁၉၂၅၊ ၅၀၂၂၃၃၊ ၃၈၅၈၇၇၊ ၅၄၁၃၂၈၊ ၅၄၆၆၀၀၊ ၂၂၀၅၅၅၊ ၆၆၀၈၈၇၊ ၅၀၅၃၉၉။

CONSTRUCTION, POWER & MINING
Myanmar 2015
The 3rd International Construction, Power & Mining Exhibition
Visit
The 3rd international exhibition for the building & construction, electrical power & renewable energy and mining & minerals recovery for Myanmar.
Including: • Over 160 leading companies from around the world
• 6 international groups from China, France, Germany, Korea, Singapore and Taiwan
• Industry Conferences & Seminars
26-28 November 2015
Myanmar Convention Centre (MCC)
Yangon • 9.00-17.00 Hrs.



Visitors can pre-register online or onsite at the exhibition
www.cpmmyanmar.com
Supported by MCEA
Acknowledged by
Platinum Sponsor Z&A
Gold Sponsor SANY
Supporting Media
Organised by ALLWORLD

ပေါ့ပါးလွယ်ကူသည့်...
FIRE.Safe မီးသတ်ဆေးဘူး



FIRE.Safe FIRE.Safe 2 FIRE.Safe 3



အမြို့မြို့အနယ်နယ်ရှိ Super Market ၊ ကုန်တိုက် နှင့် ဓာတုဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။
SOLE AGENT
FIRE.SAFE Co., Ltd
ဆက်သွယ်မှာယူရန် -
09 440 444444
09 458 222222
ISO 9001
CE

## Life Photography
ဓါတ်ပုံရိုက်ကူးရေးဝန်ထမ်း ကျား(၃)ဦး အလိုရှိသည်။
-Digital Camera အမျိုးမျိုးကို ကျွမ်းကျင်စွာကိုင်တွယ်ရိုက်ကူးနိုင်ပြီး မှတ်တမ်းဓါတ်ပုံရိုက်ကူးမှု အတွေ့အကြုံရှိရမည်။
-လိုအပ်ပါက ခရီးသွားလာနိုင်သူဖြစ်ရမည်။
-အသက် ၁၈ မှ ၃၅ အတွင်းဖြစ်ရမည်။
-အမြဲတမ်းဝန်ထမ်း(သို့) အချိန်ပိုင်းဝန်ထမ်းအဖြစ်လျှောက်ထားနိုင်ပါသည်။
အမှတ် (၈၈)၊ ရွှေတောင်တန်းလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့.
Ph : 01 2301977

ကွန်ဒိုအခန်း
ရောင်း/ငှါးမည် (ပိုင်ရှင်ကိုယ်တိုင်)
ရွှေသံလွင်ကွန်ဒို(၁၀)လွှာ
(2) MBR,(2)BR,(1)Maid BR ၊ ပရိဘောဂအစုံ၊
ကျွန်းပါကေးခင်း၊ ပြင်ဆင်ပြီး၊ အသင့်နေရုံ ။
သီးသန့်ရေလှောင်ကန်(ဂါလံ-၄၀၀၀ခန့်)
ပါဝါမီတာ၊ အဲကွန်း(၅)လုံး။
ဆက်သွယ်ရန်- 09-420263538

**သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၅၄-ကြိမ်မြောက်(ဒီဇင်ဘာလ ၁၂၊ ၁၃) အလင်းဒါနပြုလုပ်ပါမည်။**

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr. Mya Aung ကြီးကြပ်မှုနှင့် အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ၌ နိုဝင်ဘာ(၁၅)ရက်၊ (၅၃)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၃၂၀၀၀)ဦးတို့အား စစ်ဆေးကုသခြင်းနှင့် (၆၈၅၀)ဦးအား ခွဲစိတ်ကုသအလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဒီဇင်ဘာလ (၁၂၊ ၁၃)ရက်များတွင် ဦးရေ (၆၃၈၀ ပြည့်) (၅၄)ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ နိုဝင်ဘာလ (၂၈)ရက် တစ်ရက်တည်းသာ နံနက်(၇)နာရီတွင် စာရင်းသွင်းလက်ခံမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း - ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၃၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဒီဇင်ဘာလ၊ ၁၂-၁၃၊ (၅၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

နိုဝင်ဘာလ(၁၅)ရက် (၅၃)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၈၅၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဒီဇင်ဘာလ (၁၂၊ ၁၃)ရက်တွင် ၅၄-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၃၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အခွင်ဧဓစောသိရီး(AccountNo.0075010070169O301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

make your innovation ®

G-BOND
ALUMINIUM COMPOSITE PANEL
ISO 9001: 2008, ISO 14001 : 2004, OHSAS 18001
ဆိုဒ်အရွယ်အစား 8' x 4' အထူ 3mm(အတွင်းသုံး) 4mm(အပြင်သုံး)
NO.1 BEST SELLING BRAND IN MYANMAR

အကောင်းဆုံး အရည်အသွေး နှင့် အရောင်အစုံလင်ဆုံး အလူမီနီယံ ရောင်စုံပြားများ

နှစ်ရှည်ခံ အရည်အသွေးမြင့် PVDF Coated အရောင်များလည်းရရှိနိုင်သည်

ကျွန်းကွက်/ကျောက်ကွက် ဒီဇိုင်းမျိုးစုံ အရောင်(၆၀)ကျော် အမှန်တကယ် ရွေးချယ်နိုင်သည်
- အဆင့်မြင့် ကွန်ဒိုမီနီယံအိမ်ယာများ၊ ဈေးဝယ်စင်တာများ၏ အတွင်းအပြင် မျက်နှာစာများ
- ဓာတ်သုံးဆီအရောင်းဆိုင်များ၊ ကားအရောင်းပြခန်းများ၊ ကုမ္ပဏီရုံးခန်းများ၊ ကားကုန်တင်နာဘောက်(စ်)ပုံးများ
- ပရိဘောဂ၊ မျက်နှာကျက် အလှဆင်ပစ္စည်းများအတွက် အထူးသင့်လျော်သည်။

09-50 19019
09-51 42428


Authorized Sole Distributor
KING METAL TRADING COMPANY LIMITED.
E-mail: kingmetaltrading@gmail.com

Tel:(01) 8603199, 8603177, 548969, 09 - 43142599, 09 - 43157299 Fax: (01) 548969
Tel:(01) 651672, 651978, 09 - 43200790 Fax: (01) 651672
Tel:(01) 660694, 09 - 5142426, 09 - 420187999 Fax: (01) 660694
Tel:(02) 78859, 78879, 09 - 6742989 Fax: (02) 78859

LIFAN
ENJOY LIFAN
ENJOY LIFE




LIFAN
ENJOY LIFAN ENJOY LIFE
Lifan Motorcycle Ygn



Taung Paw Tharr Yee Shinn (Agriculture) Co.,Ltd
HOT LINE : 01 683327, 681625, 09-798892368

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က+ခ၊ မြေကွက်အမှတ်-၉၄၈၊ မြေကွက်တည်နေရာအမှတ်(၂၇/က+ခ)၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊ ဧရိယာပေ(၂၅×၅၀)(ဦးဘိုးပြား၊ ဦးချမ်းငြိမ်း)၊ အမည်ပေါက်ပါမစ်မြေအား အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းရွှေ[၁၂/မရက(နိုင်)၀၂၀၀၁၀]နှင့် ဦးဆန်းလင်း[၁၂/လမန(နိုင်)၀၀၉၁၃၈]တို့မှ ပါမစ်မူရင်းတွင် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြေညာ**

ရန်ကုန်မြို့၊ ဒဂုံမြို့(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်(၇၈၆/ခ)၊ (အလျား ၂၀ပေ× အနံ ၆၀ပေ) မြေကွက်ရရှိသူ အမည်ပေါက် ဒေါ်အေးအေးနိုင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ချောစု (ဘ)ဦးအောင်ခင်[၁၂/ဒဂတ(နိုင်)၀၉၉၂၀၅] ကိုင်ဆောင်ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်း အသက်(၉၀)
**ဦးဆောင်နာယက**
**သယ်န်းကျွန်းမြို့နယ်အရှေ့ခြမ်းမလွန်ဆန်လှူသင်းထောက်အဖွဲ့**

အသင်း၏လုပ်ငန်းများ အောင်မြင်တိုးတက်ရေးကို နှစ်ပေါင်းများစွာ ကွယ်လွန်သည်အထိ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့သော လေးစားအားထားရသည့် နာယကကြီး ဦးသိန်း အသက်(၉၀)သည် ၁၅-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ရန်ကုန်မြို့၊ သယ်န်းမြို့နယ်၊ အရှေ့ခြမ်း၊ မလွန်ဆန်လှူသင်းထောက်အဖွဲ့အနေဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**သယ်န်းကျွန်းမြို့နယ်၊အရှေ့ခြမ်းမလွန်ဆန်လှူသင်းထောက်အဖွဲ့**

## ကျေးဇူးအထူးတင်ရှိပါကြောင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ကထိန်ဒါယကာကြီး**
## ဦးစံလှ(တပ်မတော်-ငြိမ်း)
## အသက်(၈၂)နှစ်
**စစ်တွေမြို့(မြို့မိ၊ မြို့ဖ)**

၉-၁၁-၂၀၁၅ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင် ဖခင်ကြီး ဦးစံလှ၏ ကွယ်လွန်ချိန်ရက်မှသည် ရက်လည်ဆွမ်းကျွေးပြီးချိန်အထိ နာရေးကိစ္စအဝဝကို မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာ အသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ၊ နာရေးကူညီမှုအသင်း၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့်ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသော မိတ်ဆွေများနှင့်လိုက်ပါ ပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းဆွေ
**ပါမောက္ခ(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊**
**နာယက၊ မြန်မာနိုင်ငံမြေလျှင်ကော်မတီ**
## အသက်(၇၁)နှစ်

မြန်မာနိုင်ငံမြေလျှင်ကော်မတီ နာယက၊ ဒေါ်လှလှအောင်၏ ချစ်လှစွာသောခင်ပွန်း ဦးမင်းဆွေ(ပါမောက္ခ-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်၊ နာယက၊ မြန်မာနိုင်ငံမြေ လျှင်ကော်မတီ) အသက်(၇၁)နှစ်သည် ၁၉-၁၁-၂၀၁၅ (ကြာသပတေးနေ့) နံနက်၇နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

**၁၉၈၂ခုနှစ်ဘူမိဗေဒကျောင်းသား/ကျောင်းသူများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း) (၆၆)နှစ်
**OTS(43)၊ စီမံထူးချွန်(ဒုတိယဆင့်) ဒုမန်နေဂျင်းဒါရိုက်တာ**
**(ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်)**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်**
**နာယက(ဘိုကလေးမြို့နယ်အသင်း)**

ကိုမျိုးဇော်ဦး-မယဉ်မင်းထိုက်၊ ကိုမျိုးသီဟတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)သည် ၁၈-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Pacific High Technology International Group Of Companies မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသာဇံအောင် (၈၇)နှစ်
**(ယခင်ရခိုင်တိုင်း တိုင်းမင်းကြီး)(ညွှန်ချုပ်/ငြိမ်း)**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

ကျေးဇူးရှင်ဆရာဦးသာဇံအောင်သည် ၁၈-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း ဆရာကောင်းရာဘုံဘဝသို့ ရောက်ပါစေ။

**ဦးအောင်ကျော်စီ(ထွေအုပ်/ငြိမ်း)-**
**ဒေါ်နွယ်နီအောင်(တရားလွှတ်တော်ရှေ့နေ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းဆွေ
**ပါမောက္ခ(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊**
**နာယက၊ မြန်မာနိုင်ငံမြေလျှင်ကော်မတီ**
## အသက်(၇၁)နှစ်

မြန်မာနိုင်ငံမြေလျှင်ကော်မတီ နာယက ဒေါ်လှလှအောင်၏ချစ်လှစွာ သောခင်ပွန်း ဦးမင်းဆွေ(ပါမောက္ခ-ငြိမ်း၊ ရန်ကုန်တက္ကသိုလ်၊ နာယက၊ မြန်မာနိုင်ငံမြေလျှင်ကော်မတီ) အသက်(၇၁)နှစ်သည် ၁၉-၁၁-၂၀၁၅(ကြာသပတေးနေ့) နံနက်၇နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

**မြန်မာနိုင်ငံမြေလျှင်ကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မလေး
## အသက်(၆၀)
**ဦးစီးအရာရှိ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ (EMPA10th Batch) ၏ချစ်လှစွာသောဇနီး ဒေါ်ခင်မလေး(EMPA 11th Batch) အသက်(၆၀)သည် ၁၆-၁၁-၂၀၁၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်သန်း**
**ဥက္ကဋ္ဌ**
**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း**
**(MPANetwork)**

## လွမ်းဆွတ်တမ်းတခြင်းနှင့် အမျှပေးဝေခြင်း
## ဦးအေးထွန်း (၃နှစ် ၅လပြည့်)
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦးဒါယကာကြီး**
## မောင်ရဲနောင်ထွန်း(ခ)နောင်နောင် (၁နှစ် ၂လပြည့်)
**B.Sc(Hons) Computing & Information Systems**
**(London Metropditam University,UK)**
**I.D.C.S, I.A.D.C.S(NCC,UK) B.A.Eco**
**(ကောင်းကောင်းဆေးဆိုင်-ရန်ကုန်)**

မိသားစုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားတဲ့ကျေးဇူးရှင် ဖခင်လို တစ်မျိုး၊ ခင်ပွန်းလိုတစ်သွယ် သိတတ်လွန်းလို့ ခံစားရတဲ့ဝေဒနာရယ်-

မေမေ့ကို စိတ်မချဘူးဆိုပြီး အမြဲပူပင်သောကဖြစ်နေတဲ့ မေမေ့သားကြီး ဒီသံယောဇဉ်(၂)ခုကို မေမေ့တစ်သက်တာ ဘယ်လိုမှမေ့ပျောက်လို့ မရပါလားသားရယ်၊ တွေးမိတိုင်း ရင်ကွဲနေရတဲ့မေမေ-

ဘဝများစွာ ဝဋ်ကြွေးရှိခဲ့မယ်ဆိုရင် ဒီဘဝဒီမျှနဲ့ ကျေပါစေတော့လား သားရယ်၊ ဘုရားရှင်တောင်မှ လွန်ဆန်လို့မရတဲ့ သေခြင်းတရားဆိုတာသိရပေမယ့် သားရဲ့ခွဲခွာမှုက ရင်နာရလွန်းပါတယ်သားရယ်၊ မေမေ့ရဲ့ဝေဒနာတွေကို ကုစားနိုင်တာ တစ်ခုပဲရှိတယ်၊ အဲဒါက ဓမ္မပါပဲ သားရယ်၊ (၁၅-၁၁-၂၀၁၅)ရက် သပြေချောင်းရွာစေတီ ပြုပြင်ရွှေချခြင်း၊ သပြေချောင်းကျောင်းဝင်းအတွင်း ဧည့်ခံကျွေးမွေးဆောင်အသစ် ဆောက်လုပ်လှူဒါန်းခြင်း၊ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှုများကို ဖေဖေနှင့် မေမေ့သားကြီး မြင့်မြတ်သောဘုံဘဝများမှ ရရှိခံစားနိုင်ပါစေလို့ . . .

**ဖေဖေနဲ့သားကြီးရေ အမျှ. . . အမျှ. . . . အမျှ**
**မေမေဒေါ်ခင်စော**
**သားရဲ့ညီလေး လင်းဘိုဘို-အိအိခက်ပန်**
**သားရဲ့တူလေး မောင်မြတ်ဟိန်း**
**ထွန်းပရိဘောဂ**
**သဘော်ာဆိပ်ရပ်၊ ထားဝယ်မြို့။**

## ဦးပေါ်ထွန်း
## အသက်(၉၂)နှစ်
**တိုင်းဦးစီးမှူး(အငြိမ်းစား)**
**အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်း**

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(ဂ/၁၆)နေ (ဦးထွန်းမောင်-ဒေါ်ဟန်)တို့၏သား၊ မန္တလေးမြို့နေ (ဦးစံခင်-ဒေါ်ခင်ညွန့်) တို့၏ သားသမက်၊ (ဒေါ်ခင်ခင်စိန်)၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ(ဦးထွား-ဒေါ်အမာကြီး)တို့၏မောင်၊ ရန်ကုန်မြို့နေ (ဦးစန်းထွန်း)-ဒေါ်သန်းသန်းလှ၊ မန္တလေး မြို့နေ ဒေါ်မေမေခင်(မလီလီ)၊ ရန်ကုန်မြို့၊သမိုင်းလမ်းဆုံနေ ဒေါက်တာခင်မောင် ကျော်ထွေး-ဒေါ်ခင်လှရည်၊ ဦးခင်မောင်ထွေး-(ဒေါ်ဝင်းမြမြထူး)တို့၏အစ်ကို၊ တောင်အာဖရိက၊ ပရီတိုရီးယားမြို့နေ (ဒေါက်တာ ခုတ်ခန်းခိုင်)-ဒေါက်တာခင်သီထွန်း၊ နေပြည်တော်၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ အင်/ယာမှူး (သတ္တု တွင်း)ဦးလှရွှေ-အင်/ယာမှူးဒေါ်ခင်မေထွန်း၊ စစ်ကိုင်းမြို့နေ ဦးရန်နောင်ထွန်း-(ဒေါ်လဲ့လဲ့ဝင်း) တို့၏ချစ်လှစွာသောဖခင်၊ တောင်အာဖရိက၊ ပရီတိုးနီးယားမြို့နေ ကိုမန်ခေါမ်ခိုင်၊ ကိုပုမ့်ချင့်ခိုင်-မယုဇနတင်၊ ကိုထောင်လမ်းခိုင်-Miss Jane Sutton တို့၏အဘိုး၊ မောင်မန်ချင့်ခိုင်၊ မောင်ဇိုချင့်ခိုင် တို့၏ဘိုးဘိုးကြီး၊ ဦးအောင်မိုး၊ ဦးတင်မိုး-ဒေါ်မိုးသူ၊ ဦးမောင်မောင်စိုးမိုး-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်မောင်ကောင်းထွေး-ဒေါ်ဝင်းမာ၊ ဒေါ်စံပယ်ဟန်၊ လားရှိုးမြို့နေ ဦးမျိုးမြင့်အောင်-ဒေါ်စကားဝါဟန်၊ မန္တလေးမြို့နေ ဒေါ်ရွှေစင်ဟန်၊ ကလောမြို့နေ အရိယာဝါသမေ့ရိပ်သာ ဆရာလေးဒေါ်နိမ္မလာ၊ ရန်ကုန်မြို့နေ ဦးကျော်ဇောထွန်း-ဒေါ်ချယ်ရီ၊ ဦးအောင်သိန်းထွန်း-ဒေါ်စန္ဒာလေးကို၊ ဦးသူရထွန်း-ဒေါ်လင်းလင်း၊ ရန်ကုန်မြို့၊ နှင်းဆီကုန်းနေ (ဦးသန်းထွန်း)-ဒေါ်မြင့်မြင့်သန်း၊ ရန်ကုန်မြို့နေ ဦးသိန်းထွန်း (AEလျှပ်စစ်)-ဒေါ်ဝင်းဝင်းသန်း၊ ဒေါ်ဆွေဆွေသန်း(GU)၊(ဦးအောင်လှဝင်း)-ဒေါ်အေးအေးဝင်းတို့၏ဘကြီး၊ တူ/တူမ၊ မြေး၊ မြစ်များ၏ချစ်လှစွာသောဘကြီးသည် ၁၉-၁၁-၂၀၁၅ရက် နံနက်၅နာရီတွင် စစ်ကိုင်းမြို့အထွေထွေရောဂါ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၅ရက်တွင် စစ်ကိုင်းတင်း ထိပ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အဇီဇာဘေဂေါမ် (၈၈)နှစ်

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဖုံညိုလိပ်ကျေးရွာနေ (ဦးအဘုလ်ဘော်ရှောရ်)(ပါလီမာန်အတွင်းဝန်ဟောင်း)နှင့် (ဒေါ်ဟမိဒူနီဆာ)တို့၏သမီး၊ (ဦးတင်မောင်)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၉၉၀)၊ ဘူးသီးတောင်မဲဆန္ဒနယ်၏ ဇနီး၊ ဦးကိုကိုနိုင်(KK Computer)၏အဒေါ်(အဇီဇာဘေဂေါမ်) (၈၈) နှစ်သည် ၁၄-၁၁-၂၀၁၅(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဘူးသီးတောင်မြို့နယ်ရှိ နေအိမ်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုနိုင်နှင့်မိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

၁၃-၁၁-၂၀၁၅(သောကြာနေ့)တွင် ကွယ်လွန်သွားသော မိခင်ကြီး နော်အုံးမေအေး နာမကျန်းစဉ်က အထူးကြပ်မက်ကုသပေးခဲ့သော ဗဟိုရ်ရစည် ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ဈာပန ကိစ္စအဝဝတွင် ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ပေးပို့လှူဒါန်းပေးသူများ၊ အဘက်ဘက်မှ မေတ္တာထား၍ဝိုင်းဝန်းကူညီဆောင်ရွက် ကြသူများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမြင့်
## အသက်(၅၄)နှစ်

American College Program (GAC) Batch 3 မှ ကျောင်းသူ မစိုးနန္ဒာထွန်း၏ ဖခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၊ တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုးမြင့်သည် နိုဝင်ဘာလ (၆) ရက် နေ့က နလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင် နမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

American College Program(GAC) ကျောင်းသူ ကျောင်းသားများနှင့် CROWN Education မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) (၆၆)နှစ်
**O.T.S-43၊ စီမံထူးချွန်(ဒုတိယအဆင့်)၊ ဒုတိယမန်နေဂျင်းဒါရိုက်တာ**
**ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်**
**နာယက(ဗိုလ်ကလေးမြို့နယ်အသင်း)**

ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)သည် ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MR.HU MING SONG **နှင့်ဝန်ထမ်းမိသားစု**
HAI TENG DEVELOPMENT CO.,LTD

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) (၆၆)နှစ်
ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)အား လူအားငွေအားနှင့် အဘက် ဘက်မှ အသင်းအတွက် ကူညီပံ့ပိုးခဲ့သော နာယကကြီး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)သည် ၁၈-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

Hot Line No-0930500100

# နိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်အား ပြည်သူများလေ့လာကြည့်ရှုနိုင်စေရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Myanmar Aquariums ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်လျက်ရှိသောကန်တော်ကြီး၊ နတ်မောက်လမ်း၌ ဆောက်လုပ်နေသည့် နိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်အား ပြည်သူများ လေ့လာကြည့်ရှုနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံရှိ Surbana မှ ဒီဇိုင်းရေးဆွဲပေးထားသော အဆိုပါ Myanmar Aquariums ငါးပြတိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် Myanmar Aquariums ကုမ္ပဏီလီမိတက်တို့မှ နှစ်ရှည်ငှားရမ်းစာချုပ်ဖြင့် တွဲဖက်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ လက်ရှိအနေအထားအရ Myanmar Aquariums ငါးပြတိုက်ဆောက်လုပ်ရန်အတွက် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး တိုင်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကာ ကန်တော်ကြီးအတွင်းရှိ မြေဧက ငါးဧကအား နိုင်ငံတကာအဆင့်မီ ငါးပြတိုက်ဆောက်လုပ်ရန်အတွက် လုပ်ဆောင်လိုက်ခြင်းလည်း ဖြစ်သည်။ ယခင်ငါးပြတိုက်မှာ ရေချိုငါး ဥယျာဉ်သာဖြစ်ပြီး လက်ရှိ Myanmar Aquariums ကုမ္ပဏီလီမိတက်မှဆောက်လုပ်နေသော ငါးပြတိုက်မှာ ရေချို၊ ရေငန်နှစ်မျိုး နှစ်စားပါဝင်သော ငါးပြတိုက်ဖြစ်လာမည် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသဖြစ်သော မေခ၊ မလိခမြစ်များမှစီးဆင်းလာသည့် ရေချိုငါးအမျိုးအစားများ၊ ရခိုင်ကမ်းရိုးတန်းပင်လယ်ဒေသရှိ ငါးအမျိုးအစားများ၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိငါးများအား အဆိုပါ Myanmar Aquariums ငါးပြတိုက်အတွင်း အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြစေရန်အတွက် ထည့်သွင်းပြသသွားမည်ဖြစ်သည်။



ဆောက်လုပ်ပြီးစီးပါက ထွက်ပေါ်လာမည့် နိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်။

Myanmar Aquariums ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးသိန်းဇော်က "လက်ရှိ ရှိနေတဲ့ငါးလေးတွေကို ကျွန်တော်တို့က ထိန်းသိမ်းထားပါတယ်။ နဂိုမူလရှိနေတဲ့ ငါးပြတိုက်နေရာကိုဖျက်ပြီး အစအဆုံး ပြန်ဆောက်လိုက်တာပါ။ ဒီငါးပြတိုက်မှာ လာရောက်ကြည့်ရှု အားပေးကြသူတွေဟာ ဆိုရင် မြန်မာတစ်နိုင်ငံလုံးက ငါးအမျိုးအစားတွေရဲ့ သဘောသဘာဝအားလုံးကို ပေါ်လွင်အောင် ကြည့်ကြရပါလိမ့်မယ်။ ရေငန်ငါးတွေကိုလည်း ထည့်သွင်းပြသသွားဖို့ရှိပါတယ်။ နောက်တစ်ခု တစ်မူထူးခြားတာကတော့ ဒီပြတိုက်မှာ နိုင်ငံတကာ အဆင့်မီရေအောက်ဥမင်လည်း ပါပါလိမ့်မယ်။ အဲဒီတော့ လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်က ဥမင်ထဲ ဝင်ရောက်လျှောက်လည်နိုင်ကြပြီး တကယ့်ပင်လယ်ရေအောက် ရောက်သွားသလိုမျိုး

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## ယနေ့ မာတိကာ


မဖြစ်မနေပြောင်းလဲသင့် စာမျက်နှာ - ၂

အာဆီယံနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးကာလ ကွာလာလမ်ပူ၌ လုံခြုံရေးတင်းကျပ် နိုင်ငံတကာ စာမျက်နှာ - ၄

ကုန်တင်လှေတစ်စင်းမှ ငွေကျပ် သိန်း ၅၇၂၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ စာမျက်နှာ - ၉

နှစ်ပေါင်း ၁၀၀ ကျော်ရှိ ရှေးဟောင်းလက်ကိုင်မီးအိမ် ထိန်းသိမ်းထားရှိ စာမျက်နှာ - ၁၀

အပျော်စီးချားရဟတ်ဝင်ရိုးပြုတ်ကျ၍ တစ်ဦးသေဆုံး စာမျက်နှာ - ၁၄


# မိုးညှင်းအရှေ့တောင်ဘက်တွင် တပ်စွဲထားသည့် ကေအိုင်အေတပ်စခန်းကို လက်နက်ကြီး၊ လေကြောင်းပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းပြီး သိမ်းပိုက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာတွင် ခြေကုပ်ယူတပ်စွဲထားသည့် ကေအိုင်အေတပ်စခန်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် တပ်မတော်မှ သိမ်းပိုက်ရရှိသည်။

ကေအိုင်အေအဖွဲ့သည် သတ်မှတ်နေရာမဟုတ်သည့် မိုးညှင်းမြို့အနီး သုံးမိုင်ခန့်အကွာရှိ တောင်ကုန်းတွင် ခြေကုပ်စခန်းတည်ဆောက်၍ လှုပ်ရှားမှုများ ပြုလုပ်လာခဲ့သည့်အပြင် မိုးညှင်း၊ ဖားကန့် စသည့် မြို့များအနီးတစ်ဝိုက် နင်းမိုင်း၊ တိုက်မိုင်းများထောင်၍ ဒေသခံပြည်သူများ၊ တပ်မတော်စစ်ကြောင်းများ၏သွားလာမှုကို ကန့်သတ်ချက်များဖြစ်ပေါ်လာအောင် ဆောင်ရွက်လာခဲ့သည်။

သို့ဖြစ်၍ ဒေသခံပြည်သူများမိုင်းနင်း၍ သေဆုံးထိခိုက်ဒဏ်ရာရမှုများရှိလာသည့်အပြင် ၎င်းတို့တပ်စခန်းအနီးပတ်ဝန်းကျင်ရှိ မြို့/ရွာများတွင် အဓမ္မ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်မှုများကြောင့် ဒေသခံပြည်သူလူထုမှာ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် တပ်မတော်မှ နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ပြီး မိုးညှင်းမြို့အနီးတွင် အင်အားစုဖွဲ့ပြီး ခြေကုပ်စခန်းတည်ဆောက်၍ နှောင့်ယှက်မှုများ ပြုလုပ်နေသည့် ကေအိုင်အေတပ်စခန်းတောင်ကုန်းကို နိုဝင်ဘာ ၁၅ ရက်မှစ၍ တိုက်ခိုက်ရှင်းလင်းခဲ့ရာ ကေအိုင်အေအဖွဲ့က ယင်းတောင်ကျောတစ်လျှောက် အဆင့်ဆင့် ခြေကုပ်ယူခုခံတိုက်ခိုက်ခဲ့သည့်အပြင် ထပ်မံအင်အားဖြည့်တင်းမှုများ ဆောင်ရွက်လာသောကြောင့်

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ✻**




themirror.npt@gmail.com www.facebook.com/themirrordaily